The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 15 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 29, 2019

# စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများမှသည် ခိုင်မာသည့် ဈေးကွက်ဆီသို့

စာမျက်နှာ - ၈



## မြန်မာနိုင်ငံမှ တင်ပို့ခဲ့သည့် ဆန်တန်ချိန် ၁၈၀၀၀ ကို အိုင်ဗရီကို့စ်အာဏာပိုင်များက စားသုံးရန်မသင့်ဆိုကာ ဖျက်ဆီးခဲ့မှုနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်

စာမျက်နှာ - ၆

## ရောဝတီတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခုခွင့်ပြု

စာမျက်နှာ - ၂၂

## မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုနိုင်ရန် Experian ကူညီပံ့ပိုး

စာမျက်နှာ - ၂၆

Pro Plus Furniture Factory (16) Years Eperience in Modern Furniture
PVF Premium Valiant Family Co.,Ltd
FREE 5 YEAR WARRANTY
Our Products Warranty
Valiant Seating
Creative Quality Service
*Office Furniture,
*Home Furniture,
*Restaurant Furniture,
*School Furniture'
*Sofa & Chairs
Service
*FREE Measurement
*FREE Layout Plan
*FREE Consulting
*FREE Quotation
*FREE Delivery & Install



Address - No.3, Than Chet Wun U Myu Road, East Dagon Industrial Zone(2), East Dagon Township, Yangon, Myanmar
Cnntact - +959 764 800 881, +959 764 800 882, +959 955 100 881, +959 955 100 882
Email - info@proplusfurniutre.com
Web Link- www.proplusfurniture.com, www.facebook.com/proplusfurniturefactory
We Are Using Particle Board International Standard (E-01) Grate
bello



အပ်ငွေ ၂ဆ ရရှိနိုင်မယ့်
အခွင့်အရေးနှင့်အတူ အတိုးနှုန်း ၃% (p.a.)
You deserve more.
Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။
ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Doing Business Website Content Management သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဧပြီ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော Doing Business Website Content Management သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် Doing Business Website Content Management သင်တန်းအား World Bank Group (IFC) ၏ အကူအညီဖြင့် Information Matrix က လာရောက်ပို့ချခြင်းဖြစ်ကြောင်း၊ အညွှန်းကိန်းများတွင်ပါဝင်သည့် အစိုးရဌာနများမှ ဆောင်ရွက်လျက်ရှိသော ပြုပြင်ပြောင်းလဲမှုများကို စီးပွားရေးလုပ်ငန်းရှင်များ လွယ်ကူလျင်မြန်စွာ သိရှိနိုင်စေရန်အတွက်လည်း ဝန်ကြီးဌာနများ၏ Website များတွင်သာမက Ease of Doing Business ဆိုင်ရာ လုပ်ငန်းစဉ်များအား သီးသန့်လွယ်ကူစွာ သိရှိနိုင်စေရန်အတွက် သီးသန့် Website ကို တည်ထောင်ထားခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ myanmardoing-business.org Website ကို ထူထောင်နိုင်ရေးအတွက် သင်တန်းသားများခေါ်ယူကာ Website Content Management သင်တန်းပေးရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ Doing Business အဆင့်မြင့်မားလာပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ အဆင့်၊ ရမှတ်များ မြင့်တက်လာရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ဖြည့်စွက်ရှင်းလင်းပြောကြားပြီး Information Matrix မှ တာဝန်ရှိသူတစ်ဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# နိုင်ငံတကာဈေးကွက်များ၌ ခိုင်မာသည့်ဈေးကွက် တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့်ဆန်များ တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နိုင်ငံတကာဈေးကွက်များ၌ ခိုင်မာသည့် ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့်ဆန်များ တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြည်ပသို့ ဆန်တင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၈၃ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၂ သန်း၊ တန်ဖိုး ဒေါ်လာ ၃၈၁ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၇၀ မှ ဆန်တန်ချိန် ၈ ဒသမ ၅ သိန်း၊ တန်ဖိုး ဒေါ်လာ ၂၈၈ သန်းတင်ပို့နိုင်ခဲ့ပါကြောင်း၊ နယ်စပ်မှဆန်တင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၅၅ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၇ သန်း၊ တန်ဖိုး ဒေါ်လာ ၅၉၅ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၀၃ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၀၇ သန်း၊ တန်ဖိုး ဒေါ်လာ ၃၅၉ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ အာဖရိကသည် ဆန်ကို စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း စားသုံးမှုက စိုက်ပျိုးထုတ်လုပ်နိုင်မှုထက် များပြားသဖြင့် အာရှဒေသရှိနိုင်ငံများထံမှ ပြန်လည်ဝယ်ယူ တင်သွင်းရပါကြောင်း၊ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့်နိုင်ငံများတွင် အာဖရိကနိုင်ငံများလည်း အပါအဝင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများသည် အိန္ဒိယ၊ ထိုင်း၊ အမေရိကန်၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အီတလီ၊ တရုတ်၊ ဥရုဂွေး၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာ့ဆန် တင်သွင်းမှုအများဆုံး နိုင်ငံများမှာ တရုတ်၊ ဘီနင်း၊ ဆော်ဒီအာရေးဗီးယား၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ အမေရိကန်ပြည်ထောင်စု၊ အရပ်စော်ဘွားများနိုင်ငံ၊ အင်္ဂလန်၊ တောင်အာဖရိကနှင့် အီရတ်နိုင်ငံတို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့်နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပြီး မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများစွာရှိနေရာ တောင်သူများ၊ ကုန်သည်များနှင့် နိုင်ငံတော်ပါ အကျိုးဖြစ်ထွန်းနိုင်ရေးအတွက် ခိုင်မာသည့် ဈေးကွက်သစ်များရှာဖွေနိုင်ရေး ပိုမိုကြိုးပမ်းလုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိကြောင်း၊ မြန်မာ့ဆန်စပါး ကုန်သွယ်မှုကဏ္ဍသည် လုပ်ငန်းနယ်ပယ် အလွန်ကျယ်ပြန့်သောကြောင့် ရှုပ်ထွေးမှုများ၊ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အကန့်အသတ်များစွာဖြင့် ဆောင်ရွက်နေရပြီး အဆိုပါကိစ္စများအား အဆင်ပြေချောမွေ့စွာကျော်ဖြတ်ဆောင်ရွက်သွားနိုင်ရန် အထူးလိုအပ်ကြောင်း၊ အိုင်ဗရီကို့စ်တွင် ဖျက်ဆီးခံရသည့်ဆန်များကို မြန်မာနိုင်ငံက ကုမ္ပဏီသုံးခုထံမှ ရန်ကုန်အခြေစိုက် စင်ကာပူကုမ္ပဏီဖြစ်သည့် Olam International Co.Ltd က FOB စနစ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အာဖရိကတိုက် Guinea တွင် ရောင်းရန်ဖြစ်ပါကြောင်း၊ ဆန်တင်သည့် သင်္ဘောသည် မြန်မာနိုင်ငံကဆန်တန်ချိန် ၂၂၀၀၀ ကိုတင်ဆောင်၍ ရန်ကုန်ဆိပ်ကမ်းက ၂၀၁၈ ခုနှစ် အောက်တိုဘာတွင် ထွက်ခွာခဲ့ပြီး Guinea ဆိပ်ကမ်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆန်များကို သင်္ဘောချရာ၌ တန်ချိန် ၄၀၀၀ ချယူပြီး ဆန်အလေးချိန်မပြည့်ဆိုသည့် ပြဿနာပေါ်သည်ဟု သိရပါကြောင်း၊ အာဖရိကနိုင်ငံများသို့ လှည့်လည်ရောင်းချရာတွင်လည်း လက်မခံနိုင်သည်ဟု သိရပါကြောင်း၊ ဆန်အိတ်များသည်

စာမျက်နှာ ၂၀ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပဲခူးတိုင်းဒေသကြီး ဆန်နှင့်စပါးဈေးကွက် တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ခုနှစ် မိုးစပါး ၂၇၀၃၂၁၃ ဧက စိုက်ပျိုးခဲ့ရာ ရိတ်သိမ်းပြီး ဧကပေါင်း ၂၅၆၈၆၇၄ ဧက ရိတ်သိမ်းနိုင်ခဲ့ပြီး ခန့်မှန်းအထွက်နှုန်း ၇၂ ဒသမ ၈၃ ဖြင့် စပါးတင်းပေါင်း ၁၈၇၀၇၅၆၄၅ တင်း ထွက်ရှိခဲ့သည်။ နွေစပါးအနေဖြင့်လည်း ဧကပေါင်း ၂၅၉၈၄၉လျာထား စိုက်ပျိုးခဲ့ပြီး ယခုအခါ ပဲခူးခရိုင်တွင် နွေစပါးများ စတင်ထွက်ပေါ်နေပြီဖြစ်ပါသည်။

အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၇၉ တင်းခန့် ထွက်ရှိလျက်ရှိကြောင်း သိရှိရပါသည်။ ဆန်ဈေးနှုန်းအနေဖြင့် ၂၀၀၁၈-၂၀၁၉ မိုးစပါး ၄၆ ပေါင်တင်း ၁၀၀ လျှင် စက်အရောက်ဈေး အမျိုးအစား၊ အရည်အသွေးပေါ်မူတည်၍ကျပ် ၅၄၀၀၀၀ မှ ၅၅၀၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဆန်ဈေးအနေဖြင့် ၁၀၈ ပေါင် တစ်အိတ်လျှင် ဆန်အရည်အသွေးပေါ်မူတည်၍ ကျပ် ၂၁၅၀၀ မှ ၂၃၀၀၀ အထိရှိ၍ မိုးစပါးဆန်ဈေးနှုန်းအနေဖြင့် အထူးတလည် ဈေးအတက်အကျမရှိကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၈-၂၀၁၉ နွေစပါးအနေဖြင့်လည်း ပဲခူးခရိုင်တွင် ထွက်ပေါ်နေပြီဖြစ်ရာ မနောသုခကဲ့သို့ ဆန်လုံးပုစပါးများ အနေဖြင့် စက်အရောက်ခြောက်သွေ့ပြီး ၄၆ ပေါင်တင်း ၁၀၀ လျှင်ကျပ် ၅၁၅၀၀၀ ခန့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အခြားအသွယ်စများ၊ ဗိုက်ဖြူများသော စပါးများအနေဖြင့် စက်အရောက်ဈေး၊ အခြေခံပြီး တင်း ၁၀၀ လျှင် ကျပ်၅၀၀၀၀၀ မှ ၅၀၅၀၀၀ ခန့်လောက်သာ ဈေးဖွင့်ဝယ်ယူလျက်ရှိပြီးနွေဆန် ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၉၅၀၀မှ ၂၀၀၀၀ ခန့်ရှိကြောင်း သိရှိရသည်။

**သရဖီထွန်း(DOCA- ပဲခူး)**

## သနပ်ပင်မြို့နယ် ဧည့်မထစပါး၊ ဆန်၊ ပဲတီစိမ်း၊ မတ်ပဲဈေးနှုန်း ဈေးကွက်အခြေအနေ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်အတွင်း ဧည့်မထစပါးပေါက်ဈေးကတော့ ပေါင် ၅၀ တင်း ၁၀၀ကို ကျပ် ၅၆၀၀၀၀၊ ဆန်ဈေးကတော့ တစ်အိတ်လျှင် ၁၉၅၀၀ကျပ် ပဲတီစိမ်းကတော့ တစ်တင်းလျှင် ကျပ် ၄၀၀၀၀၊ မတ်ပဲကတော့ ကျပ် ၂၄၀၀၀ဈေးရှိဖြင့် ဘုရင့်နောင်ပွဲရုံသို့တင်ပို့နေပြီး ပဲတီစိမ်းကိုတော့ မန္တလေးသို့တင်ပို့နေကြောင်းနှင့် ဘုရင့်နောင်ပွဲရုံသို့ တင်ပို့ခတစ်အိတ်လျှင် ကားခကျပ် ၄၅၀ ပေးရပြီး၊ မန္တလေးသို့ တင်ပို့ခတစ်အိတ်လျှင် ကားခကျပ် ၇၅၀ ပေးရကြောင်း သိရှိရသည်။

**သိန်းဆွေ(DOCA-သနပ်ပင်)**



# ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက် သကြံန်ပြီးကာလ အရောင်းအဝယ်ပုံမှန်ဖြစ် ကောက်ညှင်းဆန်ဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်လျက်ရှိ

ပုသိမ်မြို့နယ်ဆန်၊ စပါးဈေးကွက်တွင် သကြံန်ပြီး ကာလ ဧရာဝတီပေါ်ဆန်း ၅၂ ပေါင်၊ တင်း ၁၀၀ ကို ၁၃ သိန်းဝန်းကျင်၊ ပေါ်ဆန်းရင်စပါး ၅၂ ပေါင်တင်း ၁၀၀ ကို ကျပ် ၁၂ သိန်းခန့်၊ ရွှေသွယ်စပါးပေါင် ၅၀ တင်း ၁၀၀ ကို ကျပ်ရှစ်သိန်းခွဲဝန်းကျင်၊ မိုးမနောသုခ မျိုးပွားပေါင် (၅၀) တင်း ၁၀၀ ကိုကျပ် ၆၃၀၀၀၀ ခန့်၊ နွေသီးထပ်ရင်စပါးပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၅၂၀၀၀၀ ခန့်ဖြင့် ဈေးကွက်တွင် ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။

ယခင်နှစ်က ပေါ်ဆန်းစပါးဈေးကွက်ဈေးနှုန်းမြင့်တက်မှုကြောင့် ယခုနှစ်တွင် ပေါ်ဆန်းစပါး အစိုက်များပြီး ကောက်ညှင်းစိုက်သူနည်းပါး၍ ယခုနှစ်ကောက်ညှင်းဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း ကောက်ညှင်းဈေးကွက်တွင်အသွယ်နှင့်အပွနှစ်မျိုးရှိပြီး ကောက်ညှင်းအသွယ်မှာ ဈေးကွက်တွင် နည်းပါးလျက် ကောက်ညှင်းအပွဈေးမှာ ယခုလက်ရှိဈေးတင်း ၁၀၀ကို ကျပ် ၁၂ သိန်းဝန်းကျင်ဖြင့် ရောင်းဝယ်လျက်ရှိပြီး ယခင်နှစ်က ကောက်ညှင်းဆန်ဈေးမှာ ပေါ်ဆန်းဈေးအောက်တွင်ရှိသော်လည်း ယခုနှစ်ကောက်ညှင်းဆန်ဈေးမှာ ပေါ်ဆန်းဈေးထက် မြင့်တက်လျက်ရှိကြောင်း ဆန်စပါးကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဧပြီလဆန်းမှ ၂၀ရက်အထိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ခြောက်သောင်းကျော်တင်ပို့

မတ်လ ၃၀ရက်မှ ဧပြီ ၁၉ ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ သန်းကျော်တန်ဖိုးရှိဆန်တန်ချိန် ၈၀၀၀ကျော် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ တင်ပို့တဲ့ စခန်းများမှာ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တင်ပို့တာဖြစ်ကြောင်းနဲ့ ဆန်ကွဲ ၂၄ တန်တင်ပို့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ် ၃၁ ရက် မှ ဧပြီ ၁၉ ရက်အထိကာလအတွင်း အမေရိကန် ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ဧည့်မထဆန်နှင့် ပေါင်းဆန် တန်ချိန် ၃၄၀၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရပါသည်။ ရေကြောင်းက တင်ပို့သည့်နိုင်ငံများမှာရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်ဝမ်၊ စင်ကာပူနိုင်ငံ၊ မက်ဒါဂါစကား၊ အိုင်ဗရီကို့စ်နှင့် အီးယူနိုင်ငံများဖြစ်ပြီး အလားတူကာလအတွင်း ရေကြောင်းမှအမေရိကန်ဒေါ်လာ ၄သန်း ကျော်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၁၈၀၀၀ ကျော်တင်ပို့နိုင်ခဲ့သည်။ ဆန်ကွဲကို ကနေဒါနှင့်အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်းသိရသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ဧပြီလဆန်းမှ ၂၀ ရက်အထိ ဆန်တန်ချိန် ၄၂၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန်၁၈၀၀၀ ကျော် တင်ပို့ထားကြောင်းသိရသည်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၆-၄-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၂ | ၃၉၃ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၂ | ၃၈၃ | ▽ | ၃၅၂ | ၃၆၀ | △ | ၄၀၀ | ၃၈၀ | ▽ | ၃၆၀ | ၃၆၄ | △ |
| ဆန်ဖြူ ၁၀% | ၃၉၁ | ၃၈၂ | ▽ | ၃၄၇ | ၃၅၅ | △ | - | - | - | ၃၅၅ | ၃၅၉ | △ |
| ဆန်ဖြူ ၁၅% | ၃၈၇ | ၃၇၉ | ▽ | ၃၄၂ | ၃၅၀ | △ | - | - | - | ၃၅၀ | ၃၅၄ | △ |
| ဆန်ဖြူ ၂၅% | ၃၇၇ | ၃၇၁ | ▽ | ၃၃၃ | ၃၃၅ | △ | ၃၇၀ | ၃၅၅ | ▽ | ၃၂၀ | ၃၂၉ | △ |
| ပေါင်းဆန် | ၄၂၃ | ၄၁၃ | ▽ | - | - | - | ၃၇၀ | ၃၇၃ | ▽ | ၄၀၀ | ၄၀၀ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၂၆-၄-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၃၃၀ | ▽ | ၂၂၀၀၀ | ▽ | ၉၁၅၀ | ▽ | ၄၁၀၀၀ | △ |
| ပုသိမ် | ၅၅၂၀ | □ | ၂၂၀၀၀ | □ | ၇၉၀၀ | □ | ၄၁၀၀၀ | △ |
| ပဲခူး | ၅၄၅၀ | ▽ | ၂၂၅၀၀ | ▽ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | - | - | ၃၂၀၀၀ | □ | ၁၄၅၀၀ | △ | ၄၆၀၀၀ | △ |
| စစ်တွေ | ၅၅၀၀ | □ | ၂၅၀၀၀ | △ | ၉၂၀၀ | □ | ၄၀၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | △ | ၂၈၀၀၀ | △ | - | - | ၄၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၀၅၀၀ | □ | - | - | ၄၉၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၅၂၅၀၀ | △ |
| မော်လမြိုင် | ၆၂၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၉၄၅၀ | △ | ၄၂၀၀၀ | ▽ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၈၀၀ | ▽ | ၂၅၀၀၀ | □ | - | - | ၄၄၀၀၀ | △ |
| ဘားအံ | ၅၁၀၀ | ▽ | ၂၁၀၀၀ | □ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၉-၄-၂၀၁၉ မှ ၂၅-၄-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 21 | 259 |
| 2 | Form D | 6 | 127 |
| 3 | Form E | 30 | 88 |
| 4 | Korea GSP | 3 | 11 |
| 5 | Form AK | 6 | 155 |
| 6 | Form AJ | | 18 |
| 7 | Form AI | 7 | 153 |
| 8 | Form AANZ | | 6 |
| 9 | Form DFTP | | 2 |
| 10 | Form CHINA | | |
| Grand Total | | 73 | 819 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၄-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၂/၄ | ၂၆/၄ | ပြောင်းလဲမှု | ၂၂/၄ | ၂၆/၄ | ပြောင်းလဲမှု | ၂၂/၄ | ၂၆/၄ | ပြောင်းလဲမှု | ၂၂/၄ | ၂၆/၄ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၇၅ | ၁၃၃၃ | ▲ | ၁၃၅၀ | ၁၃၃၃ | ▼ | ၁၃၅၀ | ၁၃၅၀ | ■ | ၁၂၂၅ | ၁၃၀၀ | ▲ |
| ပဲစင်းငုံ | ၁၄၁၀ | ၁၅၀၂ | ▲ | ၁၅၁၇ | ၁၅၈၃ | ▲ | ၁၅၁၀ | ၁၆၀၀ | ▲ | ၁၄၅၀ | ၁၅၇၅ | ▲ |
| ပဲတီစိမ်း | ၁၅၅၀ | ၁၅၈၅ | ▲ | ၂၁၆၉ | ၂၂၇၆ | ▲ | ၂၁၅၇ | ၂၂၃၆ | ▲ | - | - | - |
| ကုလားပဲရိုးရိုး | ၁၇၅၀ | ၁၈၅၀ | ▲ | ၁၂၄၇ | ၁၄၅၀ | ▲ | ၁၄၀၅ | ၁၄၂၆ | ▲ | ၁၅၀၀ | ၁၅၁၀ | ▲ |
| ပဲလွန်းဖြူ | ၉၆၅ | ၁၀၀၅ | ▲ | ၁၁၃၃ | ၁၁၃၃ | ■ | ၁၁၁၆ | ၁၂၆၃ | ▼ | ၁၀၀၀ | ၁၀၀၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၈၂၅ | ▲ | ၁၉၀၂ | ၂၀၄၄ | ▲ | ၁၇၃၆ | ၁၈၆၈ | ▲ | ၁၈၁၅ | ၁၈၁၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၃.၄.၁၉)ထိ | ယခုတစ်ပတ် (၂၀.၄.၁၉)ထိ | (၁.၁.၁၉) မှ (၂၀.၄.၁၉) ထိ |
| မတ်ပဲ | ၉၆၅၀၀ | ၅၇၂ | ၉၇၀၇၂ |
| ပဲတီစိမ်း | ၉၇၈၆၉ | ၁၂၅ | ၉၇၉၉၄ |
| ပဲစင်းငုံ | ၂၈၉၀၄ | ၁၄၄ | ၂၉၀၄၈ |
| ကုလားပဲ | ၃၆၅၆၀ | ၁၃၈ | ၃၆၆၉၈ |
| ပဲလွန်းဖြူ | ၁၉၅၉၇ | ၄၈ | ၁၉၆၄၅ |
| မြေထောက်ပဲ | ၅၇၁၅ | ၇၂ | ၅၇၈၇ |

## မဟာသင်္ကြန်ပွဲတော်အပြီး ဟင်္သာတမတ်ပဲဈေး ဆက်လက်မြင့်တက်၊ အရောင်းအဝယ်ဖြစ်နေ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတကုန်စည်ဒိုင်တွင် သင်္ကြန်မတိုင်မီ ဧပြီလဆန်းပိုင်းက မတ်ပဲတစ်တင်းလျှင် ကျပ် ၂၅၀၀၀ သာရှိခဲ့သော်လည်း မဟာသင်္ကြန် အပြီး ဧပြီ ၁၈ ရက်တွင် တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဈေးဖြင့် စတင်ဈေးဖွင့်ခဲ့သည်။ ဧပြီ ၂၄ ရက်တွင်ကျပ် ၂၆၅၀၀ ဈေးဖြင့် ဈေးဆက်လက်ခိုင်မာလျက်ရှိသည်။

ပဲတီစိမ်း(ဝါးခယ်မ)ဈေးမှာလည်း တစ်တင်းလျှင် ကျပ် ၂၇၀၀၀ ဈေးပေါက်လျက်ရှိသည်။ ပဲဈေးနှုန်းများမှာ တောင်သူကြိုက်ဈေးဖြစ်သဖြင့် ဟင်္သာတပွဲရုံများသို့ တင်ပို့ရောင်းချမှု များလာပြီး နေ့စဉ် မတ်ပဲ အိတ် ၂၅၀၀မှ အိတ် ၃၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးများပြန်မြင့်လာ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်သို့ မင်းတုန်း၊ ငါးသိုင်းချောင်းနှင့်တောင်ကုတ်ဘက်မှ မြေပဲဆန်အိတ်တစ်နေ့လျှင် အိတ် ၅၀၀ ခန့်ဝင်ရောက်မှုရှိနေကြောင်း သိရသည်။

ရန်ကုန်နှင့်မကွေးဘက်မှ ဆီဆန်ကိုဝယ်ယူမှုရှိပြီး ရန်ကုန်၊ မန္တလေးဘက်မှလည်း လုံးဆန်ကိုဝယ်ယူမှုရှိသည်ကိုတွေ့ရသည်။

မြေပဲဆန်ဈေးများမှာ ဆီဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၇၅၀ နှင့်(အနီ)တစ်ပိဿာလျှင် ကျပ် ၂၈၅၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မြေပဲလုံးဆန်ဈေးမှာ (အနီ) တစ်ပိဿာလျှင် ကျပ် ၃၂၀၀ နှင့် (အဖြူ)တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့်ဈေးမြင့်လာကြောင်း သိရသည်။

**ဝေဝေမင်း(ပြည်)**

## ပြည်ဈေးကွက်တွင် နှမ်းနီနှင့် နှမ်းနက်ဈေးငြိမ်ပြီး စမုံနက်နှမ်းဈေးမြင့်တက်

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် ယခုတစ်ပတ် နှမ်းနီနှင့်နှမ်းနက်ဈေးမှာ ယခင်တစ်ပတ်ကအတိုင်းဈေးငြိမ်နေပြီး စမုံနက်နှမ်းတစ်မျိုးသာ ဈေးပြန်မြင့်လာကြောင်း သိရသည်။ ပြည်ဈေးကွက်သို့ နှမ်းဝင်ရောက်မှုနည်းနေပြီး စမုံနက်နှမ်းတစ်မျိုးသာ ဝယ်လက်များသည့်အတွက် ဈေးမြင့်လာသည်ကို တွေ့ရသည်။

ယခုတစ်ပတ်၏ နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၈၀၀၀ နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၆၀၀၀ ဖြင့် ဈေးငြိမ်နေပြီး စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပိုတက်လာကြောင်း သိရသည်။

**ဝေဝေမင်း(ပြည်)**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉ ရက်နေ့အထိ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၂၆၃၀ တန်ဖိုးရှိ ငရုတ်သီးခြောက် ၆၀၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၃၂၅၀ တန်ဖိုးရှိ သန့်ရှင်းရေးသုံးဆပ်ပြာရည် ၂၆၀၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၂၂၀၀တန်ဖိုးရှိ ဘာဒီကော်ဖီမစ် အရေအတွက် ၁၁၀၀ ကီလိုဂရမ် ၊ အမေရိကန်ဒေါ်လာ ၁၁၈ တန်ဖိုးရှိ ပဲနို့ဗူး ၂၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၇၄၄၀ တန်ဖိုးရှိ ဟင်းချိုမှုန့်၆၂၀၀ ကီလိုဂရမ် တို့ဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏတန်ဖိုး ၂၅၆၃၈ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရသည်။


ဧပြီလ (၁) ရက်နေ့မှ (၂၄) ရက်နေ့အထိ ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၁၇၅၀ အိတ် တန်ချိန်အားဖြင့် ၈၈ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှလွိုင်ကော်သို့ ဆန်တင်သွင်းမှုမှာ ၁၆၂၀ အိတ်၊ မန္တလေးမြို့မှ ၄၀၀၀အိတ်၊ ရွှေဘိုမြို့ မှ ၇၀၀ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၆၃၂၀ အိတ် တန်ချိန်အားဖြင့် ၃၁၇ ဒသမ ၃၃ တန် တင်သွင်းခဲ့သည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့် အခြားမြို့ကြီးများသို့စုစုပေါင်းပြောင်း ၂၆၈၅၇အိတ် တန်ချိန်အားဖြင့် ၁၃၁၅ ဒသမ ၆၃ တန်နှင့် အာလူးတင်ပို့မှုအနေဖြင့် ၁၂၂၀ အိတ် တန်ချိန်အားဖြင့် ၆၀ တန်တင်သွင်းခဲ့ပါကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ သိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိဈေးနှုန်းများမှာ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၃၅၀၊ ငရုတ်တ်သီးခြောက် အရှည် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ၊ ငရုတ်သီးခြောက်အပု တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ ၊ အာလူး တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ၊စပါးဈေးနှုန်းများမှာ ဧည့်မထ (မိုး) စပါးတင်း(၁၀၀) လျှင် ကျပ် ၉၄၅၀၀၀ ဈေးပေါက်ကြောင်း ၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ်၆၇၀၀၀၊ဧည့်မထဆန် တစ်အိတ်လျှင် ကျပ်၄၂၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင်ကျပ် ၂၇၀၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ်စားသုံးသူ ကုန်ဈေးနှုန်း သတင်းများအရ သိရသည်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် သင်္ကြန်အပြီး ပဲမျိုးစုံဈေးကောင်းရနေ



ယခုတစ်ပတ်ပခုက္ကူစည်ဒိုင်တွင် ပဲစင်းငုံနီဈေးနှုန်းများ တရိပ်ရိပ်တက်လျက်ရှိသည်။

ယခုတစ်ပတ်၏ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီအသစ်မှာ တစ်တင်းလျှင် ကျပ် ၃၀၃၀၀ မှ ၃၁၅၀၀၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၆၆၀၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင် ကျပ် ၂၇၀၀၀ မှ ၂၈၀၀၀၊ ကုလားပဲသုံးမျိုးမှာလည်း သင်္ကြန်အပြီး ဈေးကောင်းရနေကြောင်း သိရသည်။

ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၇၃၀၀ မှ ၂၇၉၀၀၊ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၂၆၀၀၀ မှ ၂၆၇၀၀၊ ကုလားပဲဖြူ V6တစ်တင်းလျှင် ကျပ် ၂၆၀၀၀ မှ ၂၆၈၀၀၊ ကုလားပဲဝါလုံးကြီး ၉၂၉ တစ်တင်းလျှင် ကျပ် ၂၇၀၀၀ တို့ဖြင့် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်နေသည်။ စွန်တာနီ(ကျွန်း) တစ်တင်းလျှင် ကျပ် ၁၈၂၀၀၊ ထောပတ်ပဲဖြူ(ကျွန်း)တစ်တင်းလျှင်ကျပ်၃၃၀၀၀၊ ထောပတ်ပဲဖြူ (ယော) တစ်တင်းလျှင် ကျပ် ၃၆၅၀၀ မှ ၃၇၀၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၁၈၁၀၀၊ ထီးလင်းစားတော်ပဲ တစ်တင်းလျှင် ကျပ် ၂၈၀၀၀ မှ ၂၈၇၀၀၊ ပြောင်းဖူးစေ့(CP)တစ်တင်းလျှင် ကျပ် ၇၆၀၀၊ အညာဒေသမှ ထွက်ရှိသော မန်ကျည်းတောင့်စေ့ပါ တစ်ပိဿာလျှင် ကျပ် ၈၇၀ ဖြင့် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**လှိုင်ဦးမှာဦး(ပခုက္ကူ)**

## ပြည်ပဲဈေးကွက်တွင် ပဲစင်းငုံသီးနှံ ယခုနှစ်ဈေးကောင်းရ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံသီးနှံသည်လည်း ပဲအဝင်မရှိဘဲ ပဲလက်ကျန်များရှိသည့်အတွက် ရန်ကုန်ဝယ်လက်ဝယ်လိုအားရှိမှုအပေါ် လိုသလောက် ရောင်းချနိုင်ခဲ့သည်ကို တွေ့ရသည်။

အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၂၀၀ မှ ၃၀၀ ကျော်ရောင်းချမှုရှိပြီး ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၇၀၀၀ နှင့် ကျပ် ၃၀၀၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်ပဲသီးနှံထက် ဈေးပိုမြဲပိုလျက်ရှိကာ ယခင်နှစ်က ပဲဈေးထက်တစ်တင်း ကျပ်နှစ်သောင်းနီးပါးထိ မြင့်တက်လာခဲ့ကြောင်း သိရပါသည်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲသီးနှံ ပဲဈေးကွက်အတွင်း အရောင်းအဝယ်သွက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်မှာ သင်္ကြန်ပြီးကာလ ကုလားပဲသီးနှံသည် အရောင်းအဝယ်သွက်ခဲ့ပြီး ပဲအဝင်လည်းရှိသကဲ့သို့ လက်ကျန်ပဲများလည်းရှိနေခဲ့သည်။ ပန်းတောင်း၊ ကံမ၊ မင်းတုန်း၊ ပေါက်ခေါင်းနှင့်ရန်ကုန်၊ ပြည်ရထားလမ်းတစ်လျှောက်မြို့နယ်များမှ ဝင်ရောက်ခဲ့ကြပြီး ဝယ်လက်အနေဖြင့် လှောင်သမားရော၊ ခွဲစက်သမားများပါ အဝယ်ရှိခဲ့ကြသည်။ ပဲဈေးမှာ တစ်တင်းကျပ် ၃၀၀၀၀ ဖြင့် တစ်ရက်အိတ် ၄၀၀ ကျော် ၅၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း**

## ပြည်မတ်ပဲသီးနှံ ပုံမှန်ရောင်းဝယ်မှုရှိနေပြီး ဈေးပိုရ

ပြည်ပဲဈေးကွက်အတွင်း သင်္ကြန်ပြီးကာလတွင် ပဲဈေးအချို့ဈေးမြင့်တက်လာခဲ့ပြီး မတ်ပဲသီးနှံမှာ ပဲဝင်ရောက်မှုအနည်းငယ်သာရှိခဲ့သော်လည်း လှောင်ပဲသမားများရှိကြသည့်အတွက် ရန်ကုန်ဝယ်လက် ပုံမှန်ဝယ်ယူမှုအပေါ် နေ့စဉ်အိတ် ၂၀၀ မှ ၃၀၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပဲဈေးမှာ တစ်တင်းကျပ် ၂၆၀၀၀ဖြင့် ဈေးပိုရလာသည်ကိုတွေ့ရပြီး အချို့တောင်သူများကတော့ ဈေးကောင်းဆက်မျှော်နေကာ လက်ဝယ်သိုလှောင်ထားရှိမှုများရှိသည်ကိုလည်း တွေ့ရသည်။

**ခင်ဆွေဝင်း**

## မြန်မာနိုင်ငံမှ တင်ပို့ခဲ့သည့် ဆန်တန်ချိန် ၁၇၀၀၀ကို အိုင်ဗရီကို့စ် အာဏာပိုင်များက စားသုံးရန်မသင့်ဆိုကာ ဖျက်ဆီးခဲ့မှုနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်

မြန်မာနိုင်ငံမှတင်ပို့ခဲ့သော ဆန်တန်ချိန် ၁၈၀၀၀ ကို အိုင်ဗရီကို့စ်အာဏာပိုင်များက စားသုံးရန်မသင့်ဟု ကြေညာ၍ ဖျက်ဆီးခဲ့သည်ဟု ပြည်ပသတင်းဌာနများတွင် မကြာသေးမီက ဖော်ပြခဲ့မှုနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဧပြီ ၂၄ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးခဲ့ရာ ယင်းဆန်များမှာ Olam International Co.,Ltd က အာဖရိကတိုက်ရှိ ဂီနီ (Guinea) သို့ဆန်တင်ပို့ရန် မြန်မာကုမ္ပဏီသုံးခုဖြစ်သော ရွှေဝါရောင်ကုမ္ပဏီမှ တန် ၁၃၅၀၀၊ Myanmar Economic Corporation Co.,Ltd မှ တန် ၈၀၀၀ နှင့် ဧရာဟသ်ာကုမ္ပဏီမှ တန် ၅၀၀ စသည်ဖြင့် ဆိပ်ကမ်းအရောက်ဈေးနှုန်း (FOB) ဖြင့် ဝယ်ယူခဲ့သည့်ဆန်များဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ၎င်းဆန်များအား တင်ဆောင်မည့် MV Ocean Princess သင်္ဘောသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ဆန်တန်ချိန် ၂၂၀၀၀ ခန့်ကို အရည်အသွေးစစ်ဆေးသည့် Bureau Veritas ကုမ္ပဏီ၏ စစ်ဆေးအတည်ပြုချက်ဖြင့် တင်ဆောင်၍ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ထွက်ခွာသွားခဲ့ကြောင်း၊ ထို့ပြင် အိန္ဒိယနိုင်ငံဆိပ်ကမ်း၌ ဆန်တန်ချိန် ၁၄၀၀၀ အား ထပ်မံတင်ဆောင်ခဲ့ပြီး ဂီနီနိုင်ငံရှိ Conakry ဆိပ်ကမ်းသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်၌ ဆိုက်ရောက်ခဲ့ကြောင်း၊ ဂီနီနိုင်ငံရှိ Conakry ဆိပ်ကမ်းတွင် ၎င်းသင်္ဘောမှ ဆန်တန်ချိန် ၄၀၀၀ ခန့်ချအပြီး ဆန်အိတ်အချို့တွင် အလေးချိန်မပြည့်သည့် အကြောင်းပြချက်ဖြင့် ဆက်လက်လက်မခံခဲ့သဖြင့် တိုဂိုနိုင်ငံ (Togo) တွင် ရောင်းချရန် သွားရောက်ခဲ့ရာ ယင်းနိုင်ငံမှလည်း ထပ်မံ၍ ငြင်းပယ်ခံခဲ့ရကြောင်း၊ ၎င်းမှဆက်လက်ထွက်ခွာခဲ့ရာ အိုင်ဗရီကို့စ်နိုင်ငံ၊ အဘီဂျန် (Abidjan) ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဆန်များအား မြန်မာနိုင်ငံသို့ ပြန်လည်တင်ဆောင်နိုင်ရန် Olam International Co.,Ltd ကိုယ်စားလှယ်များက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် လာရောက်တွေ့ဆုံတင်ပြခဲ့မှုအရ စုစုပေါင်း ဆန်တန်ချိန် ၁၈၁၀၄ ဒသမ ၅၅ တန်အား ပြန်လည်သယ်ယူနိုင်ရန် Repair& Return စနစ်ဖြင့် သွင်းကုန်ပါမစ် သုံးစောင်ထုတ်ပေးခဲ့ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၎င်းဆန်များ ပြန်လည်ရောက်ရှိလာပါက မည်သည့်အတွက်ကြောင့် ပြန်လည်တင်ပို့ခံခဲ့ရခြင်းဖြစ်သည်ကို စစ်ဆေးရေးအဖွဲ့ဖွဲ့၍ စိစစ်ရန်စီစဉ်ခဲ့ကြောင်း၊ သို့သော် ၎င်းသင်္ဘောမှာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ခြင်းမရှိဘဲ မြန်မာ့ဆန်များ စားသုံးရန်မသင့်၍ အိုင်ဗရီကို့စ်၌ ဖျက်ဆီးခဲ့ကြောင်း ပြည်ပသတင်းဌာနများက ဖော်ပြခဲ့ရာ မြန်မာ့ဆန်များ၏နာမည်ကောင်းကို ထိခိုက်စေခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဆန်များရောင်းချခဲ့သည့် ပြည်တွင်းကုမ္ပဏီများနှင့်သင်္ဘောတင်မှုတွင် အရည်အသွေးစစ်ဆေးသည့်ကုမ္ပဏီများမှ ကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးခဲ့ရာ ယင်းဆန်များကို စာချုပ်ပါအရည်အသွေးအလေး ချိန်များအတိုင်း ဆန်တင်ပို့မှုတွင် နှစ်ပေါင်းများစွာအတွေ့အကြုံရှိသည့်ကုမ္ပဏီများမှ ရောင်းချခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာအရည်အသွေးစစ်ဆေးသည့်ကုမ္ပဏီများကလည်း ယင်းဖြစ်ရပ်မျိုး ယခင်က ဖြစ်ပွားခဲ့ခြင်းမျိုးမရှိခဲ့ကြောင်းနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာ၍ သင်္ဘောတင်ပေးခဲ့ခြင်းဖြစ်ကြောင်း တင်ပြခဲ့ကြသည်။

မြန်မာ့ဆန်များ၏အရည်အသွေးကို တာဝန်ခံနိုင်ကြောင်းနှင့် FOB စနစ်ဖြင့်ဝယ်ယူခဲ့သည့်ကုမ္ပဏီအနေဖြင့် သင်္ဘောတင်စဉ်မှ ကုန်ပစ္စည်းချသည့်အချိန်အထိ ခုနစ်လကျော်ကြာမြင့်ခဲ့ခြင်းနှင့်သင်္ဘောတင်ချိန်နှင့်သင်္ဘောပေါ် တွင် ရေငွေ့ဝင်ခြင်းများကြောင့်သာ ဆန်အရည်အသွေးထိခိုက်မှုဖြစ်နိုင်ကြောင်း ဆန်များရောင်းချခဲ့သည့်ကုမ္ပဏီများ၏တင်ပြချက်အရ သိရှိခဲ့ရသည်။ ဆန်ရောင်းချခဲ့သည့် မြန်မာကုမ္ပဏီသုံးခုသည် FOB (ရန်ကုန်)စနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ရာ FOB စနစ်အရ **"ကုန်ရောင်းသူသည် ရောင်းချမည့်ကုန်ပစ္စည်းကို တင်ပို့ရမည့် သင်္ဘောပေါ် သို့ရောက်ရှိသည်အထိ တင်ပို့ပေးရန် တာဝန်ရှိပြီး ဝယ်သူသည် ကုန်ပစ္စည်းသင်္ဘောပေါ် သို့ ရောက်ရှိပြီးသည်နှင့်တစ်ပြိုင်နက် ကုန်ပစ္စည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုနှင့်ကုန်ကျစရိတ်အားလုံးကို တာဝန်ယူရမည်"**ဖြစ်သဖြင့် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် ငွေကြေးအရ နစ်နာမှုမရှိကြောင်းနှင့် ဆန်များဖျက်ဆီးခံရခြင်းအပေါ် တာဝန်မရှိကြောင်း တွေ့ရှိရသည်။

ယင်းဖြစ်စဉ်ဖြစ်ပေါ်ခဲ့သော်လည်း မြန်မာ့ဆန်များတင်ပို့သည့်ဈေးကွက်ကို ထိခိုက်မှုမရှိဘဲ ၂၀၁၉ ခုနှစ် ဧပြီ ၁ရက်မှ ၁၉ ရက်အထိ ပို့ကုန်လိုင်စင်ခွင့်ပြုထားသည့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၂၇၉၉၅ တန်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၁၉၀ တန်၊ ဆန်ကွဲ ၁၁၅၀ တန်၊ ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် ၁၅၂၇၁ တန်၊ ဆန်ကွဲ၁၉၀၁၀တန်တို့ကို ပုံမှန်အတိုင်း ဆက်လက်တင်ပို့လျက်ရှိသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး တာဝန်ရှိသူများပါဝင်သော စုံစမ်းရေးအဖွဲ့ ဖွဲ့စည်း၍ ဆန်တင်ပို့သည့်ကုမ္ပဏီများ၊ အရည်အသွေးစစ်ဆေးသည့် Bureau Veritas ကုမ္ပဏီနှင့် ဆန်ဝယ်ယူသည့် Olam International Co.,Ltd တို့ကို အသေးစိတ်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၅.၄.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT AU VIRGO | P.Oil(In Bulk) ၄၃၀၀ တန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - UNI ANGEL | TEU 533 တင်TEU 615ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | -ISEACO GENESIS | TEU 649 တင်TEU 509ချဆဲ |
| အေရှားဝေါလ်(၁) | -KOTA HARTA | TEU 763 တင်TEU 870ချဆဲ |
| ဆူးလေဆိပ်ကမ်း(၂) | - TAN BITH-245 | Urea (In Bulk) ၁၅၀၀၀ ချဆဲ |
| MIPL | - MIHO | Urea (In Bulk) ၁၀၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း (၁) | - BOX ENDEAVOUR | TEU 483 တင်TEU 392ချဆဲ |
| သီလဝါဆိပ်ကမ်း (၂) | - KUO TAI | TEU 128 တင်TEU 50 ချဆဲ |
| သီလဝါဆိပ်ကမ်း (၃) | - MAERSK WESTPORT | TEU 376 တင်TEU 400 ချဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - AN CHANG | STEEL PRODUCT 24000 ချဆဲ |
| MMTM JETTY | - MT OCEAN GOBY | Mogas 92 RON ၁၂၀၅၆ ချဆဲ |
| သီလဝါဆိပ်ကမ်း (၃) | - THU TAN CHANG -88<br>BG TAN CHANG -03 | Concrete X Block ၂၃၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၄) | - LUCKY CATHERING | Construction Project Cargo<br>၆၇၉ ချရန်ရှိ အလုပ်မလုပ် |
| သီလဝါဆိပ်ကမ်း (၅) | - ANCHANG | Steel Product ၂၄၀၀ တန်ချဆဲ |
| WILMAR JETTY | - ELENA-K | Clinker Cement ၂၄၆၀၃ တန်ချဆဲ |
| MMTM JETTY | - MT OCEAN GOBY | Mogas 92 RON ၁၂၀၅၆ ချဆဲ |
| LTTE JETTY | - MT.OCEAN SEAL | Mogas 92 RON ၁၁၀၁၃ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TRUONG MINH DRRAGON | UREA (IN BULK) | MALAYSIA | ၂၆.၄.၂၀၁၉ |
| BMC ALPHA | RICE | PHILIPPINE | ၂၆.၄.၂၀၁၉ |
| RAINBOW SYMPHONY | AMMONIUM NITRATE | INDONESIA | ၂၆.၄.၂၀၁၉ |
| TELKLI | STEEL & FERTILIZER | CHINA | ၂၈.၄.၂၀၁၉ |
| PACIFIC ACTIVITY | Diesel | SINGAPORE | ၃၀.၄.၂၀၁၉ |
| MS.INSIGNIA | NOS CRUISE VESSEL | THAILAND | ၃၀.၄.၂၀၁၉ |
| NEW JIURNEY | WHEAT | USA | ၅.၅.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၅.၄.၂၀၁၉ |
| KUO HSIUNG | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၄.၂၀၁၉ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၆.၄.၂၀၁၉ |
| ALS SUMIRE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၅.၄.၂၀၁၉ |
| IAL-001 | SINGAPORE | အေးရှားဝေါလ်အလုံဆိပ်ကမ်း | ၂၆.၄.၂၀၁၉ |
| TORRES STRAIT | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၆.၄.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၄.၂၀၁၉ |
| YATANA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၆.၄.၂၀၁၉ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်/ထီးတန်းဆိပ်ကမ်း | ၁.၅.၂၀၁၉ |
| MITRA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၅.၂၀၁၉ |
| PACAO | SINGAPORE | စက်မှုဆိပ်ကမ်း | ၂.၅.၂၀၁၉ |
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂.၅.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN CODE | DIESEL OIL | SINGAPORE | ၂၅.၄.၂၀၁၉ |
| MT. YUMAI | DIESEL OIL | SINGAPORE | ၂၅.၄.၂၀၁၉ |
| MT. POLE STAR | P.OIL (IN BULK) | INDONESIA | ၂၆.၄.၂၀၁၉ |

## ပင်းတယ Golden Ground Organic (ရွှေမြေကြီးအော်ဂဲနစ်) သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ ဈေးကွက်ရရှိရေး ဆွေးနွေး

ပင်းတယ Golden Ground Organic (ရွှေမြေကြီးအော်ဂဲနစ်)သီးနှံများ ဈေးကွက်ရရှိရေး တွေ့ဆုံဆွေးနွေးပွဲကိုဧပြီလ၁၁ ရက်ကရင်းအသင်းရုံးအစည်းအဝေးခန်းမမှာကျင်းပပြုလုပ်သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး၊ စားသုံးသူရေးရာဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများ၊ ပင်းတယGolden Ground Organic (ရွှေမြေကြီး အော်ဂဲနစ်) သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ပင်းတယ၊ ရွာငံ၊ ကလောမြို့နယ်များမှ အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေကြသော ကျေးရွာအလိုက် တောင်သူကိုယ်စားလှယ် များစုစုပေါင်းအင်အား ၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရခြင်းသည်Organic သီးနှံများကို စားသုံးခြင်းဖြင့် စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရန်၊ သီးနှံများ ပြည်တွင်း/ပြည်ပတွင် ဈေးကွက်ဈေးနှုန်းများရရှိလာစေရန်၊ Organic သီးနှံစိုက်တောင်သူများ၏ဝင်ငွေတိုးတက်လာပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်လာစေရန်တို့ဖြစ်သည်။ ရွှေမြေကြီးသီးနှံများစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (Golden Ground Organic အော်ဂဲနစ်)မှ ထုတ်လုပ်သောစိုက်ပျိုးရေးထွက်ကုန်များကို ရန်ကုန်မြို့တွင် ခြောက်နေရာ၊ မန္တလေးမြို့တွင် နှစ်နေရာ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ Organic သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအဖွဲ့မှ ရရှိနိုင်သော စိုက်ပျိုးရေးထွက်ကုန်များကို သတင်း မီဒီယာများမှ ထုတ်ပြန်ပေးလျက်ရှိရာ အမှာစာများ ကြိုတင်ရောက်ရှိနေကြပြီး ဝယ်ယူနေကြသည်။

၎င်းအသင်းအဖွဲ့တွင် Organic လက်မှတ်ရရှိပြီးသူ ၂၃ ဦးရှိထားပြီး Organic လက်မှတ်လျှောက်ထားသူ ၄၈ ဦးရှိသည်။ Organic သီးနှံစိုက်ပျိုးမှုကို လက်ရှိပင်းတယမြို့နယ်တွင် ၁၀ ရွာ၊ ရွာငံဒေသတွင် သုံးရွာ ဆောင်ရွက်လျက်ရှိပြီး Organic သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေဖြင့် ယုံကြည်မှုရရှိရန် Private to Private တည်ဆောက်လျက်ရှိသည်။ ယခုလောလောဆယ်တွင် Organic သီးနှံများပြည်တွင်း ဈေးကွက်များသို့ သွားရောက်လျက်ရှိပြီး တန်နဲ့ချီထုတ်လုပ်လာနိုင်ပြီဆိုပါက ပြည်ပဈေးကွက်ချိတ်ဆက်ပေး သွားမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ပြောကြားသည်။

အသင်းအဖွဲ့အနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ကမ္ဘာ့ဟင်းသီးဟင်းရွက်အိုးကြီးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး Golden Ground Organic အဖွဲ့အနေဖြင့် သီးနှံစိုက်ပျိုးမှုကို ဒေသတွင်း တောင်သူများအား စည်းရုံးကာ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**စောမောင် (တောင်ကြီး)**

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက် အဝင်အထွက်မျှတလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ကြက်သွန်နီဈေးကွက်သို့ ယခုတစ်ပတ်တွင် မကွေးတိုင်း(အောင်လံ၊ တောင်တွင်း၊ ရေနံချောင်း)နှင့် ပြည်ဒေသတစ်ဝိုက် (မှော်ဇာ၊ ကုန်းရိုး) စတဲ့ ရွာများမှကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၆၀၀ မှ ၉၀၀ထိ နေ့စဉ်ဝင်ရောက်မှုရှိပြီး အဝင်များနေကြောင်း သိရသည်။

အဝင်လည်းများသကဲ့သို့ အရောင်းအဝယ်မှာလည်း သကြၤန်အခါမတိုင်မီနှင့် သကြၤန်တွင်းကာလများတွင် မြန်မာ့ရိုးရာအလှူအတန်းများ ပြုလုပ်ကြသဖြင့် ဝင်သလောက်နီးပါး အရောင်းအဝယ်ဖြစ်နေကြသည်။ အရောင်းအဝယ်မှာ ပုံမှန်ဒေသတွင်း ဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဧရာဝတီ/ရခိုင်တို့သို့ နယ်ကျော်တင်ပို့မှုများအပါအဝင် တစ်ရက်ကို အိတ် ၆၀၀ မှ ၈၀၀ ထိ နေ့စဉ်အရောင်းအဝယ်ဖြစ်နေသည်။ ဈေးနှုန်းများအနေနှင့် ပွဲရုံလက်ကားဈေး တစ်ပိဿာ (ကြီး/လတ်/သေး) ကျပ် (၅၅၀/၅၀၀/၄၅၀) နှုန်းတို့ရှိပြီး လက်လီဈေးအသေးများတွင် ကြီး/လတ်တစ်ပိဿာကို ကျပ် ၇၀၀/၆၀၀၊ အသေး/သေးဆုံး တစ်ပိဿာကို ကျပ် ၅၀၀/၄၅၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြောင်း သိရသည်။

**ဝင်းလဲ့ဝါ(ပြည်)**

# ပြည်ကြက်သွန်ဖြူဈေး သကြၤန်အပြီး ဆက်လက်မြင့်တက်နေ

ပြည်ကြက်သွန်ဈေးကွက်တွင် ကြက်သွန်ဖြူဈေးများ သကြၤန်မတိုင်မီကပင် မြင့်တက်မှုများရှိနေသလို သကြၤန်အပြီးတွင်လည်း ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။ ယခုတစ်ပတ်တွင် ကြက်သွန်ဖြူဈေး(ပွဲရုံဈေး)တစ်ပိဿာလျှင် (ရှမ်းစ)ကျပ် ၁၅၀၀၊ ၁၇၀၀နှင့် (ကြူကုတ်စ) ကျပ် ၂၆၀၀၊ ၂၇၀၀ တို့ဖြင့်ရောင်းဝယ်နေသည်။

လက်လီဈေးများမှာတော့ (ရှမ်းစ) ကျပ် ၂၀၀၀၊ ၂၂၀၀ နှင့်(ကြူကုတ်စ) ကျပ် ၃၀၀၀၊ ကျပ် ၃၂၀၀ တို့ဖြင့် ရောင်းချလျက်ရှိပြီး တစ်ပတ်အတွင်း ကြက်သွန်ဖြူအိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ **နီနီဝင်း**

# ပခုက္ကူခရိုင်တွင် ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်နေ




ပခုက္ကူခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးရာဒေသများဖြစ်ကြသော ပေါက်၊ ရေပြာ၊ ကမ္မ၊ဆိပ်ဖြူ၊ ရေစကြို၊ ပခုက္ကူကျွန်းများမှ ဆောင်းစိုက်(ပင်စိုက်)ကြက်သွန်နီများ ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ကြက်သွန်နီကုန်ဝယ်ဒိုင်သို့ နေ့စဉ်ကုန်ချိန် ၁၀၀၀၀၀ မှ ၂၀၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ သကြၤန်အပြီးကာလတွင် ကြက်သွန်ဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၄၅၀ ဝန်းကျင်သာရှိခဲ့ပြီး ဈေးနှုန်းအတက်/အကျ ကွာခြားမှုမရှိဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ်၏ ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၄၅၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၃၅၀၊ အနိမ့်တစ်ပိဿာလျှင် ကျပ် ၁၅၀ မှ ၂၀၀ ဖြင့် နေ့စဉ်ကုန်ချိန် ၁၀၀၀၀၀ မှ ၂၄၀၀၀၀ထိ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်ထိပ်စ တစ်ပိဿာလျှင် ကျပ် ၄၅၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၃၈၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၃၂၀ ဖြင့်ကုန်ချိန် ၂၅၀၀၀ မှ ၃၀၀၀၀ ထိ နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်များမှသိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ချင်း

# ဧပြီလ သီတင်းသုံးပတ်အတွင်း ချင်းတန်ချိန် ၁၀၀၀ကျော်တင်ပို့

ဧပြီလ ၁ ရက်မှ ၂၀ ရက်အထိ သီတင်းသုံးပတ်အတွင်း ချင်း ၁၀၂၉ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းလမ်းမှတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ယီမင်နဲ့ ဂျာမနီနိုင်ငံတို့ ဖြစ်ပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၈ ဧပြီလ ၁ ရက်မှ ၂၀ ရက်သီတင်းပတ်မှာတော့ ချင်းတန်ချိန် ၂၅၆၀ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီနှစ်မှာ တန်ချိန် ၁၅၃၀ ကျော်တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၂၁၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ဟိုပုံးဈေးကွက်တွင် ချင်းအရောင်းအဝယ်ကောင်း

ဟိုပုံးဈေးကွက်မှာ ယခုတစ်ပတ်၌ ချင်းကပုံမှန်အဝင်ရှိနေပြီး စိုက်ဧကလည်း မလျော့သကဲ့သို့ အထွက်နှုန်းကလည်း ပုံမှန်အတိုင်းရှိနေကာ ဟိုပုံးချင်းသည် အရောင်းအဝယ်ဖြစ်နေသည်။ ချင်း(စို)များ အရောင်းအဝယ်ကောင်းနေသလို ချင်း(ခြောက်)လည်း အဝယ်ရှိနေကြောင်း သိရသည်။

ချင်း(စို)မှာ ဈေးကောင်းရနေခြင်းကြောင့် ပစ္စည်းလက်ကျန်မရှိအောင်ပင် အရောင်းသွက်နေသည်။ အသစ်ဖြစ်သည့် ချင်း(ဥမ)များသည်လည်း ဇူလိုင်လတွင် ဈေးကွက်သို့ ဝင်လာနိုင်ကြောင်း သိရသည်။

ဟိုပုံးဈေးကွက်၌ ချင်း(စို)တစ်ပိဿာကျပ် ၁၂၀၀ ဈေးရှိပြီး ချင်း(ခြောက်)ကတော့ ကျပ် ၁၇၀၀-၁၈၀၀ ဈေးရှိကာ အောင်ပန်းဈေးကွက်၌ ချင်း(စို)တစ်ပိဿာကို ကျပ် ၁၃၀၀ နှင့် ချင်း(ခြောက်)ကျပ် ၁၅၀၀ ဈေးရှိသည်။

**ဇေခိုင်(တောင်ကြီး)**

## နနွင်း

# ယခုတစ်ပတ် နနွင်းတန်ချိန် ၃၀ကျော်တင်ပို့

ဧပြီလ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း နနွင်း ၃၃ ဒသမ ၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ယီမင်နိုင်ငံဖြစ်ပါတယ်။ ဧပြီလ ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်းမှာတော့ နနွင်း ၂၁၅ ဒသမ ၇၇ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန်၁၈၀ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၅၆၄ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# အညာမန်ကျည်းမှည့်လှိုင်လှိုင်ပေါ်ချိန် ကုန်အဝင်များပြီးဈေးကျ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများ၌မန် ကျည်းမှည့်လှိုင်လှိုင်ပေါ် နေပြီးကုန် အဝင်များသောကြောင့် ဈေးနှုန်းကျဆင်းနေကြောင်း မန်ကျည်းမှည့်ဈေးကွက်မှသိရသည်။

“ဒီနှစ်မန်ကျည်းမှည့်အထွက် ကောင်းတယ်ဗျ။ နှစ်စဉ်ပိဿာ ၇၀ ကျော်ထွက်ရာက ဒီနှစ်မှာပိဿာ ၉၀ ကျော်ထွက်တယ်။ ဈေးကတော့ သိပ်မကောင်းဘူး။ မန်ကျည်းမှည့်တစ်ပိဿာကျပ် ၁၄၀၀ ရောင်းရပါတယ်။ ယခုနှစ်မတ်လဆန်းကတော့ မန်ကျည်းမှည့် တစ်ပိဿာကျပ် ၂၀၀၀အထိ ရောင်းရတယ်”ဟု ရေနံချောင်းမြို့နယ် ဂျိုင်းကျေးရွာအုပ်စုမှ မန်ကျည်းပင်ပိုင်ရှင်ဦးငြိမ်းမြင့်က ပြောသည်။

ရေနံချောင်းဈေးကွက်ကို နတ်မောက်မြို့နယ်နှင့်ချောက်မြို့နယ်အပြင် ရေနံချောင်းမြို့နယ်မှ မန်ကျည်းမှည့်များဝင်ရောက်လျက်ရှိကာ တစ် ပြိုင်တည်းအသစ်ပေါ်ပြီး ကုန်ချိန်အဝင်များသောကြောင့် ယခင်မတ်လဆန်းမှာ မန်ကျည်းမှည့်တစ်ပိဿာကျပ် ၂၀၀၀ ဝန်းကျင်ဝယ်ပြီး ယခုတစ်ပတ်မှာကျပ် ၁၄၀၀ ဈေးဝယ်ကြောင်း ရေနံချောင်း မန်ကျည်းမှည့်ဈေးကွက်မှသိရသည်။

ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် မန်ကျည်းကိုမီးဖိုချောင်သုံးအဖြစ်လည်းကောင်း၊ ပရဆေးကုန်ကြမ်းနှင့်ယိုစုံ၊ ဖျော်ရည်လုပ်ငန်းများက ကုန်ကြမ်းအဖြစ်အသုံးပြုကြောင်း သိရသည်။ **ရွှေဇင်(ရေနံချောင်း )**

# ယခုတစ်ပတ် မန်ကျည်းတန်ချိန် ၁၀၀တင်ပို့

ဧပြီလ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၁၀၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံသို့ ၂၅ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၂၅ တန်နဲ့ မလေးရှားနိုင်ငံသို့ တန်ချိန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း၁၆၁၈ တန်ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၁၅၀၀ ကျော် တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆၄၂၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

## ပြောင်း

# ရေနံချောင်း၌ ပြောင်းဖူးစေ့အဝယ် အနည်းငယ်ပြန်သွက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ စိုက်ပျိုးထွက်ရှိသော ပြောင်းဖူးစေ့များအနည်းငယ်အဝယ်သွက်လာကာ တိရစ္ဆာန်အစားအစာနှင့်မျိုးပဲအဖြစ် ဝယ်ယူနေကြောင်း ဈေးကွက်မှသိရသည်။

“ပြောင်းဖူးစေ့ကိုမိုးရာသီနှင့် ဆောင်းရာသီတွင်သီးညှပ်နှင့်သီးသန့်အဖြစ်စိုက်ပျိုးကြတယ်။ ယခုလို နွေရာသီတွင် ထိုင်ဝမ်ပြောင်းများသာ ဖူးစားပြောင်းအဖြစ် စိုက်ကြတာပါ။ လက်ရှိပြောင်းဖူးစေ့ဈေးရိုးရိုးစီပီ ပြောင်းတစ်တင်းကျပ် ၁၄၀၀၀ ကနေ ကျပ် ၁၆၀၀၀ ဈေးရှိပြီး အမျိုးအစား အလိုက် ဈေးအနိမ့်အမြင့်ရှိတယ်။ ယခင် မတ်လလယ်တွင် စီပီပြောင်း တစ်တင်းကျပ် ၁၄၅၀၀ဈေးရှိတယ်”ဟု ပင်းဝကျေးရွာအုပ်စုမှ တောင်သူတစ်ဦးက ပြောသည်။

“ထိုင်ဝမ်ပြောင်းကတော့ ကျောင်း ဖွင့်ချိန်နီးလာတဲ့အတွက် ရာသီစာဖူးစားပြောင်းအဖြစ် ရောင်းကြဖို့ ယခုစိုက်နေကြတယ်။ ဒီတော့စိုက်သူများက ပျိုးစေ့အဖြစ် ဝယ်တယ်။ ယခင် ဖေဖော်ဝါရီလလယ်မှာ ထိုင်ဝမ်ပြောင်းမျိုးအဖြစ် ဝယ်တယ်”ဟု မာန်မြေကျေးရွာအုပ်စု တောင်သူဦးတင်ဝင်းက ပြောသည်။

ဈေးကွက်တွင်ပြောင်းဖူးစေ့ကို ကြက်မွေးမြူရေးလုပ်ငန်းများက အစားအစာကုန်ကြမ်းနှင့်မျိုးပဲအဖြစ် ဝယ်ယူကြောင်း အနည်းငယ်အဝယ်သွက်လာကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း )**







# စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများမှသည် ခိုင်မာသည့် ဈေးကွက်ဆီသို့

| စိန်သံ |

အာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် အိုင်ဗရီကို့စ်နိုင်ငံက မြန်မာနိုင်ငံမှ တင်ပို့သည့် ဆန်တန်ချိန် ၁၈၀၀၀ ကို စားသုံးရန်မသင့်ဟုဆိုကာ ဖျက်ဆီးလိုက်ကြောင်း Ghana Web သတင်းဌာနနှင့် Africa News သတင်းဌာနတို့က ဧပြီ ၁၇ ရက်တွင် ရေးသားဖော်ပြလာကြသည်။ အဆိုပါသတင်းမှာ မြန်မာ့ဆန်ဈေးကွက်ကို ထိခိုက်စေသည်သာမကဘဲ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကိုလည်း များစွာ ကျဆင်းစေခဲ့သည်။

Ghana Web သတင်းဌာန၏ အဆိုအရ မြန်မာနိုင်ငံမှ တင်ပို့လာသည့်ဆန်ကို အိုင်ဗရီကို့စ်နိုင်ငံသာမကဘဲ တခြား အာဖရိကနိုင်ငံများဖြစ်သည့် တိုဂိုနှင့် ဂါနာနိုင်ငံများကလည်း မြန်မာ့ဆန်ကို လက်ခံခြင်းမရှိဘဲ ငြင်းဆန်ခဲ့ကြောင်း သိရသည်။ အိုင်ဗရီကို့စ်နိုင်ငံက မြန်မာ့ဆန်အရည်အသွေးကို လက်ခံနိုင်ခြင်းမရှိဘဲ ဖျက်ဆီးခဲ့မှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများမှာလည်း အလုပ်ရှုပ်ခဲ့ရသည်။

မြန်မာ့ဆန်၏ အရည်အသွေးမှာ ယခင်ကတည်းကပင် ကောင်းမွန်မှုရှိခြင်းကြောင့် ကမ္ဘာ့ဈေးကွက်တွင် နေရာတစ်နေရာ ရရှိလာခြင်းဖြစ်ပြီး ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံး နိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်နေခြင်းဖြစ်သည်။ ထိုကဲ့သို့ မူလအရည်အသွေးကောင်းမွန်မှုရှိသည့် မြန်မာ့ဆန်မှာ ဝယ်ယူသူ ကုန်သည်ပွဲစားများ၏ သယ်ယူပို့ဆောင်မှုတွင် စနစ်မကျခြင်း၊ မူလအရည်အသွေးကို ထိန်းသိမ်းနိုင်မှု မရှိခြင်းတို့ကြောင့် ဂုဏ်သိက္ခာကျဆင်းရမည့်အရေးနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

အိုင်ဗရီကို့စ်နိုင်ငံတွင် ဖျက်ဆီးခံရသော မြန်မာ့ဆန်များသည် ဆိပ်ကမ်းတွင်သင်္ဘောတင်သည့် အချိန်ကတည်းက မိုးမိခဲ့သည့်အပြင် လမ်းခရီးတွင်လည်း အချိန်ကြာမြင့်ခဲ့သည်။ မြန်မာနိုင်ငံတွင် လက်ရှိရောင်းနေသည့် ဆန်အရည်အသွေးသည် ပြဿနာမရှိကြောင်း၊ အရည်အသွေးကောင်းမွန်ကြောင်း၊ အဆိုပါသင်္ဘောတစ်စင်းသည်သာ အခန့်မသင့်၍ ယခုကဲ့သို့ ဖြစ်ပွားရခြင်းဖြစ်ပြီး သင်္ဘောပေါ်တွင်အချိန်ကြာမြင့်၍ ဆန်အရည်အသွေး ထိခိုက်ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး မြန်မာတာဝန်ရှိသူများသည် ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံတကာဈေးကွက်များ၌ ခိုင်မာသည့် ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များ တင်ပို့နိုင်ရေး ညှိနှိုင်း အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြည်ပသို့ ဆန်တင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၈၃ ခုက ဆန်တန်ချိန် ၁ ဒသမ ၂ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈၁ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၇၀ မှ ဆန်တန်ချိန် ၈ ဒသမ ၅ သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ နယ်စပ်မှ ဆန်တင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၅၅ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၇ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉၅ သန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၀၃ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၀၇ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၉ သန်း တင်ပို့နိုင်ခဲ့ကြောင်း မြန်မာ့ဆန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့မှုနှင့်ပတ်သက်ပြီး ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးက အာဖရိကသည် ဆန်ကိုစိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း စားသုံးမှုသည် စိုက်ပျိုးထုတ်လုပ်နိုင်မှုထက်များပြားသဖြင့် အာရှဒေသရှိနိုင်ငံများထံမှ ပြန်လည်ဝယ်ယူ တင်သွင်းရကြောင်း၊ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့်နိုင်ငံများတွင် အာဖရိကနိုင်ငံများလည်း အပါအဝင်ဖြစ်ကြောင်း၊ ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများသည် အိန္ဒိယ၊ ထိုင်း၊ အမေရိကန်၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အီတလီ၊ တရုတ်၊ ဥရုဂွေး၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာ့ဆန်တင်သွင်းမှုအများဆုံး နိုင်ငံများမှာ တရုတ်၊ ဘီနင်၊ ဆော်ဒီအာရေးဗီးယား၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ အမေရိကန်၊ ယူအေအီး၊ အင်္ဂလန်၊ တောင်အာဖရိကနှင့် အီရတ်နိုင်ငံတို့ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့်နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပြီး မြန်မာ့လယ်ယာ ကဏ္ဍတွင်လည်း စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများစွာရှိနေရာ တောင်သူများ၊ ကုန်သည်များနှင့် နိုင်ငံတော်ပါအကျိုး ဖြစ်ထွန်းနိုင်ရေးအတွက် ခိုင်မာသည့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရေး ပိုမို ကြိုးပမ်းလုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိကြောင်း ထပ်မံ ပြောကြားခဲ့သည်။

မြန်မာ့ဆန်စပါး ကုန်သွယ်မှုကဏ္ဍသည် လုပ်ငန်းနယ်ပယ်အလွန်ကျယ်ပြန့်သောကြောင့် ရှုပ်ထွေးမှုများ၊ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အကန့်အသတ်များစွာဖြင့် ဆောင်ရွက်နေရပြီး အဆိုပါကိစ္စများအား အဆင်ပြေချောမွေ့စွာ ကျော်ဖြတ်ဆောင်ရွက်သွားနိုင်ရန် အထူးလိုအပ်ကြောင်း၊ အိုင်ဗရီကို့စ်တွင် ဖျက်ဆီးခံရသည့် ဆန်များကို မြန်မာနိုင်ငံကကုမ္ပဏီ သုံးခုထံမှ ရန်ကုန်အခြေစိုက် စင်ကာပူကုမ္ပဏီဖြစ်သည့် Olam International Co.Ltd က FOB စနစ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အာဖရိကတိုက် Guinea တွင် ရောင်းရန်ဖြစ်ကြောင်း၊ ဆန်တင်သည့် သင်္ဘောသည် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၂၂၀၀၀ ကို တင်ဆောင်၍ ရန်ကုန်ဆိပ်ကမ်းမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ထွက်ခွာခဲ့ပြီး Guinea ဆိပ်ကမ်းသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဆန်များကို သင်္ဘောချရာ၌ တန်ချိန် ၄၀၀၀ ချပြီးနောက် ဆန်အလေးချိန်မပြည့်ဆိုသည့် ပြဿနာပေါ်သည်ဟု သိရကြောင်း၊ အာဖရိကနိုင်ငံများသို့ လှည့်လည် ရောင်းချရာတွင်လည်း လက်မခံနိုင်သည်ဟု သိရကြောင်း၊ ဆန်အိတ်များသည် ကီလို ၅၀ ရှိရမည်ဖြစ်၍ ၄၅ ကီလိုသာရှိသည့်အတွက် လက်မခံဘဲ ငြင်းပယ်ခဲ့ခြင်းဖြစ်သည်ဟု သိရကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဝယ်ယူတင်ပို့သည့် ကုမ္ပဏီ၊ ဆန်အရည်အသွေးနှင့် အလေးချိန်စစ်ဆေးသည့် Inspection Agency၊ ဝယ်ယူသူ Buyer များ၏ အားနည်းချက်ကြောင့် ဖြစ်သည်ကို ဆန်းစစ်ရန်လိုအပ်ကြောင်း၊ ထို့ပြင် ယခုကဲ့သို့ ဖြစ်စဉ် နောက်ထပ်မဖြစ်စေရန် စနစ်တကျ စီစဉ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတကာ ဆန်စပါး ဈေးကွက်ကြီးများသည်လည်း ဈေးကွက်ရရှိရေးကို အပြိုင်အဆိုင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာဈေးကွက်အတွင်း ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် ခိုင်မာသည့် ဈေးကွက် တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များတင်ပို့နိုင်ရေးကို သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အရည်အသွေး စစ်ဆေးရေးအဖွဲ့အစည်းများမှ ပိုမိုတွန်းအားပေး ပူးပေါင်း ဆောင်ရွက်ပေးကြပါရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က တိုက်တွန်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံး ၁၀ နိုင်ငံထဲတွင် တစ်နိုင်ငံ အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ နှစ်စဉ် ဆန်တင်ပို့ ရောင်းချမှုများရှိနေရာ တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့နိုင်ခဲ့ပြီး ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့သည်မှာ အာဖရိကနိုင်ငံများသို့ပင် ဖြစ်သည်။ ယခင်က ဆန်တင်ပို့မှုများတွင် မည်သည့်ပြဿနာမျှ ကြီးကြီးမားမား ဖြစ်ပေါ်ခဲ့ခြင်း မရှိသော်လည်း အိုင်ဗရီကို့စ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ယခုပြဿနာမှာ မြန်မာ့ဆန် ပုံရိပ်ကို များစွာ ထိခိုက်စေခဲ့ရသည်။

ယခုကဲ့သို့ မြန်မာ့ဆန်နှင့်ပတ်သက်၍ ဂုဏ်သိက္ခာများစွာ ကျဆင်းခဲ့ရမှုအပေါ် အာဖရိကနိုင်ငံများသို့ မြန်မာ့ဆန် တင်ပို့ခဲ့သည့် စင်ကာပူအခြေစိုက် Olam International ကုမ္ပဏီကိုလည်း မြန်မာတာဝန်ရှိသူများအနေဖြင့် အမြန်ဆုံး ခေါ်ယူတွေ့ဆုံပြီး ဖြေရှင်းချက်တောင်းကာ အဖြစ်မှန်ကို ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ပေးရန် လိုအပ်သည်။ အိုင်ဗရီကို့စ်တွင် မြန်မာ့ဆန် ဖျက်ဆီးခဲ့မှုနှင့်ပတ်သက်၍ မည်သည့်အတွက်ကြောင့် ဖျက်ဆီးရသည်ကို ခိုင်လုံသည့် အထောက်အထားစာရွက်များ တောင်းရန်လိုအပ်မည်ဟု ထင်ပါသည်။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ပြောသွားသကဲ့သို့ မြန်မာ့ဆန်များပြည်ပနိုင်ငံများသို့ တင်ပို့မှုနှင့် ပတ်သက်၍ အလုံးစုံ မူဝါဒကို ပြန်လည်ဆန်းစစ်ရန် လိုအပ်နေသည်။

**စာမျက်နှာ ၂၀ သို့**



# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတွေ တိုးတက်စေဖို့ နားလည်မှုစာချွန်လွှာ ရေးထိုး

မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံဘက်သို့ ဆန်၊ သကြား၊ ပဲအမျိုးမျိုး၊ နှမ်းနှင့် အခြား လယ်ယာထွက်ကုန်ပစ္စည်းများနှင့် တရုတ်နိုင်ငံဘက်မှ ဓာတ်မြေဩဇာ၊ သံမဏိအမျိုးမျိုး၊ စိုက်ပျိုးရေးစက်ယန္တရား၊ လျှပ်စစ်ဝါယာကြိုး၊ မော်တော်ယာဉ်တပ်ဆင်ပစ္စည်း၊ လူသုံးအိမ် သုံးကုန်ပစ္စည်းနှင့် လုပ်ငန်းသုံး ကုန်ပစ္စည်း စသည့် ကုန်ပစ္စည်းများအား Barter System ဖြင့် အပြန်အလှန် တင်ပို့/တင်သွင်းနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ ပြည်သူ့အစိုးရတို့အကြား ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) အား ဧပြီ ၂၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

ဒီလို မြန်မာလယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရတို့အကြား G to G လက်မှတ်ရေးထိုးနိုင်ခြင်းကြောင့် ပိုမိုကောင်းမွန်ထိရောက်တဲ့ ကုန်သွယ်မှုကို ဆောင်ရွက်နိုင်ရေးအတွက် ပဏာမခြေလှမ်းလည်းဖြစ်ပါတယ်။

အဆိုပါ နားလည်မှုစာချွန်လွှာ (MOU) အား လက်မှတ်ရေးထိုးပြီးနောက်မှာတော့ တင်ပို့/ တင်သွင်းခြင်းလုပ်ငန်းစဉ်များ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် တရုတ်နိုင်ငံဘက်မှ ကူမင်း ရွှေချိုက် ကုန်သွယ်ရေးကုမ္ပဏီလီမိတက်နှင့် မြန်မာနိုင်ငံဘက်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အောက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာလုပ်ငန်း ကော်မတီတို့အကြား ရောင်းဝယ်ရေးဆိုင်ရာ သဘောတူစာချုပ်များချုပ်ဆို ဆောင်ရွက်သွားနိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ မေလအတွင်းမှာ ဆက်လက်ညှိနှိုင်းသွားမှာဖြစ်ပြီး မေလအတွင်းမှာ ဆန်တန်ချိန် ၃၀၀၀ ခန့်အား ပထမအကြိမ် စမ်းသပ်တင်ပို့သွားမယ်လို့ သတင်းရရှိပါတယ်။

**နှစ်နိုင်ငံ**

## Energy NYMEX 26-4-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 64.39 | -0.32 | -0.49 |
| Brent Crude Futr (USD/bbl) | 74.19 | -0.16 | -0.22 |
| Gasoline Rbob Fut (Cent/gal) | 212.77 | -0.44 | -0.21 |
| Natural Gas Futr (USD/MMBtu) | 2.50 | -0.01 | -0.44 |
| Heating Oil Futr (Cent/gal) | 209.26 | -0.55 | -0.26 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 22-April | 15.03 | 2885.04 | 1849.38 | 6418.93 | 905.00 |
| 23-April | 14.96 | 2866.52 | 1862.38 | 6407.25 | 895.00 |
| 24-April | 14.78 | 2843.38 | 1855.77 | 6399.31 | 885.00 |
| 25-April | 14.88 | 2851.98 | 1852.68 | 6450.23 | 883.00 |
| 26-April | 14.97 | 2881.51 | 1841.66 | 6396.88 | 889.00 |

## ပြည်တွင်းငွေလဲနှုန်း မြင့်တက်လာခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဧပြီလပထမပတ်အတွင်းဈေးနှုန်းကျဆင်းခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းပြန်လည်မြင့်တက်လာခဲ့ကြောင်း စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ဧပြီလဆန်းပိုင်းက အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၀၆ကျပ် သတ်မှတ်ခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ၁၅၂၁ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အမေရိကန်ဒေါ်လာကို ဝယ်လိုအားများနေသော်လည်း ရောင်းလိုအားနည်းနေကြောင်း၊ ပြည်တွင်းဈေးကွက်အတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခဲ့ရာမှ အမေရိကန်ဒေါ်လာဈေးနှုန်းမှာလည်း ဝယ်လိုအားများလာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုရက်ပိုင်းအတွင်းတွင်လည်း ဈေးနှုန်းမှာ အတက်ပိုင်းတွင်သာရှိနေမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာဈေးကွက်တွင်လည်း အမေရိကန် တရုတ်ကုန်သွယ်ရေးပဋိပက္ခဖြေရှင်းနိုင်မှုနှင့်အတူ ဒေါ်လာဈေးမှာ ပြန်လည်မြင့်တက်ခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဧပြီ၂၂ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၂၁ကျပ်၊ ဝယ်ဈေး ၁၅၁၇ကျပ်မှ ဧပြီ ၂၄ရက်မှ စတင်ကာ အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၉ကျပ်၊ ဝယ်ဈေး ၁၅၁၅သို့ ကျဆင်းခဲ့ပြီး ဧပြီ ၂၆ရက်တွင်တော့ အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၅ကျပ်၊ ဝယ်ဈေး ၁၅၁၀ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## သင်္ကြန်ကာလအပြီး ပြည်တွင်းရွှေဈေးကျဆင်း

သင်္ကြန်ကာလအပြီး ပြည်တွင်းရွှေဈေးကျဆင်းခဲ့ကာ ဧပြီလဆန်းပိုင်းက ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၄၂၀၀၀ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ်၁၀၃၈၀၀၀သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလအပြီးမှာ ရွှေဈေးကပြန်ကျသွားတယ်။ လူတိုင်းလည်း ခုချိန်မှာ ငွေကိုပြန်ကိုင်ဖို့လုပ်လာတော့ ရွှေစုဖို့အလားအလာမရှိသေးဘူး။ မိုးဦးကာလနီးလာတာလည်း ပါပါတယ်။နောက်ပြီး ပြည်တွင်းဈေးကွက်မှာ စက်သုံးဆီဈေးနှုန်းပြန်တက်လာတာမျိုးရှိတော့ ရွှေဘက်ကိုသိပ်အာရုံမရှိကြတော့ဘူး။ နိုင်ငံတကာရွှေဈေးကတော့ လဆန်းပိုင်းကထက်စာရင် အနည်းငယ်ကျတယ်။ ရေနံဈေးနှုန်းမြင့်တက်လာတာမျိုးရှိတော့ နိုင်ငံတကာရွှေဈေးပြန်ထိန်းသွားတဲ့သဘောပါပဲ"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဧပြီ ၂၂ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၄၄၀၀၀ရှိခဲ့ရာမှ ဧပြီ၂၄ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၃၇၀၀၀သို့ ကျဆင်းခဲ့ရာမှ ဧပြီ ၂၆ရက်တွင် ကျပ်၁၀၃၈၀၀၀သို့ ပြန်လည်မြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဧပြီ၂၂ ရက်က ရွှေတစ်အောင်စ လျှင် အမေရိကန်ဒေါ်လာ ၁၂၇၉ ရှိခဲ့ရာမှ ဧပြီ ၂၄ရက်တွင်တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၂သို့ ဈေးကျဆင်းခဲ့သော်လည်း ဧပြီ၂၆ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၈၁သို့ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## YSXရှိ အစုရှယ်ယာဈေးနှုန်း မြင့်တက်ခဲ့

ရန်ကုန် စတော့အိတ်ချိန်း ဈေးကွက်ရှိ အစုရှယ်ယာဈေးနှုန်းများမှာ ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်း အနည်းငယ် မြင့်တက်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း (YSX)က ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ယခုရက်သတ္တပတ်အတွင်း ဧပြီ ၂၂ရက်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော အစုရှယ်ယာအရေအတွက်မှာ ၄၂၆၆စုဖြစ်ပြီး ဧပြီ ၂၃ရက်တွင် ၁၂၀၉၈စု၊ ဧပြီ ၂၄ရက်တွင် ၅၃၅၈စုနှင့် ဧပြီ ၂၅ရက် တွင် ၅၃၄၅စု နှင့် ဧပြီ ၂၆ ရက်တွင် ၂၄၆၂စု အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်စတော့အိတ်ချိန်း၏ ယခုရက်သတ္တပတ်ဈေးကွက်ပိတ်ချိန်တွင် FMI အစုရှယ်ယာတစ်စုလျှင် ကျပ် ၈၈၀၀၊ MTSHအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၉၀၀ ၊MCBအစုရှယ်ယာတစ်စုလျှင် ကျပ် ၇၁၀၀၊ FPBအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၁၀၀၀နှင့်TMH အစုရှယ် ယာတစ်စုလျှင် ကျပ် ၂၈၀၀ ဖြင့် ဈေးပိတ်ခဲ့ရာဧပြီ ၁၉ရက်ဈေးကွက်ပိတ်ချိန်နှင့်နှိုင်းယှဉ်ပါက FMI အစုရှယ်ယာ၊ MCB အစုရှယ်ယာနှင့်TMH အစုရှယ်ယာတို့မှာ ကျပ် ၁၀၀ဈေးတက်ခဲ့ပြီး FPBအစုရှယ်ယာမှာ ကျပ် ၁၀၀၀ဈေး တက်ခဲ့ကြောင်း၊ MTSH အစုရှယ်ယာမှာ ကျပ် ၅၀ကျဆင်းခဲ့ကြောင်းသိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Group တို့မှ ပူးပေါင်းတည်ထောင်ခဲ့ပြီး ယခုနှစ် မတ်လအတွင်း အစုရှယ်ယာရောင်းဝယ်မှု သုံးနှစ်ပြည့်မြောက်ခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

April 26, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.42 |
| BDT Bangladesh Taka | 84.29 |
| CAD Canada Dollars | 1.35 |
| CNY China Yuan Renminbi | 6.74 |
| EUR Euro | 0.89 |
| H KD Hong Kong Dollars | 7.84 |
| I NR India Rupees | 70.13 |
| I DR Indonesia Rupiahs | 14196.44 |
| JPY Japan Yen | 111.72 |
| MYR Malaysia | 4.15 |
| PKR Pakistan Rupees | 141.62 |
| PHP Philippines Pesos | 52.18 |
| RUB Russia Rubles | 64.70 |
| SGD Singapore Dollars | 1.36 |
| KRW South Korea Won | 1160.79 |
| LKR Sri Lanka Rupe | 175.32 |
| THB Thailand Baht | 32.02 |
| GBP United Kingdom Pounds | 0.77 |
| VND VietnamDon | 23284.75 |

*Source:xe.com*

## World Gold Price

April- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 22 | 1282 | 1281 | 1281 |
| 23 | 1276 | 1276 | 1276 |
| 24 | 1293 | 1272 | 1272 |
| 25 | 1280 | 1278 | 1278 |
| 26 | 1285 | 1283 | 1283 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 22-4- 2019 | 1039.50 | 1040.50 |
| 23-4- 2019 | 1042.00 | 1041.00 |
| 24-4- 2019 | 1035.00 | 1035.00 |
| 25-4- 2019 | 1039.00 | 1039.00 |
| 26-4- 2019 | 1037.50 | 1037.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဧပြီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 22 | 6.71 | 31.87 | 84.31 | 69.67 |
| 23 | 6.71 | 31.92 | 84.34 | 69.75 |
| 24 | 6.72 | 32.02 | 84.53 | 69.94 |
| 25 | 6.74 | 32.08 | 84.75 | 70.15 |
| 26 | 6.74 | 32.02 | 84.29 | 70.13 |

## ဘိလပ်မြေ

# ဧပြီလ တတိယပတ်အတွင်း ဘိလပ်မြေအဝင်နား

ဧပြီလ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း ဘိလပ်မြေ အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ယခင်သီတင်းပတ်ဖြစ်တဲ့ ဧပြီလ ၇ ရက်မှ ၁၃ရက် သီတင်းပတ်အတွင်းမှာတော့ အမေရိကန်ဒေါ်လာ ၆၀၄၈၀ တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၄၂၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံထုတ် ဘိလပ်မြေများသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဧပြီလ ၁၃ ရက်မှ ၁၉ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၂၅၆ တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၇၉၃၈ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၆၈၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။



# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** သင်္ကြန်နောက်ပိုင်း ဈေးကွက်ပြန်စလာတဲ့အချိန်မှစပြီးအရောင်းအဝယ်သွက်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ကြံ့နှစ်ကောင်(အပြာ)က ကျပ် ၃၅၀၊ ဆင်မြန်မာက ကျပ် ၈၀၀ ဈေးမြင့်ခဲ့ပြီး ကြံ့နှစ်ကောင်(အနီ)က ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ကြံ့နှစ်ကောင်(အပြာ)ကျပ် ၆၂၅၀၊ဆင်မြန်မာ ကျပ် ၆၃၅၀၊ ကြံ့နှစ်ကောင်(နီ)(စိမ်း) ကျပ် ၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** သင်္ကြန်နောက်ပိုင်း အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အေသုံးလုံးနဲ့ကြံ့နှစ်ကောင်က ကျပ် ၈၀၀ ဈေးကျပြီး ခရောင်းက ကျပ် ၁၀၀ ဈေးမြင့်ခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၅၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်က ပုံမှန်ရှိတယ်လို့သိရပါတယ်။ သင်္ကြန်နောက်ပိုင်းထဲက ဈေးငြိမ်နေတာ ဒီတစ်ပတ်လည်း ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာဆင်မြန်မာ ကျပ်၅၀၅၀၊ ကြံ့ကျပ် ၅၀၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စိန်(ထိုင်း)က ကျပ် ၁၀၀၊ အပါချီက ကျပ် ၂၀၀၊ ကမ္ဘောဇက ကျပ် ၁၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၈၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇ ကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# ဧပြီ တတိယသီတင်းပတ်အတွင်း မြေဩဇာတန်ချိန် ၃၀၀၀ကျော်ဝင်

ဧပြီလ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၇၀၇၈၄၀ တန်ဖိုးရှိမြေဩဇာ ၃၁၀၁ ဒသမ ၅၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ တရုတ်နိုင်ငံမှ ၁၀၆၀ တန်၊ ဂျာမနီနိုင်ငံမှ ၅၀၄ တန်နဲ့ အီရန်နိုင်ငံမှ ၁၅၃၇ ဒသမ ၅၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ နိုက်ထရိုဂျင်နဲ့ ယူရီးယား ၄၆% တို့ဖြစ်ပါတယ်။ဧပြီလ ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၄၅၀၃၆ တန်ဖိုးရှိ မြေဩဇာ ၉၀၅၁ ဒသမ ၉၈၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၅၉၅၀ တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

# မြေဩဇာဈေးကွက် အရောင်းအေး

ဧပြီလ ၁၃ ရက်မှ ၁၉ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၈၇၉ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၁၃၁၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၉၄၃၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့ မန္တလေးမှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** သင်္ကြန်နောက်ပိုင်း ဈေးကွက်အတွင်း အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ မြေဩဇာဈေးတွေကတော့ ဧပြီလ လဆန်းလောက်ကတည်းက ဈေးငြိမ်နေတာ အခုထိပဲလို့ စိုက်ပျိုးရေးအရောင်းဆိုင်က ဝန်ထမ်းတစ်ဦးက ပြောပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အကြီး (ထိုင်း)မြင်းပျံ ကျပ်၃၁၅၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း(အစိမ်း)(၁၅း၁၅း၁၅) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း(ရွှေကောမတ်)(ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (၁၆း ၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက် (မြန်မာဩဘာ) ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား(ရွှေတောင်-တရုတ်)နဲ့မြားကမ္ဘာက ကျပ် ၃၀၀ဈေးမြင့်ပြီး တီစူပါ (၁၀း၁၀း၅)က ကျပ် ၂၀၀ ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၇၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြားကမ္ဘာကျပ်၁၇၅၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ဆိုင်ကလုန်းကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** သင်္ကြန်နောက်ပိုင်း အရောင်းအဝယ် ပုံမှန်ဖြစ်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ရွှေတောင်) ကကျပ် ၁၅၀၀၊ ယူရီးယား (ပန်းဖူး)က ကျပ် ၁၇၀၀၊ မြားသီးစုံက ကျပ် ၇၀၀၊ ပန်းသီးစုံက ကျပ် ၁၀၀၀ နဲ့ ပိုတက်က ကျပ် ၃၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၈၃၀၀၊ ယူရီးယား (ပန်းဖူး- တရုတ်) ကျပ် ၂၈၅၀၀၊သံကွင်း (၄၆%-တရုတ်) ကျပ် ၂၂၆၀၀၊ မြားသီးစုံ ကျပ် ၁၆၇၀၀၊ ပန်းသီးစုံ ကျပ် ၁၇၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၅၀၀၊ ပိုတက်ကျပ် ၂၈၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီတန်ချိန် ၁၀၀ကျော်သာဝင်

ဧပြီလ ၁၄ ရက်မှ ၂၀ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၅၂၃၂၈ တန်ဖိုးရှိ နို့ဆီ၁၄၀ ဒသမ ၀၇၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူ နိုင်ငံမှ ၆၅ ဒသမ ၆၆၄ တန်နဲ့ မလေးရှားနိုင်ငံမှ ၇၄ ဒသမ ၄၁၂ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ယခင်သီတင်းပတ်ဖြစ်တဲ့ ဧပြီလ ၇ ရက်မှ ၁၃ ရက်အတွင်းနို့ဆီ ၅၁၅ ဒသမ ၁၂၄ တန်ကို တင်သွင်းခဲ့ပါတယ်။ အဲဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန်နဲ့ မလေးရှားနိုင်ငံမှ ၂၉၆ ဒသမ ၂၄၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် တင်သွင်းမှုနဲ့ ယခင်တစ်ပတ်တင်သွင်းမှုနှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်ကဒီတစ်ပတ်မှာတင်သွင်းမှုမရှိဘဲ ယခင်သီတင်းပတ်မှာတော့ ၁၂၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၄ မှ ၁၉/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၄ မှ ၁၂/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၀.၀၀ | ၆၃၀.၀၀ | (-) | ၅၇၀.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | - | ၂၀၀၀.၀၀ | (-) | ၂၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၃၅၀.၀၀ | (-) | ၃၅၀.၀၀ |
| ၈။ | မြိတ် | ၂၂၅၀.၀၀ | ၅၅၂၅.၀၀ | (-) | ၃၂၇၅.၀၀ |
| | စုစုပေါင်း | ၂၂၅၆.၀၀ | ၇၉၃၈.၀၀ | (-) | ၅၆၈၂.၀၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၄ မှ ၁၉/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၄ မှ ၁၂/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၁၅.၂၅ | ၈၆၃၁.၀၀ | (-) | ၇၉၁၅.၇၅ |
| ၂။ | လွယ်ဂျယ် | ၂၆၁.၀၀ | ၃၃၀.၀၀ | (-) | ၆၉.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၂၁၈၉.၄၀ | (-) | ၂၁၈၉.၄၀ |
| ၄။ | ကန်ပိုက်တီ | ၈၄၀.၀၀ | - | (+) | ၈၄၀.၀၀ |
| ၅။ | မြဝတီ | ၆၃.၀၀ | ၁၆၆.၀၀ | (-) | ၁၀၃.၀၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၈၇၉.၂၅ | ၁၁၃၁၆.၄၀ | (-) | ၉၄၃၇.၁၅ |

ခင်မိုးသူ

# အိမ်သုံးလျှပ်စစ်ပစ္စည်း သုံးစွဲမှုအန္တရာယ် ကင်းဝေးရလေအောင်(၂)

အိမ်သုံးလျှပ်စစ်ပစ္စည်း ပလပ်နှင့်ဆော့ကတ် သုံးစွဲမှုနှင့် ပတ်သက်၍ အန္တရာယ်ကင်းဝေးစွာ အသုံးပြုနိုင်ရေးအတွက် စားသုံးသူတိုင်း သိထားသင့်သော လျှပ်စစ်ဆိုင်ရာ အခြေခံ အချက်အလက်များကို တင်ပြလိုက်ပါသည်။ စားသုံးသူတို့ နေအိမ်မှာ Two Pin နှင့် Three Pin ပလပ်နှင့်ဆော့ကတ် တပ်ဆင်အသုံးပြုလျက်ရှိပြီး Two Pin စနစ်၌ 230 V, 5 Amp အသုံးပြုနိုင်ကာ Three pin စနစ်၌ 230 V တွင် 5 Amp အရွယ်အစား၊ 13 Amp အရွယ်အစားနှင့် 15 Amp အရွယ်အစားများ ရှိသည်။ Two Pin Plug တွင် Copper ဖြင့်ပြုလုပ်သော အလုံးပုံသဏ္ဌာန်နှင့်အပြားပုံသဏ္ဌာန် ၂မျိုးထုတ်လုပ်ကြပြီး တံဆိပ်မျိုးစုံအသုံးပြုကြသည်။ Three Pin Plug မှာ Copper ကြေးနီဖြင့်ပြုလုပ်ထားသော ကြက်ခြေခတ်ပုံသဏ္ဌာန်၊ လေးထောင့်ပုံသဏ္ဌာန်နှင့် အလုံးပုံသဏ္ဌာန်များဖြင့် ပြုလုပ်ထားကြောင်း တွေ့ရှိရသည်။

ကြက်ခြေခတ်ပုံသဏ္ဌာန်ဖြင့် ပြုလုပ်ထားသော Plug တွင် ဘေးဘက်ကြေးပြားနှစ်ခုမှာ အပူကြိုးနှင့် အအေးကြိုး တပ်ဆင်ရန်အတွက် ထောင့်ချိုးပုံသဏ္ဌာန်ဖြင့် ပြုလုပ်ထားပြီး အောက်ဘက်တစ်ချောင်းမှာ သတ္တုကိုယ်တွင် ဆက်ရန်ဖြစ်သည်။ များသောအားဖြင့် 3 Amp မှ 6 Amp အထိ ခံနိုင်သော ဝါယာကြိုးနှင့်အသေတပ်ဆင်ထားကာ လေးထောင့်ပုံသဏ္ဌာန်နှင့် အလုံးပုံသဏ္ဌာန်ပြုလုပ်သော plug တွင် အရွယ်တူပင်နှစ်ချောင်းမှာ အပူကြိုးနှင့်အအေးကြိုးဆက်ရန်ဖြစ်ပြီး အောက်ဘက်လေးထောင့်နှင့်အဝိုင်းပုံအကြီးမှာ မြေစိုက်ကြိုးနှင့် ဆက်ရန် ဖြစ်သည်။ ၎င်းတို့ကို 13 Amp, 15 Amp အဖြစ် ထုတ်လုပ်ကြပြီး ၎င်း plug ကိုယ်ထည်တွင် fuse တစ်ခုတပ်ဆင်ထားသည်။ 15 Amp Plug အလုံးနှင့် လေးထောင့်ထုတ်လုပ်ကြပြီး လျှပ်စစ်မီးဖို၊ လေအေးပေးစက်တို့တွင် အများဆုံး အသုံးပြုကြသည်။

Two Pin Socket များကို များသောအားဖြင့် အဝိုင်းပုံနှင့် လေးထောင့်ပုံပါသော 230 V, 5 Amp နှင့် အောက်ခံ ပလတ်စတစ်အထိုင်ခွက်နှင့် တွဲဖက်တပ်ဆင်ထားသည့် Combine Socket များတွင် အသုံးပြုများကြ သည်။ လေးထောင့်ပုံပါသော socket နှင့် combine socket များတွင် Two Pin plug အလုံးနှင့် အပြားများထည့် သွင်းအသုံးပြုနိုင်ရန် plug pin ပေါက်များကို ဗဟိုချက် အကွာအဝေး 10 mm ဖြင့် ပြုလုပ်ထားကြသည်။ အသုံးများသော combine socket (Two Pin plug combine, 2 pin plug double combine ) များကို တံဆိပ်အမျိုးမျိုးနှင့် ထုတ်လုပ်ကြပြီး ဈေးအနည်းအများပေါ် မူတည်၍ အသုံးပြုကြသည်။

3 Pin Socket တွင် 5 Amp, 13 Amp, 15 Amp Socket အဝိုင်းများအဖြစ် ယခင်က အသုံးပြုကြသော်လည်း ယခုအခါ (80 mm x 80 mm) သို့မဟုတ် (3" x 3") ဖြင့်ပြုလုပ်ထားသော Combine Socket များကို အိမ်၊ ကျောင်း၊ ရုံး စသည်တို့တွင် အများဆုံးအသုံးပြုကြသည်။ ၎င်း Socket များသည်အတွင်း၌ ကော်နှင့်ပြုလုပ်ထားသော အိမ်တွင်ကြေးပြားများကို ဝါယာကြိုးဆက်ရန် အပေါက်နှင့် Bolt များနှင့်သင့်လျော်သလို ဆက်နိုင်ရန် ပြုလုပ်ထားသည်။ ခေတ်မီဆော့ကက်များတွင် ဆော့ကက်အား အသုံးမပြုသည့်အချိန်တွင်အပေါက်များကိုအတွင်းမှ ပလတ်စတစ်အကာဖြင့် ပိတ်ထားစေပြီး အသုံးပြုရန် ပလပ်ထိုးသွင်းမှသာ အကာပွင့်စေသောစနစ် (Safety Shutter) တပ်ဆင်ထားသည်။

Plug နှင့် Socket တို့သည် လိုက်ဖက်ညီစွာ အသုံးပြုကြရသော လျှပ်စစ်ပစ္စည်းများဖြစ်ပြီး စားသုံးသူတို့အနေဖြင့် Two Pin plug တွင် multi plug တပ်ဆင်၍ Two Pin အလုံး၊ အပြား၊ 3 pin အလုံး၊ အပြား၊ လေးထောင့်များပါ စုပြုံထိုးပြီး အသုံးပြုသည်။ တစ်ခုနှင့်တစ်ခုထောက်နေခြင်း၊ အခုအခံဖြစ်နေခြင်းတို့ကြောင့် ထိထိမိမိမဖြစ်တဲ့အခါ မီးပွားများထွက်ပေါ်ပြီး ကြေးပြားမှတစ်ဆင့် ထိုးသွင်း plug များသို့ အပူလျှောက်ကူး၍ အပြင် ပလတ်စတစ် ကာဘာများလောင်ကျွမ်းခြင်း၊ အရင်းရှိကြေးသားများလောင်ကျွမ်းပျက်စီးခြင်းများဖြစ်ပေါ်၍ အန္တရာယ်ကျရောက်သည်အထိ ဖြစ်ပေါ်လာနိုင်သည်။ ထို့အပြင် တစ်နေရာတည်းစုပြုံ၍ ပလပ်များထိုးသည့် အနေအထားဖြစ်သဖြင့် socket ရှိ သတ်မှတ်ခံနိုင်ဝန်အားထက် ပိုမိုအသုံးပြုခြင်း၊ အချိန်ကြာမြင့်စွာ ဝန်ပိုသုံးထားသည့်အတွက် ပူပြီးပျော်လာသည်ကို တွေ့ရမည်ဖြစ်သည်။ များသောအားဖြင့် ပလပ်နှင့်ဆော့ကတ်များသည် အပူချိန်ကို ခံနိုင်ရည်ရှိစေရန် ထုတ်လုပ်ထားသော်လည်း အချိန်ကြာမြင့်စွာ နည်းမှားတစ်ခုနှင့် အသုံးပြုမိလျှင် အပူလွန်ပြီး မီးထလောင်နိုင်သည်။

သို့ဖြစ်၍ စားသုံးသူတို့အနေဖြင့် ပလပ်ပေါက်တစ်ပေါက်ထဲကနေ အများကြီးခွဲသုံးဖို့ကို ရှောင်ဖို့လိုပြီး မဖြစ်မနေ အသုံးပြုရလျှင်လည်း တတ်ကျွမ်းနားလည်သူနှင့်တိုင်ပင်ပြီး ပုံသေပလပ်တွေ တပ်ဆင်အသုံးပြုမှသာ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးမည်ဖြစ်ပါကြောင်း။

**TTZ (သတင်းနည်းပညာ/အရည်အသွေး )**

# မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအား ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဇရိယာသတ်မှတ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ(၂၂)၊ ပုဒ်မခွဲ(ခ)နှင့်ပုဒ်မ(၂၃)တို့တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ငါး၊ ပုစွန် သားပေါက်ပွားသည့်ရာသီချိန်တွင် ငါးနှင့်သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိငါးဖမ်းကွက်များအတွင်းပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအား ငါးမဖမ်းရကာလ (Closed Season) နှင့် ငါးမဖမ်းရဇရိယာ ( Closed Area) များကို ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်၊ ၂၀၁၉ ခုနှစ် ဧပြီလ ၁၂ ရက်၊ ရက်စွဲပါ ညွှန်ကြားချက်အမှတ်-(၂/၂၀၁၉) ဖြင့် ထုတ်ပြန်ခဲ့သည်။

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံးသည် အောက်ပါငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဇရိယာများအတွင်း ငါးဖမ်းဆီးခြင်း မပြုလုပ်ရန် တားမြစ်ထားသည်။

ငါးမဖမ်းရကာလကို ဇွန်၁ ရက်မှ ဩဂုတ် ၃၁ရက်အထိ သတ်မှတ်ထားပြီး ငါးမဖမ်းရဇရိယာအဖြစ် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက်အမှတ် A1 မှ A20 အထိ၊B1 မှ B10 အထိ) အတွင်းရှိငါးလုပ်ငန်းရေပြင်၊ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက် အမှတ် B11 မှ B20 အထိ၊ C1 မှ C25 အထိနှင့် D1,D4,D5, D9,D10, D14, D15, D19, D20) အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့်အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ် (ငါးဖမ်းကွက်အမှတ် D2,D3,D6, D7,D8,D 11,D12,D13,D16,D17,D18,D21, D22, D23) အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊ မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၅၈ စက္ကန့်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက်အမှတ် D24 မှ D29 အထိ၊ E1 မှ E25 အထိနှင့် F1 မှ F21 အထိ) အတွင်းရှိငါးလုပ်ငန်းရေပြင်တို့ကို သတ်မှတ်ထားသည်။

ငါးလုပ်ငန်းဦးစီးဌာန သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအတွင်းရှိ အခြေပြုလုပ်ငန်းဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး၏ လုပ်ငန်းရှင်များအား အထက်ပါအချက်များကို သိရှိပြီး တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် အသိပေးကြပ်မတ်ဆောင်ရွက်ရန် အကြောင်းကြားထားသည်။

**ကသရ(မြိတ်)**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၆-၄-၂၀၁၉) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၆၀၀၀ | △ | ၅၆၀၀ | ၆၀၀၀ | △ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၂၀၀ | △ | ၁၇၀၀ | ၁၇၅၀ | △ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၅၀၀ | ၆၃၀၀ | ▽ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မုံရွာ | ၅၈၀၀ | ၅၅၀၀ | ▽ | ၆၀၀၀ | ၅၅၀၀ | ▽ | ၁၈၀၀ | ၁၇၃၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၇၀၀၀ | △ | ၅၀၀၀ | ၅၅၀၀ | △ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၆-၄-၂၀၁၉ US$/Ton

| အမျိုးအစား | ပြီးခဲ့သည့်ဒုတိယပတ် | ပြီးခဲ့သည့်တတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၃၇.၀၀ | ၅၃၀.၀၀ | ▽ |
| RBD P.Olein | ၅၃၉.၅၀ | ၅၃၁.၅၀ | ▽ |
| RBD P.Stearin | ၅၀၇.၀၀ | ၄၉၀.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၆-၄-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၃၂.၈၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၁၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၅၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၂.၂၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၂.၈၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၇၉.၄၄၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၆-၄-၂၀၁၉နေ့ (CIF ဈေး Cloud Point 8 ˚C Max 575 ဒေါ်လာနှင့် USD ဈေး ၁၅၂၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၆-၄-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၂၅ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရေးအတွက် လုပ်ငန်းစဉ်များဆိုင်ရာညှိနှိုင်းအစည်းအဝေးကျင်းပ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့ရေးအတွက် မြန်မာနိုင်ငံဘက်က ဆောင်ရွက်ပေးရမည့် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးလုပ်ငန်းစဉ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၂ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃) နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးတို့တွင် ကျင်းပခဲ့သည်။



အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်း၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်၊ MITS အုပ်ချုပ်မှု ဒါရိုက်တာ ဦးတိုးအောင်မြင့်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ MITS မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံကုန်ပစ္စည်းအရည်အသွေးကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှုအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (AQSIQ) တို့က ၂၀၁၄ ခုနှစ်တွင် ချုပ်ဆိုခဲ့သောသဘောတူညီစာချုပ်သည် လက်ရှိအသက်ဝင်လျက်ရှိနေသေးကြောင်း၊ ဖော်ပြပါ သဘောတူစာချုပ်အရ တရုတ်နိုင်ငံသို့ တင်ပို့မည့်ဆန်များ ပြုပြင်ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်းဆောင်ရွက်မည့် အဖွဲ့အစည်းများ၊ ကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ပြီးမှသာ တရုတ်ဘက်မှလက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊မြန်မာနိုင်ငံဘက်မှ ပို့ကုန်လုပ်ငန်းမှတ်ပုံတင်ထားသည့်ကုမ္ပဏီအမည်စာရင်းကို တရုတ်နိုင်ငံဘက်သို့ နှစ်စဉ်ဆန်တင်ပို့ချိန်မတိုင်မီပေးပို့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ဆန်စပါးစိုက်ပျိုးသည့် ဧရိယာတွင် တရုတ်နိုင်ငံ၏ သတ်မှတ်ထားသော ထိန်းချုပ်ဖျက်ပိုးပေါက်ပွားမှုလျော့နည်းစေရန် ဘက်စုံသီးနှံကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို အသုံးပြုရမည်ဖြစ်ကြောင်း၊ Processing အပိုင်းတွင်လည်း တားမြစ်ဆန်ပိုးများကင်းစင်စေရေးနှင့် ဆန်အရည်အသွေးထိန်းသိမ်း ဆောင်ရွက်ရေးတို့ကို မှတ်တမ်းများဖြင့် ဆောင်ရွက်ကာ တရုတ်နိုင်ငံဘက်သို့ တင်ပြရမည်ဖြစ်ကြောင်း၊ တင်ပို့မည့် ဆန်များတွင် ပိုးမွှားရောဂါကင်းရှင်းကြောင်း သက်သေခံလက်မှတ်ထုတ်ပေး၍ တရုတ်နိုင်ငံဘက်သို့ အတည်ပြုရန်နှင့် မှတ်တမ်းတင်ရန် ပေးပို့ရမည်ဖြစ်ကြောင်း၊ သင်္ဘောမတင်မီ သယ်ယူပို့ဆောင်သည့်နည်းစနစ်တွင် အန္တရာယ်ရှိ ဇီဝမျိုးစိတ်များ ဆန်နှင့်အတူ ရောနှောပါဝင်ခြင်းမရှိစေရန် စစ်ဆေးခြင်းနှင့် ပိုးသတ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအပေါ် အစိုးရဌာနများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့က မြန်မာနိုင်ငံမှ ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့နိုင်ရန် မြန်မာဘက်ကဆောင်ရွက်ပေးရမည့်စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးလုပ်ငန်းစဉ်ဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**(CTQM-DOCA)**

# တညင်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်တွင် တည်ရှိသော တညင်းကုန်းလက်ကားဈေးကြီး အတွင်းသို့ ဧပြီ ၈ ရက်မှ ၁၂ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုတစ်ပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (၁ ပိဿာ)ကျပ် ၈၅၀ မှ ၁၃၀၀ အတွင်း၊ ခရမ်းချဉ်သီး(ကိုင်း) ကျပ် ၁၀၀၀၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၇၀၀ မှ ၈၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်)ကျပ် ၆၀၀ မှ ၇၅၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၇၅၀၊ မုန့်လာဥဖြူ(စည်း)ကျပ်၁၅၀ မှ ၁၇၀ အတွင်း၊ မုန့်လာဥနီ(ပိဿာ) ကျပ် ၁၂၀၀၊ ရွှေဖရုံသီး(လုံး)ကျပ်၁၀၀၀ မှ ၁၂၀၀ အတွင်း၊ ဘူးသီး(လုံး)ကျပ် ၅၀၀ မှ ၁၈၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၁၂၀၀ မှ ၁၄၀၀ အတွင်း၊ ကြက်သွန်နီ(မြစ်သား)(ပိဿာ)ကျပ် ၁၀၀၀၊ ကြက်သွန်နီ(ရှမ်း)(ပိဿာ) ကျပ်၁၅၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်)(ပိဿာ) ကျပ် ၂၆၀၀၊ ချင်း(ပိဿာ) ကျပ် ၂၅၀၀၊ဆလပ်ရွက် (စည်း) ကျပ် ၁၀၀၊ ရုံပတီသီး(တောင့်)ကျပ် ၁၀ မှ ၁၅အတွင်း၊ကန်စွန်းရွက်(တရုတ်)(စည်း) ကျပ် ၁၆၀ မှ ၂၂၀ အတွင်း၊ ချဉ်ပေါင်ရွက်(စည်း) ကျပ် ၄၀ မှ ၅၀ အတွင်း၊ ခရမ်းသီး(မီးဖုတ်ခရမ်း)(လုံး) ကျပ် ၁၅၀ မှ ၂၀၀ အတွင်း၊ သံပုရာသီး(လုံး)ကျပ် ၁၀၀၊ ပဲသီး(စည်း) ကျပ် ၁၅၀ မှ ၁၈၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း) (ပိဿာ)ကျပ် ၆၀၀ မှ ၁၀၀၀ အတွင်း၊ ဖရဲသီး (Size)(သေး) (တစ်လုံး) ကျပ် ၅၀၀ မှ ၈၀၀ အတွင်း၊ ဖရဲသီး(Size) (လတ်)(တစ်လုံး) ကျပ် ၁၀၀၀ မှ ၂၅၀၀ အတွင်း ဈေးအသီးသီးရှိကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ခရမ်းချဉ်သီး(ကိုင်း)၊ အာလူး၊ မုန့်လာဥနီ၊ ကြက်သွန်နီ(မြစ်သား)၊ ကြက်သွန်ဖြူ (ရှမ်း)၊ ကြက်သွန်ဖြူ(ကြူကုတ်)၊ ချင်း၊ ဆလပ်ရွက်တို့မှာ ဈေးအတက်/အကျမရှိ ဈေးနှုန်းတည်ငြိမ်နေသည်။ ယခုတစ်ပတ်အတွင်း ဖရဲသီး (Size)(လတ်) (သေး) တို့မှာ ကုန်အဝင်မရှိဘဲ လက်ကျန်သီးများကိုသာ ရောင်းချနေကြောင်း သိရှိရသည်။

တညင်းကုန်း လက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပုရာသီး(လုံး) ၄၁၉၀၀ ကျော်၊ ခရမ်းသီး (မီးဖုတ် ခရမ်း)(လုံး) ၈၀၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၇၂၀၀ကျော်၊ရွှေဖရုံသီးအလုံးပေါင်း၄၉၀၀ကျော် ကုန်အဝင်ရှိကြောင်း သိရသည်။

**ထားလှိုင်(ရန်ကုန်)**

# မိတ္ထီလာမြို့၏ စိန်တလုံးသရက်သီးဈေးကွက်

မိတ္ထီလာခရိုင်အတွင်း၌ သရက်သီးစိုက်ဧကအနေဖြင့် လျော့နည်းမှုမရှိဘဲ အသီးထွက်ပေါ်ချိန်အနေဖြင့် ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်းခန့် လျော့နည်းပြီး ၂၀၁၇ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်းခန့်လျော့နည်းခဲ့သည်။ ထိုသို့လျော့နည်းရခြင်းမှာ အပွင့်ပွင့်ချိန်တွင် ဝေဝေဆာဆာပွင့်ဖူးခဲ့သော်လည်း မိုးအုံ့၍ မိုးဖွဲဖွဲ ရွာသွန်းမှုကြောင့် ရောဂါပိုးကျရောက်ခြင်းကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်း သိရသည်။

သရက်သီးအထွက်နှုန်းလျော့နည်းမှုကြောင့် သရက်သီးထွက်ပေါ်သည့်ရာသီတွင် ကုန်သည်ပွဲစားများ၏ ဈေးနှိမ်ဝယ်ယူမှုမရှိကြောင်း မိမိခရိုင်တွင် ကုန်သည်ပွဲစားမရှိဘဲကျောက်ဆည်ခရိုင်ဘက်မှ ကုန်သည်ပွဲစားများ အပြိုင်အဆိုင် လာရောက်ဝယ်ယူခြင်း၊ တောင်သူ/ခြံပိုင်ရှင်များအနေဖြင့်လည်း အသိပညာများ မြင့်တက်လာပြီး မီဒီယာများမှတစ်ဆင့် ဈေးကွက်အခြေအနေများကိုလေ့လာသိရှိရသဖြင့် ပွဲစားကုန်သည်များ၏ ဈေးနှိမ်ဝယ်ယူမှုမခံရကြောင်း ဈေးနှုန်းအနေဖြင့် လက်လီရောင်းချလျှင် စိန်တလုံးသရက်သီး အရွယ်အစားအလိုက် အနိမ့်ဆုံးကျပ် ၁၀၀ မှ အမြင့်ဆုံးကျပ် ၅၀၀ ဈေး ရရှိနိုင်သော်လည်း လေလွင့်မှု/လုပ်သား ကုန်ကျစရိတ်များရှိ သဖြင့် သီးကင်းဝင်ချိန်မှစ၍ ခြံပြတ်ရောင်းချကြကြောင်း တောင်သူ/ခြံပိုင်ရှင်များအနေဖြင့်လည်း ဂွန်ကျပ် ၁၅၀ မှ ကျပ် ၁၇၀ ကြားရရှိပါက တွက်ခြေကိုက်ကြောင်းသိရသည်။

**မူမူသန်း(မိတ္ထီလာ)**

# မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်သို့တင်ပို့သရက်သီးများ ဈေးကောင်းရနေ

ယခုရက်သတ္တပတ်အတွင်းမူဆယ်(၁၀၅)မိုင်သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်သို့ ဖရဲသီးတင်ပို့မှုအနေဖြင့်ဖရဲကြားသီး၊ ဖရဲဖြူသီး၊ ဖရဲအဝိုင်းကြားသီးတို့တင်ပို့ခဲ့ကြပြီး ဖရဲတင်ပို့မှုမှာနည်းသွားသော်လည်းဈေးကောင်းရနေပါသည်။ သခွားတင်ပို့မှုမှာနည်းသွားပြီး ဈေးမှာပုံမှန်အတိုင်းရှိနေကာ သရက်သီးတင်ပို့မှုမှာ တဖြည်းဖြည်းများလာပြီး ဈေးကောင်းရနေပါသည်။

ဧပြီ ၁၇ ရက်မှ ၂၃ ရက်အတွင်း ဖရဲကား၂၁၃၁ စီး တန်ချိန် ၂၇၀၇၇ တန်၊ သခွားကား ၈၈ စီး၊ တန်ချိန် ၆၂၆ ဒသမ ၅ တန်၊ ဖရုံသီး ၁၁ စီး၊ တန်ချိန် ၁၄၅ တန်၊ သရက်ကားစီးရေ ၁၈၁ စီး၊ တန်ချိန် ၁၀၁၁ တန်တင်ပို့ရောင်းချခဲ့ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှသိရှိရပါသည်။ ယခုတစ်ပတ်အတွင်း ဖရဲအဖြူသီးမှာဈေးအနိမ့် ရပြီး ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်၈၀၀ ၊မြန်မာငွေကျပ် ၁၇၄၀၀၀၊ အဝိုင်းကြားသီးမှာ ဈေးအမြင့်ရပြီး တစ်တန်လျှင်ယွမ် ၂၀၀၀၊ မြန်မာငွေကျပ် ၄၃၄၀၀၀ ရရှိကြောင်းသိရသည်။

သခွားသီးနှံမှာအနိမ့်ဈေးတစ်တန်လျှင် ယွမ် ၂၈၀၀၊ မြန်မာငွေကျပ် ၆၀၉၀၀၀ဖြစ်ပြီး အမြင့်ဈေးတစ်တန်လျှင် ယွမ် ၆၅၀၀၊ မြန်မာငွေကျပ် ၁၄၁၀၀၀၀ ဖြစ်ခဲ့ပါသည်။ ဖရုံသီးအနိမ့်ဈေးမှာ တစ်တန်လျှင် ယွမ် ၂၀ ဖြစ်ပြီး မြန်မာငွေကျပ် ၄၃၀၀ ရရှိခဲ့ကာ အမြင့်ဈေးမှာ တစ်တန်လျှင် ယွမ် ၁၀၀၀၊ မြန်မာငွေကျပ် ၂၁၇၃၀၀ တို့အသီးသီးဖြစ်ခဲ့ကြပါသည်။

ယခုရက်သတ္တပတ်အတွင်း သရက်သီးမှာ ရောင်းအားကောင်းခဲ့ပြီး အနိမ့်ဆုံး ဈေးမှာ တစ်တန်လျှင်ယွမ် ၂၅၀၀၊မြန်မာငွေကျပ် ၅၄၃၀၀၀ ဖြစ်ပြီး အမြင့်ဆုံးဈေးမှာ တစ်တန်လျှင်ယွမ် ၉၀၀၀၊မြန်မာငွေကျပ် ၁၉၅၆၅၀၀ ဖြစ်သည်။

ထိုင်ဝမ်ဆီးသီးမှာလုံးဝတင်ပို့ရောင်းချမှုမရှိခဲ့ပါ။ သရက်သီးမှာရောင်းအားကောင်းခဲ့ပြီး တစ်ပတ်အတွင်းငွေဈေးနှုန်းမှာတစ်ယွမ် ၂၂၁ ကျပ်မှ ၂၂၆ ကျပ်ထိပေါက်ဈေးရှိကြောင်းသစ်သီးဝလံကုန်စည်ဒိုင်မှလေ့လာသိရှိရသည်။

**စုစုသာ (မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# တရုတ်သို့ ကြက်သွန်နီတင်ပို့မှု များပြားလာသော်လည်း ဈေးနှုန်းပြန်လည်ကျဆင်း

ယခုရက်သတ္တပတ်အတွင်း ဧပြီလ ၂၁ ရက်မှ၂၅ရက်ထိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့ တင်ပို့လျက်ရှိသော ကြက်သွန်နီဈေးနှုန်းမှာတစ်ပိဿာလျှင် ကျပ် ၄၀၀ မှ ကျပ် ၄၅၀ ထိရှိနေသည်။

ဧပြီ ၁၃ ရက်မှ ၁၈ ရက်ထိ တင်ပို့မှုမှာ ကားအစီးရေ ၂၁ စီး၊တင်ပို့ တန်ချိန် ၆၈ တန်ဖြစ်ကာ ဈေးနှုန်းမှာ ကျပ် ၄၆၀ ဝန်းကျင်ရှိခဲ့သည်။ ဧပြီ၂၁ ရက်မှ ၂၅ရက်ထိ ကားစီးရေ ၆၇ စီး၊ တင်ပို့တန်ချိန် ၁၄၃၈ တန် အရောင်းအဝယ်ဖြစ်သဖြင့် မြန်မာမှ တရုတ်သို့ ကြက်သွန်နီတင်ပို့မှုတန်ချိန်မှာ မြင့်တက်လာသော်လည်း ဈေးနှုန်းမှာ ကျပ် ၄၅၀ ဝန်းကျင်ဖြင့်ပုံမှန်ဖြစ်နေပါသည်။

ဧပြီ ၂၁ ရက်မှ ၂၅ ရက်အတွင်းတရုတ်ငွေဈေးမှာတစ်ယွမ်လျှင် ၂၂၆ ကျပ်ဈေးဖြစ်ပြီး ကြက်သွန်နီတစ်တန်လျှင် မြန်မာကျပ်ငွေကျပ် ၂၇၉၀၀၀-၂၈၃၀၀၀ ရရှိသည်။ တစ်ပိဿာဈေးနှုန်းမှာ မြန်မာကျပ်ငွေ ၄၅၀ ဝန်းကျင်ရရှိပြီး တရုတ်ယွမ်နှစ်ယွမ်ခန့် ရရှိကြောင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စာရင်းအရ သိရှိရပါသည်။

**စိုးသန္တာထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# လွယ်ဂျယ်၏ဖရဲသီးဈေးကွက် အခြေအနေ

[SWM]

တရုတ်နိုင်ငံသို့တင်ပို့နေသော ဖရဲသီးများကို ဗန်းမော်ခရိုင်၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ လယ်ယာထွက်ကုန်သီးနှံရောင်းဝယ်ရေးကုမ္ပဏီ၊ Main Family Co.,Ltd နှင့် Seven Force Co., Ltd တို့ပူးပေါင်း၍ အများပိုင်ကုမ္ပဏီအဖြစ် ထူထောင်ပြီး လွယ်ဂျယ်ကုန်သွယ်ရေးစခန်း မရောက်မီ နှစ်ဖာလုံခန့်အလိုတွင် လေးဧကကျယ်ဝန်းသော မြေနေရာပေါ်၌ ဝန်ဆောင်မှုပေး၍ ဆောင်ရွက်ပေးနေပြီး ၎င်းဝင်းအတွင်း ယာဉ်စီးရေ၅၀ ခန့် လွယ်လင့်တကူဝင်ထွက်နိုင်၍ အလျား ၁၈ မီတာ၊ အနံ ၅ မီတာ၊ အမြင့် ၇ မီတာရှိ ဖရဲသီး ကုန်ကြည့်စင်တစ်စင်၊ ယာဉ်များအမိုးအကာအောက် ရပ်နားနိုင်ရန် အလျား (၁၀၅)မီတာ x အနံ (၂၅)မီတာ x အမြင့် (၆)မီတာရှိ “ U ”ပုံ သဏ္ဍာန် အဆောက်အအုံ သုံးခုနှင့် ၁၅ မီတာအရှည်ရှိ ကတ္တားတစ်ခုဆောက်လုပ်၍ ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်။

ဖရဲသီးရောင်းချရန် တက်လာသော ဖရဲသီးယာဉ်များသည် ဖရဲသီးကွင်း၌ အလှည့်ကျစောင့်ဆိုင်းပြီး ဖရဲသီးကုန်ကြည့်စင်တွင် ထိုး၍ ရောင်းမည့်သူနှင့်တစ်ဖက်နိုင်ငံမှ ဝယ်မည့်သူတို့သည် ဂဏန်းပေါင်းစက်အသုံးပြု၍ ဈေးပြိုင်(လေလံ)စနစ်ဖြင့် ရောင်းချပြီး ဈေးတည့်ပါက ရောင်းချရရှိမည့် ငွေပမာဏပေါ် မူတည်၍ တရုတ် ဝယ်လက်ထံမှ စရန်ငွေယွမ်(၂၀၀၀/၃၀၀၀/၅၀၀၀)အား အများပိုင်ကုမ္ပဏီမှယူ၍ ရာနှုန်းပြည့် အာမခံချက်ပေးပြီး ရောင်းသူနှင့်ဝယ်သူ ချက်ချင်းစာချုပ်ချုပ်ဆို ရောင်းဝယ်နေကြရသည်။

ဖရဲသီးကွင်းသို့ဖရဲကားများဝင်ရောက်ပြီးသော်လည်း ဖရဲသီးကုန်ကြည့်စင်တွင်မထိုးဘဲ ဖရဲသီးရောင်းသူမှ လက်သိပ်ထိုးရောင်းခြင်း၊ အလွတ်သဘောမျိုး ရောင်းခြင်းအား အများပိုင်ကုမ္ပဏီမှ တာဝန်ယူ/တာဝန်ခံဖြေရှင်းပေးမည် မဟုတ်ကြောင်း ကုန်ကြည့်စင်သို့ထိုး၍ ရောင်းချသော ဖရဲသီးယာဉ်များအတွက် ဖရဲသီးရောင်းသူများအပေါ် ငွေကြေးတစ်ပြားတစ်ချပ်မှ ကောက်ခံမှုမရှိဘဲ ဖရဲကွင်းသို့လာရောက် ဝယ်ယူသည့် တရုတ်ဝယ်လက်များအပေါ်၌သာ ဖရဲသီးတစ်တန်လျှင် တရုတ်ငွေ ၁၀၀ ယွမ် ကောက်ခံလျက်ရှိသည်။

ဖရဲသီးဈေးနှုန်းမှာ ဖရဲသီး၏အရောင်၊ ဖရဲသီးအားခွဲကြည့်ခြင်း၊ စားကြည့်ခြင်းတို့ဖြင့် ဈေးဖြတ်ခြင်းဖြစ်ပြီး လွယ်ဂျယ်တစ်ဖက်ရှိ လိုင်းရင်း၌ ချက်ချင်းပြန်ရောင်းချမည့်ဝယ်သူမှာ ချက်ချင်းမှည့်မည့် ဖရဲသီးအား တရုတ်ပြည်မကြီးနှင့် တရုတ်ပြည်နယ်စပ်၊ ရုရှား၊ မွန်ဂိုလီးယားနယ်စပ်၌ ရောင်းချမည့်အသီးများမှာ ရောင်းချမည့်နေရာနှင့် အကွာအဝေးပေါ် မူတည်၍ ကြာရှည်ခံထားနိုင်မှု၊ အရောင်အရင့်/ အမှည့်ပေါ် မူတည်၍ ဝယ်လက်မှာ အကြိုက်ချင်း မတူသလို ကြိုက်ဈေးပေးကွာခြားမှု ရှိနိုင်ပါသည်။ ထို့ပြင် ဖရဲသီး အရသာမရှိသော အသီးနှင့် အူချောင်သောအသီးအား ရောဂါရှိသော အသီး/ ပယ်သီးအဖြစ် သတ်မှတ်၍ မဝယ်ကြပေ။

ဖရဲသီးအား ရောင်းချရာတွင် ကားပေါ်၌ ကောက်ရိုးစတင်ခုပြီး ကောက်ရိုးပေါ်၌ ဖရဲသီးများကိုတင်၍ ရောင်းချရသော ကောက်ရိုးသီး(ဝမ်းပုံအသီး)နှင့် ဂျပ်ဖာများဖြင့်ထည့်၍ရောင်းရသော ဂျပ်ဖာသီးဟူ၍ အမျိုးအစားနှစ်မျိုးရှိပြီး ကောက်ရိုးသီးမှာ ယာဉ်စီးလုံးပြတ်ဖြင့် ရောင်းချရပြီး ဂျပ်ဖာအသီးမှာ Packing List အတိုင်း တစ်တန်ဈေးဖြင့် ရောင်းချရပါသည်။ ဖရဲသီးအမျိုးအစားအနေဖြင့် အဖြူသီး၊ အကြားသီး (၈၅၅)၊ ရှင်းလူပေါင်း ၅၁၈၊ ထဲ့ဝမ်း(ဂျပ်ဖာသီး)၊ အစေ့မဲ့ဖရဲဟူ၍ အမျိုးအစား ငါးမျိုးရှိပါသည်။ ယခုနှစ်အစိုက်အများဆုံးဖရဲမှာ ရှင်းလူပေါင်း ၅၁၈ အမျိုး အစားဖြစ်ပြီး ဈေးကောင်းရသည်။ ဒုတိယအစိုက်အများဆုံးမှာ ဂျပ်ဖာသီးအမျိုးအစားဖြစ်၍ ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးကြပြီး ရောင်းအားရှိသော်လည်း ဈေးမှာ ထင်သလောက်မရဘဲ ရှိပါသည်။ အစေ့မဲ့ဖရဲမှာ ယခုအချိန်ထိ လာရောက်ရောင်းမည့်သူမရှိသေးကြောင်း၊ စိုက်ပျိုးစရိတ် ကြီးမားပြီး ဂရုစိုက်လွန်းရ၍ မစိုက်ပျိုးခြင်းဖြစ်သည်။ ထဲ့ဝမ်း(ဂျပ်ဖာသီး)တွင် ဂျပ်ဖာအမျိုးအစားများအဖြစ် AAA, AA, A, B နှင့် C တို့ပါဝင်ပြီး ဂျပ်ဖာတစ်ခုထဲတွင် အသီးနှစ်လုံးထည့် ရကြောင်း၊ ဂျပ်ဖာအသီးမှာ ဘောလုံးကဲ့သို့လုံးဝန်းနေမှသာထည့်၍ရပြီးဈေးကောင်းရကြောင်း ၊ ဂျပ်ဖာဆိုဒ်များအနေဖြင့် AAA မှာ (၅၄)cm x (၂၉)cm x (၂၆) cm ၊ AA မှာ (၄၉) cm x (၂၇) cm x (၂၃) cm ၊A (၄၄) cm x (၂၆) cm x (၂၂) cm ၊ B မှာ (၄၂) cm x (၂၅) cm x (၂၁) cm ၊ C မှာ(၄၀) cm x (၂၄) cm x (၂၀) cm ဖြစ်ကြောင်း၊ အလေး ချိန်အားဖြင့် AAA ဂျပ်ဖာရှိအသီးတစ်လုံးအလေးချိန်မှာ(၁၄)ကီလို ဝန်းကျင်၊ AA ဂျပ်ဖာရှိ အသီးတစ်လုံး အလေးချိန်မှာ(၁၂)ကီလို ဝန်းကျင်၊ A ဂျပ်ဖာရှိအသီးတစ်လုံးအလေးချိန်မှာ (၈-၉) ကီလို ဝန်းကျင်၊ B ဂျပ်ဖာရှိ အသီးတစ်လုံး အလေးချိန်မှာ (၅-၆) ကီလို ဝန်းကျင်၊ C ဂျပ်ဖာရှိ အသီးတစ်လုံး အလေးချိန်မှာ (၄)ကီလို ရှိသည်။

ယခုနှစ် ဖရဲသီးရာသီအဖွင့်ချိန်ကို မတ်၁၉ ရက် ပထမပတ်လောက်တွင် စတင်ခဲ့ပြီး အဖွင့်ဈေးအနေဖြင့် ကောက်ရိုးပုံသီး (ဝမ်းပုံအသီး)မှာ ဖရဲသီးကုန်ချိန် တန် ၂၀ ဝန်းကျင်ပါသော ၁၂ ဘီးကားတစ်စီးလျှင် တရုတ်ငွေ အနည်းဆုံးယွမ် ၁၆၀၀၀ နှင့် အများဆုံးယွမ် ၄၂၀၀၀ ရရှိပြီး ဂျပ်ဖာဖရဲသီးမှာတစ်တန်လျှင် အနည်းဆုံး ယွမ် ၂၈၀၀ နှင့် အများဆုံးယွမ် ၃၄၀၀ ရရှိခဲ့ကြောင်း၊ ကားခအနေဖြင့် ၁၂ ဘီး စီးလုံးပြတ်ငှားခမှာ ကျပ်ခြောက်သိန်းနှင့် ၆ ဒသမ ၅ သိန်း ကျပ်ဝန်းကျင်ရှိခဲ့သည်။

မတ်လကုန်တွင် ဖရဲသီးဈေးနှုန်းအနေဖြင့် ကောက်ရိုးပုံသီး (ဝမ်းပုံအသီး)မှာ တန်ချိန် ၂၀ ဝန်းကျင်ပါ ၁၂ဘီးတစ်စီးလျှင် အနည်းဆုံးဈေးယွမ် ၁၂၀၀၀ နှင့် အများဆုံးဈေးယွမ် ၄၀၀၀၀၊ ဂျပ်ဖာသီးမှာ တစ်တန်လျှင် အနည်းဆုံးဈေးယွမ် ၂၂၀၀ နှင့် အများဆုံးဈေးယွမ် ၂၅၆၀ ရရှိပြီး ကားခမှာ ၇ ဒသမ ၅ သိန်းကျပ်နှင့်ကျပ် ကိုးသိန်း အကြားရှိသည်။

ယခုအခါ ကောက်ရိုးပုံသီး(ဝမ်းပုံအသီး)မှာ တန် ၂၀ ဝန်းကျင်ပါ ၁၂ ဘီးယာဉ် တစ်စီးလျှင် အနည်းဆုံးဈေးယွမ် ၁၃၂၀၀ နှင့် အများဆုံး ဈေးယွမ်၄၀၀၀၀၊ ဂျပ်ဖာသီးမှာတစ်တန်လျှင် အနည်းဆုံး ဈေးယွမ် ၁၅၀၀ နှင့် အများဆုံးဈေးယွမ် ၂၆၅၀ ရရှိကြောင်း၊ ကားခမှာ ကျပ် ၁၅ သိန်းကျပ်နှင့် ကျပ် ၂၀ သိန်းဝန်းကျင်အကြားရှိကြောင်း သိရပြီး ကားခမှာ လမ်းမကြီးနှင့်အနီး/အဝေး၊ ကွင်းထဲသို့ဝင်လမ်း/ထွက်လမ်း၊ အတို/ အရှည်၊ လမ်းကောင်း/လမ်းကြမ်းပေါ် မူတည်၍ ကားခ အနည်းအများ ကွာခြားသွားသည်။

ကားခနှုန်းထား တက်သွားရခြင်းမှာ တစ်သျှုံငှက်ပျောသီး တင်ပို့သူများသည် ရှိသည့်ကားကို အလုအယက်ဖြင့် ရသည့်ဈေးဖြင့် ငှားနေသည်ကတစ်ကြောင်း၊ နောက်တစ်ချက်မှာ ဖရဲသီး ရောင်းသူများမှာ ရာသီချိန်မကုန်မီ အလုအယက်ဖြင့် ရောင်းလိုသောကြောင့် သူ့ထက်ငါအပြိုင် ဈေးပြိုင်ပေး၍ ငှားနေသောကြောင့် ယာဉ်မောင်းသူမှာ ကုန်လိုက်ရှာရန်မလိုဘဲ ကားပေါ်၌ပင် ထိုင်နေရင်းဖြင့် ကားခများမှာ တရိပ်ရိပ် မြင့်တက်လာခဲ့သည်။

ကုန်ကြည့်စင်တွင် ရောင်းသူ၊ ဝယ်သူ စာချုပ်ချုပ်ဆို ဝယ်ယူပြီးနောက် တရုတ်ဘက်၌ အသီးကားချိန်းပြောင်းချိန်တွင် အောက်ပိုင်း၌ အသီးများမှာ အလုံးသေးများ ညှပ်ပါလာသဖြင့် ဝယ်သူက ဈေးပြန်လည် လျှော့ခိုင်းသောကြောင့် အများပိုင်ကုမ္ပဏီမှ ရောင်းသူနှင့် ဝယ်သူအကြား ဈေးအလျှော့အတင်း ပြန်ညှိပေးရခြင်း၊ ဝယ်ယူသူက စာချုပ်ချုပ်ဆိုဝယ်ယူပြီး၍ စရန်ငွေယွမ်၅၀၀၀ပေးသွားပြီးနောက် တရုတ်ဘက်၌ အသီးကားပြောင်းချိန်တွင် ဝယ်ယူသူကထွက်ပြေးတိမ်းရှောင်သွားမှုအပေါ် အများပိုင်ကုမ္ပဏီမှ (၁၂)ဘီးကားတစ်စီးလုံး ရောင်းချရမည့်ငွေ ယွမ် ၃၀၀၀၀အား စိုက်ထုတ်ပေးခဲ့ရပြီး ထွက်ပြေးတိမ်းရှောင်သွားသူ တရုတ်လူမျိုးအား Blacklist အဖြစ် မိမိဘက်၌ လွယ်ဂျယ်၊ မူဆယ်မြို့တို့နှင့် တရုတ်ဘက်၌ လိုင်းရင်း၊ ဝမ်တိန်တို့တွင် ကြေညာပေးခြင်းနှင့် Wechat ၌ ကြေညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ရောင်းသူနှင့်ဝယ်သူ စာချုပ်ချုပ်ဆို ရောင်းဝယ်ပြီးနောက် တရုတ်ဘက်၌ ကတ္တားချိန် ပြောင်းရာတွင် ယာဉ်မောင်းသမားက ဝှက်တင်လာသောသစ်အား ခိုးချလိုက်ပြီးနောက် အသီးအလေးချိန် လျော့သွားသည့်အတွက် လျော့သွားသည့် အသီးအလေးချိန်အပေါ် အများပိုင်ကုမ္ပဏီက တာဝန်ယူဖြေရှင်းပေးရခြင်းနှင့် ရောင်းသူ၊ ဝယ်သူသဘောတူစာချုပ်ချုပ်ဆို ဝယ်ယူပြီးနောက် ငွေအပြည့်ပေးချေပြီးချိန်တွင် ဝယ်ယူသူက အသီးအားမကြိုက်၍ ငွေပြန်တောင်းရာ အများပိုင်ကုမ္ပဏီမှ ရောင်းသူ၏မျက်ကွယ်၌ ပြောကြားခြင်းဖြစ်၍ တာဝန်ယူမဖြေရှင်းပေးခဲ့သဖြင့် ဝယ်ယူသူက အများပိုင်ကုမ္ပဏီအား တရုတ်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားခြင်းကို ခံခဲ့ရကြောင်း၊ ဖရဲသီးအရောင်းအဝယ်နှင့်ပတ်သက်၍ သိရှိသမျှအား မျှဝေပေးလိုက်ရပါသည်။

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တင်ပို့နေတဲ့ကြက်သွန်နီ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ဧပြီ ၁ ရက်မှ ၅ ရက်အထိ တရုတ်နိုင်ငံသို့ကြက်သွန်နီ တင်ပို့မှုအခြေအနေကို စိစစ်ကြည့်ရာ တန်ချိန် ၂၉၇ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၅၁၂ သန်း၊ ကားစီးရေ ၉၀ ဖြင့် တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မတ်လ ၃၁ ရက် အထိ ကြက်သွန်နီတန်ချိန် ၁၆၆၆၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉၀ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်မြို့တွင်းတွင် လက်ရှိဖြစ်ပေါ်နေသော ကြက်သွန်နီဝယ်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၆၀၀ နှုန်းဖြင့် တစ်တန်လျှင်ကျပ် ၃၆၇၂၀၀ ဖြင့်ဝယ်ယူပြီး ပြန်လည်ရောင်းချမှုဈေးမှာ တစ်ပိဿာလျှင်ကျပ် ၁၀၀၀ နှုန်းဖြင့် တစ်တန်လျှင် ကျပ် ၆၁၂၀၀၀ ရရှိကြောင်း သိရပါတယ်။ ယခင်နှစ် ဧပြီလတွင် တင်ပို့ခဲ့သည့် ကြက်သွန်နီဝယ်ဈေးမှာ တစ်ပိဿာလျှင်ကျပ် ၇၀၀ နှုန်းတစ်တန်လျှင် ကျပ် ၄၂၈၄၀၀ ဈေးရရှိခဲ့ပြီး ရောင်းဈေးမှာ တစ်ပိဿာကျပ် ၁၂၀၀၊ တစ်တန်လျှင် ကျပ် ၇၃၄၄၀၀ ဈေးရရှိခဲ့သောကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ် မူဆယ်မြို့တွင်းတွင် သိသာစွာ ဈေးလျှော့နေကြောင်း သိရှိရပါတယ်။

ယခင်နှစ်က တရုတ်နိုင်ငံသို့ပြည်တွင်းကြက်သွန်နီများ တင်ပို့မှုအရ ဧပြီလတွင် တစ်ပိဿာကျပ် ၉၀၀၊ တစ်တန်လျှင်ကျပ် ၅၅၀၈၀၀၊ မေလတွင် တစ်ပိဿာကျပ် ၁၀၀၀၊ တစ်တန်လျှင် ကျပ် ၆၁၂၀၀၀၊ ဇွန်လတွင် တစ်ပိဿာကျပ် ၁၅၀၀၊ တစ်တန်လျှင်ကျပ် ၉၁၈၀၀၀၊ ဇူလိုင်လတွင် တစ်ပိဿာကျပ် ၂၀၀၀၊ တစ်တန်လျှင် ကျပ်၁၂၂၄၀၀၀၊ ဩဂုတ်လတွင် တစ်ပိဿာ ကျပ် ၂၂၀၀၊ တစ်တန်လျှင်ကျပ် ၁၃၄၆၄၀၀၊ စက်တင်ဘာလတွင် တစ်ပိဿာကျပ် ၂၅၀၀၊ တစ်တန်လျှင်ကျပ် ၁၅၃၀၀၀၀ ရရှိ၍ ပြည်တွင်းထွက် ကြက်သွန်နီကို တရုတ်နိုင်ငံသို့ ပေးပို့သည့်ဈေးနှုန်းသည် ကြက်သွန်နီထွက်ရှိကာလကုန်ဆုံးချိန်တွင် ပို့ကုန်အထွက် ဈေးနှုန်း မြင့်မားကြောင်း၊ ကြက်သွန်နီကိုပြည်တွင်းမှာ စနစ်တကျ သိုလှောင်ပြီး ဈေးတက်ချိန်တွင် တင်ပို့ရောင်းချပါက ပြည်တွင်းထုတ်ကုန်ကြမ်းများ ပိုမို အကျိုးကျေးဇူးများရရှိနိုင်ကြောင်း တွေ့ရပါသည်။

တရုတ်နိုင်ငံသို့တင်ပို့ရောင်းချခဲ့သော ကြက်သွန်နီမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်ပိဿာကျပ် ၉၀၀၊ တစ်တန်လျှင် ကျပ် ၅၅၀၈၀၀ နှုန်းရရှိခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တစ်ပိဿာကျပ် ၆၀၀၊ တစ်တန် လျှင်ကျပ် ၃၆၇၂၀၀ နှုန်းဖြင့်သာ ရောင်းချ၍ ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ယခုဘဏ္ဍာနှစ်တွင် ဈေးနှုန်းကျဆင်းခဲ့ပါတယ်။

ယခုနှစ် ကြက်သွန်နီတင်ပို့မှု အခြေအနေအား တစ်ဖက်နိုင်ငံတွင် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းက ယခင်ထက်နည်းနေတဲ့အတွက် တစ်ဖက်နိုင်ငံမှာ ကြက်သွန်နီဝယ်ယူ စားသုံးမှုများရှိနေသော်လည်း တရုတ်နိုင်ငံက ဈေးလျှော့ဝယ်ယူမှုကြောင့် မိမိနိုင်ငံရှိ ကြက်သွန်နီ ကုန်သည်များသာမက စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအထိပါ ရသင့်ရထိုက်သည့် အကျိုးခံစားမှုမရှိကြောင်း တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ပြည်တွင်းထွက်ကြက်သွန်နီများ တင်ပို့သည့်နိုင်ငံများရှိဈေးကွက်များ၌ ဈေးကောင်းရရှိရေးအတွက် ထွက်ရှိကြက်သွန်နီများ ရေရှည်ထားရှိနိုင်မည့် နည်းလမ်းများစီမံ၍ စနစ်တကျ သိုလှောင်ခြင်း၊ ပြည်ပဈေးကွက်များသို့ ကြက်သွန်နီအသင်းအဖွဲ့မှထိုးဖောက်၍ တိုက်ရိုက်သွားရောက်ညှိနှိုင်းခြင်း၊ ကြက်သွန်နီဈေးကွက်များ ရှာဖွေခြင်းတို့ ဆောင်ရွက်သင့်သကဲ့သို့မိမိနိုင်ငံမှ စီးပွားရေးသံမှူးများထားရှိသည့် နိုင်ငံများ၌ ကြက်သွန်နီဈေးကွက် အခြေအနေများကို လေ့လာ၍ ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ ကုန်သည်အသင်းအဖွဲ့များသို့အသိပေးခြင်း၊ ချိတ်ဆက်ပေးခြင်းတို့ကို အချိန်မီဆောင်ရွက်ပေးနိုင်ပါက ပြည်တွင်း ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သူ တောင်သူမှစ၍ ပြည်ပသို့တင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များအထိ ရသင့်ရထိုက်သည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းအကြံပြုတင်ပြလိုက်ရပါတယ်။

**မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၀ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Vietnam နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အာဂျင်တီးနား၊ ပြင်သစ်၊ ကာတာ၊ ရုရှား၊ တောင်အာဖရိက၊ တူရကီနှင့် စပိန် စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၀ တွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် Georgia၊ Lithuania စသည့် နှစ်နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ သုည ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်း အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၆ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် New Zealand နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ ရှိရပါသည်။

ယခုတစ်ပတ်တွင် မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အီဂျစ်၊ ပြင်သစ်၊ ကင်ညာ၊ ကူဝိတ်၊ မက္ကဆီကို၊ ကာတာ၊ ပီရူး၊ တောင်အာဖရိကနှင့် တူရကီ စသည့်နိုင်ငံများအပါအဝင် ၆၅ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် Cayman Islands၊ Lithuania နှင့် Russia စသည့်နိုင်ငံတို့ အပါအဝင် သုံးနိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ သုည ဒသမ ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ် လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၉ | ၀.၆၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၀ | ၀.၈၅ |
| ၃ | ထိုင်း | လီတာ | ၁.၁၃ | ၀.၈၄ |

## ပြည်တွင်းဆန်ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၇ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၉ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၃ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၄ ဒေါ်လာ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၃ ဒေါ်လာဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံ၏ ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်၊ ၂၅ မှတ်နှင့် ပေါင်းဆန်အမျိုးအစားဆန်များမှာ ဈေး နှုန်းမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် လည်း ဧည့်မထ ၅ မှတ်နှင့် ၂၅ မှတ်ဆန်ဈေးနှုန်းများမှာ ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံ၏ ဧည့်မထ ၂၅ မှတ်ဆန်သည် ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး ပေါင်း ဆန်ဈေးနှုန်းမှာ အနည်းငယ် ကျဆင်းလာကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးဖြစ်သည့် ထိုင်းနိုင်ငံတွင် ယခင်လက ရာသီအလိုက် စပါးသစ်များ အသစ်ပေါ်ခဲ့သော်လည်း ဆန်ရောင်းလိုအား လျော့ကျလာသဖြင့် ဆန်ဈေးမှာ အမြင့်တန်းတွင် ဆက်ရှိနေသည်ဟု ကုန်သည်များက ပြောကြားကြပါသည်။ ဆန်ရောင်းလိုအား နည်းခြင်းကြောင့် ပြည်တွင်းဆန်ဈေးများ မြင့်တက်လာပြီး ယခုနှစ်တွင် မိုးခေါင်မှုကြုံရနိုင်ခြင်း ကြောင့် ဆန်စက်များကလည်း ဆန်ထုတ်ရောင်းလိုခြင်း မရှိနိုင်ကြောင်း ဗန်ကောက်မြို့ အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။

ထိုင်းဘတ်ငွေသည် ယခုနှစ်ဆန်းကတည်းက အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ချက်အရ အားကောင်းနေခဲ့ရာ ထိုင်းဆန်ဈေးကြီးမြင့်စေခဲ့ပြီး ထိုင်းဆန်တင်ပို့မှုတွင် ဈေးနှုန်းကြီးမြင့်မှု၊ ဘတ်ငွေအားကောင်းလာမှုနှင့် အထူးသဖြင့် ဗီယက်နမ်နိုင်ငံကဲ့သို့သော ပြိုင်ဘက်နိုင်ငံများ၏ ယှဉ်ပြိုင်မှုအားကောင်းလာခြင်းများကြောင့် ဖေဖော်ဝါရီလအတွင်း ဆန်တင်ပို့နိုင်မှုပမာဏ ကျဆင်းလာခဲ့ပြီး ထိုင်းဆန်အပေါ် ဝယ်လိုအား နွေးကွေးလာခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ငါးမှတ်ဆန်ဈေးများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေပြီး ဖိလစ်ပိုင်ဘက်မှ ဝယ်လက်ကုန်သည်များအနေဖြင့် အစိုးရ၏ခွဲတမ်းစနစ်ကို လိုက်နာနေစရာမလိုတော့ပဲ စိတ်ကြိုက်ဝယ်ယူလာနိုင်သည့်အတွက် ဆန်အော်ဒါများ ပုံမှန်တက်လာကြောင်း ဟိုချီမင်းစီးတီးမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်အိုးကြီးဟုတင်စားသော မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် နွေစပါး ၉၀ ရာခိုင်နှုန်းအထိ ရိတ်သိမ်းပြီးဖြစ်သော်လည်း အစိုးရက အရန်ဆန် ဝယ်ယူခဲ့ခြင်းကြောင့် ရောင်းလိုအား အလွန်အကျွံတက်လာမည့်ပြဿနာကို လျော့ပါးစေခဲ့သည်ဟု သိရှိရသည်။ ဗီယက်နမ်ဆန်ဈေးနှုန်းသည် ထိုင်းဆန်ထက် တစ်တန်လျှင် ဒေါ်လာ ၄၀ မှ ၅၀ အထိ ဈေးသက်သာလာသည့်အတွက် ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံများမှ ဆန်ဝယ်ယူသူများအား ပိုမိုဆွဲဆောင်နိုင်ခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ဆန်တင်ပို့ရာတွင် တရုတ်၊ ဖိလစ်ပိုင်၊ မလေးရှား စသော ဈေးကွက်ကြီးများအပြင် ပြင်သစ်၊ နယ်သာလန်၊ အမေရိကန်ပြည်ထောင်စု၊ အိုင်ဗရီကို့စ်၊ မိုဇမ်ဘစ်၊ တောင်ကိုရီးယား၊ ဂျပန်၊ အခြားဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် အာဖရိကနိုင်ငံများသို့ တင်ပို့နိုင်ခဲ့သည်ကို သိရှိရသည်။ ဗီယက်နမ်နိုင်ငံသည် ယခင်နှစ်တွင် ဆန်တန်ချိန် ၆ ဒသမ ၁ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံနီးပါးခန့် တင်ပို့ခဲ့ရာမှ ယခုနှစ်တွင် ဆန်တန်ချိန် ခြောက်သန်းမှ ခုနစ်သန်းအထိ တင်ပို့ရန်လျာထားကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ဆန်ဝယ်လိုအား အေးနေခဲ့ပြီး ငါးမှတ်ပေါင်းဆန်ဈေးမှာ အနည်းငယ်ဈေးကျခဲ့ကြောင်း သိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ အနေဖြင့် လာမည့်ကောက်ရိတ်သိမ်းရာသီတွင် တောင်သူထံမှ ဆန်တန်ချိန် ၁ ဒသမ ၂၅ သန်း ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ အစိုးရ၏ ဆန်ဂိုဒေါင်များ၌ လက်ရှိတွင် ဆန်တန်ချိန် ၁ ဒသမ ၃ သန်း သိုလှောင်ထားကြောင်း ဘင်္ဂလားဒေ့ရှ်စားနပ်ရိက္ခာဝန်ကြီးက ယခုတစ်ပတ်အစောပိုင်းတွင် ပြောကြားခဲ့သည်ကို လေ့လာသိရှိရသည်။

အမေရိကန်ပြည်ထောင်စုရှိ ကောက်ပဲသီးနှံ အဓိကထုတ်လုပ်ရာ ပြည်နယ်ကြီးကိုးခုတွင် "ဗုံးဆိုင်ကလုန်း" ဟုခေါ်သော မုန်တိုင်းကြီးတိုက်ခတ်ခဲ့ပြီးနောက် လယ်ဧက အနည်းဆုံး တစ်သန်းခန့် ရေနစ်မြုပ်ခဲ့ကြောင်း Gro Intelligence အဖွဲ့၏ ဂြိုဟ်တုသတင်းအချက်အလက်များအရ သိရှိရပါသည်။ ဒါကိုတာနှင့် မစ်ဆိုရီပြည်နယ်တို့အပါအဝင် အခြားပြည်နယ်များတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး သီးနှံစိုက်ပျိုးမှု အဟန့်အတားဖြစ်ခြင်းနှင့် မြေယာပျက်စီးခြင်းတို့ဖြစ်ပေါ်လာနိုင်ကြောင်း၊ အနောက်အလယ်ပိုင်းဒေသတွင် သီးနှံစိုက်ပျိုးရာသီ စတင်အပြီး သီတင်းပတ်အနည်းငယ်အတွင်း ရေကြီးခဲ့ခြင်းဖြစ်ရာ ယခုနှစ်တွင် ပြောင်းဖူး၊ ဂျုံနှင့် ပဲပုပ်ထုတ်လုပ်မှု နိမ့်ကျဖွယ်ရှိကြောင်း၊ အမေရိကန်တောင်သူများသည် အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ကြောင့် သီးနှံအရောင်းကျဆင်းခြင်းနှင့် ဝင်ငွေလျော့နည်းခြင်းတို့ ကြုံတွေ့ခဲ့ရပြီးနောက် မတ်လလယ်တွင် တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့်လည်း လယ်မြေများပေါ်တွင် နုန်းများ၊ သဲများအပြင် တာယာနှင့် အမှိုက်များပါ ပြန့်ကျဲနေသဖြင့် အချို့မှာ ယခုနှစ်အတွင်း စိုက်ပျိုးနိုင်ရန်မဖြစ်နိုင်သည့် အနေအထားများနှင့် ကြုံတွေ့နေကြရပါသည်။ ရေကြီးခြင်းကြောင့် သိုလှောင်ထားသော ကောက်ပဲသီးနှံများလည်း ပျက်စီးခဲ့ရသည့် အပြင် ကားလမ်းနှင့် မီးရထားလမ်းများပါ ထိခိုက်ပျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ပြည်တွင်းဆန်သတင်းများအနေဖြင့် မြန်မာ့ဆန် ဈေးကွက်ဝေစုရရှိထားသည့် အာဖရိကနိုင်ငံငယ်တစ်နိုင်ငံဖြစ်သည့် အိုင်ဗရီကို့စ်နိုင်ငံက မြန်မာနိုင်ငံမှတင်ပို့လိုက်သည့် ဆန်တန်ချိန် ၁၈၀၀၀ ခန့်ကို လူတို့စားသုံးရန်မသင့်ဟု ကြေညာ၍ ဖျက်ဆီးလိုက်ခြင်းကြောင့် ကမ္ဘာ့ဈေးကွက်သို့ ဆန်တင်ပို့နေသည့် မြန်မာနိုင်ငံအပေါ် ထိုးနှက်ချက်တစ်ခု ဖြစ်လာခဲ့သည်။ မြန်မာ့ဆန်ကို အာဖရိကနိုင်ငံများသို့ တင်ပို့နေသည်မှာ နှစ်ပေါင်းများစွာကြာလာပြီဖြစ်သော်လည်း အရည်အသွေးပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး ငြင်းဆန်ခံရမှုမှာ ယခုအကြိမ်သည် ပထမဆုံးဖြစ်ခြင်းကြောင့် တရုတ်က မြန်မာ့ဆန်ဝယ်ယူမှု အားနည်းနေ သည့်အချိန်တွင် အဆိုပါအရေးသည် မြန်မာနိုင်ငံအတွက် ကုန်သွယ်မှု အဟန့်အတားဖြစ်လာနိုင်ကြောင်း၊

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၇၅ |
| ၅ | စင်ကာပူ | လီတာ | ၁.၅၉ | ၁.၃၂ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၄ | ၀.၈၅ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၀ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၁၉ | ၁.၀၁ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ဒေါ်လာနှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ ဒေါ်လာ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံ အလိုက် နည်း/များတွင် မြန်မာ နိုင်ငံ သည် ဓာတ်ဆီဈေးနှုန်းတစ်လီတာ သုည ဒသမ ၅၉ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်းတစ်လီတာ သုည ဒသမ ၆၂ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကိုတစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၄၂ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၂၂ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | နော်ဝေ | လီတာ | ၁.၉၇ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နယ်သာလန် | လီတာ | ၁.၉၃ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၂၀ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၃ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | နော်ဝေ | လီတာ | ၁.၈၃ |
| ၅ | Ecuador | လီတာ | ၀.၂၇ | Iceland | လီတာ | ၁.၈၁ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီတစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၇ | ၀.၉၆ |
| ၂ | ဂျပန် | လီတာ | ၁.၂၇ | ၁.၁၀ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၇ | ၀.၉၇ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံ

## ကြယ်စင်(တန့်ဆည်မြေ)


စိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၉.၄.၂၀၁၉ | စည် | ၆၄.၀၀ |
| ၂ | ၂၂.၄.၂၀၁၉ | စည် | ၆၅.၇၀ |
| ၃ | ၂၃.၄.၂၀၁၉ | စည် | ၆၆.၃၀ |
| ၄ | ၂၄.၄.၂၀၁၉ | စည် | ၆၅.၈၉ |
| ၅ | ၂၅.၄.၂၀၁၉ | စည် | ၆၅.၂၁ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှဧပြီ ၂၂ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း ပြန်လည်မြင့်တက်လာခဲ့သော်လည်း ပြည်တွင်းရွှေဈေးနှုန်းအနေဖြင့် ဧပြီလ ဒုတိယပတ်ဖြစ်သည့် ဧပြီလ ၁၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၀၅၅၅၀၀ ကျပ် ဖြစ်ပေါ်ခဲ့ရာမှ ဧပြီလ တတိယပတ်ဖြစ်သည့် ၂၅ ရက်နေ့တွင် ၁၀၃၉၀၀၀ ကျပ်သို့ ကျဆင်းလာခဲ့သည်ကိုတွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေးမှာ ဧပြီ ၁၀ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၃၀၄ ဒေါ်လာ ပေါက်ဈေးရှိခဲ့ပြီး ဧပြီလ ၂၅ ရက်တွင် ၁၂၇၈ ဒေါ်လာ ဖြစ်ပေါ်ခဲ့၍ ကမ္ဘာ့ရွှေဈေးသည် ဧပြီလ ဒုတိယပတ်ထက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၆ ဒေါ်လာခန့် ဈေးကျခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်မှ ဧပြီလ ၂၅ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၄.၂၀၁၉ | ၁၀၄၆၅၀၀ | ၁၂၉၀ |
| ၂ | ၂.၄.၂၀၁၉ | ၁၀၄၁၀၀၀ | ၁၂၈၉ |
| ၃ | ၃.၄.၂၀၁၉ | ၁၀၄၄၅၀၀ | ၁၂၉၃ |
| ၄ | ၄.၄.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၉၂ |
| ၅ | ၅.၄.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၉၀ |
| ၆ | ၆.၄.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၉၂ |
| ၇ | ၇.၄.၂၀၁၉ | ၁၀၄၃၀၀၀ | ၁၂၉၂ |
| ၈ | ၈.၄.၂၀၁၉ | ၁၀၄၅၀၀၀ | ၁၂၉၇ |
| ၉ | ၉.၄.၂၀၁၉ | ၁၀၄၈၅၀၀ | ၁၂၉၉ |
| ၁၀ | ၁၀.၄.၂၀၁၉ | ၁၀၁၅၄၀၀၀ | ၁၃၀၄ |
| ၁၁ | ၁၁.၄.၂၀၁၉ | ၁၀၅၅၅၀၀ | ၁၃၀၄ |
| ၁၂ | ၁၈.၄.၂၀၁၉ | ၁၀၄၀၀၀၀ | ၁၂၇၆ |
| ၁၃ | ၂၀.၄.၂၀၁၉ | ၁၀၃၉၀၀၀ | ၁၂၇၆ |
| ၁၄ | ၂၁.၄.၂၀၁၉ | ၁၀၃၈၀၀၀ | ၁၂၇၆ |
| ၁၅ | ၂၂.၄.၂၀၁၉ | ၁၀၄၄၀၀၀ | ၁၂၇၉ |
| ၁၆ | ၂၃.၄.၂၀၁၉ | ၁၀၄၀၀၀၀ | ၁၂၇၃ |
| ၁၇ | ၂၄.၄.၂၀၁၉ | ၁၀၃၈၀၀၀ | ၁၂၇၂ |
| ၁၈ | ၂၅.၄.၂၀၁၉ | ၁၀၃၉၀၀၀ | ၁၂၇၈ |


Source: estimate of world's exchange rate and gold price page

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သော နိုင်ငံများမှာ International Sugar Organization (ISO) website တွင် ဖော်ပြချက်စာရင်းများအရ ဘရာဇီး၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံတို့ဖြစ်ကြပါသည်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ဩစတြေးလျ၊ ဂွါတီမာလာ၊ မက္ကဆီကို၊ အိန္ဒိယနှင့် ကျူးဘားနိုင်ငံတို့ဖြစ်ကြပြီး သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ နိုင်ဂျီးရီးယားနှင့် ကိုရီးယားနိုင်ငံတို့ဖြစ်ကြပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် သကြားအများဆုံး လိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် လေးနိုင်ငံမြောက်အဖြစ်ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၁၀ သန်းဝန်းကျင် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် တန်ချိန် ၆ သန်းခန့် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 24-Apr-19 | 12.93 cts/lb | 12.85 cts/lb | 343.05 $/T | 15.56 cts/lb |
| 23-Apr-19 | 12.93 cts/lb | 12.85 cts/lb | 340.85 $/T | 15.46 cts/lb |
| 18-Apr-19 | 13.00 cts/lb | 12.84 cts/lb | 341.75 $/T | 15.50 cts/lb |
| 17-Apr-19 | 12.57 cts/lb | 12.82 cts/lb | 334.95 $/T | 15.19 cts/lb |
| 16-Apr-19 | 12.73 cts/lb | 12.83 cts/lb | 338.55 $/T | 15.36 cts/lb |
| 15-Apr-19 | 12.85 cts/lb | 12.83 cts/lb | 339.80 $/T | 15.41 cts/lb |
| 12-Apr-19 | 12.97 cts/lb | 12.82 cts/lb | 333.45 $/T | 15.13 cts/lb |
| 11-Apr-19 | 12.87 cts/lb | 12.81 cts/lb | 328.45 $/T | 14.90 cts/lb |
| 10-Apr-19 | 13.02 cts/lb | 12.80 cts/lb | 332.55 $/T | 15.08 cts/lb |
| 9-Apr-19 | 12.96 cts/lb | 12.80 cts/lb | 333.65 $/T | 15.13 cts/lb |
| 8-Apr-19 | 12.74 cts/lb | 12.81 cts/lb | 331.15 $/T | 15.02 cts/lb |
| 5-Apr-19 | 12.94 cts/lb | 12.83 cts/lb | 334.85 $/T | 15.19 cts/lb |
| 4-Apr-19 | 12.88 cts/lb | 12.81 cts/lb | 334.90 $/T | 15.19 cts/lb |
| 3-Apr-19 | 12.61 cts/lb | 12.80 cts/lb | 331.50 $/T | 15.04 cts/lb |
| 2-Apr-19 | 12.86 cts/lb | 12.80 cts/lb | 335.15 $/T | 15.20 cts/lb |
| 1-Apr-19 | 12.84 cts/lb | 12.78 cts/lb | 334.60 $/T | 15.18 cts/lb |



Source: www.isosugar.org

ကမ္ဘာ့သကြား ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www. isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြား ဈေးနှုန်း များကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar)တစ်တန်လျှင် ဧပြီ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဒသမ ၆၀ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျအပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဧပြီ ၂၄ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဒသမ ၀၅ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၁၉ ခုနှစ်၊ ဧပြီလနောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြား ဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၀၃ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၅၄၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင်

စာမျက်နှာ ၁၆ သို့

# နှစ်နှစ်အတွင်း အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းမှု ကျဆင်းသွားနိုင်

၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းသည့် ပမာဏမှာ တန်ချိန် ၆ ဒသမ ၆ သန်းမှ ၂ ဒသမ ၅ သန်းတန်ချိန်အထိ ကျဆင်းခဲ့ပြီး အဆိုပါကျဆင်းမှုမှာ နှစ်နှစ်အတွင်း အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းမှု အများဆုံး ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပဲတင်သွင်းမှုမှာ တန်ချိန် ၁၀ သန်းအောက် ဆက်လက်ကျဆင်းမည်ဟုခန့် မှန်းဖော်ပြထားပါသည်။ လွန်ခဲ့သော နှစ်အနည်းအငယ်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲဈေးနှုန်းမှာ ထိပ်ဆုံးအထိ မြင့်တက်သွားပြီး ၂၀၁၇ ခုနှစ်တွင် ပဲတင်သွင်းသူများမှာ တန်ချိန် ၆ ဒသမ ၆ သန်းအထိ တိုးမြှင့်တင်သွင်းခဲ့ကြောင်း သိရသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံ၏ ပဲတင် သွင်းမှု ကန့်သတ်ချက်များ ထုတ်ပြန်လိုက်ပြီး နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းမှုများ စတင်ကျဆင်းကြောင်းကိုလည်း ရေးသားဖော်ပြထားပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ဖေဖော်ဝါရီလအတွင်း အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းမှု စုစုပေါင်းမှာတန်ချိန် ၂ ဒသမ ၂၃ သန်းရှိကြောင်း၊ Agriculture and Processed Food Product Export Development Authority (Apeda) စာရင်းဇယားများအရ သိရှိရပါသည်။ ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းမှု စုစုပေါင်းမှာ တန်ချိန်၂ ဒသမ ၅ သန်းခန့်ရှိနိုင်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာနသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပဲတင်သွင်းခွင့် တန်ချိန် ၆၅၀၀၀၀ တန်သာရရှိထားသည်။ နှစ်နိုင်ငံကုန်သွယ်မှုအရ မိုဇမ်ဘစ်မှ ပဲတန်ချိန် ၁၇၅၀၀၀၀ တန်တင်သွင်း ရန် စီစဉ်ထားသည်။

The Centre for Monitoring Indian Economy ၏ မကြာသေးမီက ထုတ်ပြန်ထားသည့် အစီရင်ခံစာအရ အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံနှင့် မတ်ပဲထွက်ရှိမှုနှုန်းထားသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၃ ဒသမ ၅ သန်းခန့် ရာခိုင်နှုန်းအားဖြင့် ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရ သည်။

အိန္ဒိယ ပဲစိုက်တောင်သူများအနေဖြင့် ပဲစိုက်ပျိုးရန် ရေရှားပါးလာမှုကြောင့် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးကြသော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပဲတန်ချိန် ၁၆ ဒသမ ၃၂ သန်းထွက်ရှိခဲ့ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန်၂၄ သန်းအထိ အထွက်နှုန်းတိုးတက်လာခဲ့ပြီး ရာခိုင် နှုန်းအားဖြင့် ၅၀ ရာခိုင်နှုန်းနီးပါးတိုး တက်လာခဲ့သည့်အတွက်ကြောင့် အဆိုပါနှစ်အတွင်း အိန္ဒိယပဲတင်သွင်းမှုသည် တန်ချိန်ခြောက်သန်းမှ တန်ချိန် သုည ဒသမ ၈၃ သန်းအထိ ကျဆင်း သွားကြောင်း ဖော်ပြထားသည်။

**Source: Business Standard News**

**သီတာကျော်(နှစ်နိုင်ငံ)**

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ပျမ်းမျှအမေ ရိကန် ဒေါ်လာ ၄၂၄-၄၄၁၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၂၁-၅၇၁ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန် နိုင်ငံတို့၏ သကြားဈေးနှုန်းများမှာ မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ်၊ ဧပြီလနောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၄၆ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၀၃ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၅၇ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၈ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၂ ဝန်းကျင် ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ် နေပြီး၊ တောင်ကြီး၊ ဘားအံ၊ ပျဉ်းမနားနှင့် ကလေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ်၁၂၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၅ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၂ ဒသမ ၅၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဧပြီလနောက်ဆုံးပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းများမှာ အတက်အကျ အပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | ဧပြီ ၁၉ | ဧပြီ ၂၂ | ဧပြီ ၂၃ | ဧပြီ ၂၄ | ဧပြီ ၂၅ |
| ၁ | ၂ | ၃ | | | | ၄ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၃၀၀ | ၁၃၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |


Source:DACA-Domestic

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၈၀ ရာခိုင်နှုန်း၊ Annual Rate of Inflation ၇ ဒသမ ၀၇ ရာခိုင်နှုန်း၊ Year on Year Inflation ၆ ဒသမ ၆၉ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရပါသည်။ ဧပြီပထမပတ်အတွင်း ကျဆင်းခဲ့သော အမေရိကန်ဒေါ်လာဈေးနှုန်းများသည် ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းအရ ဧပြီလ တတိယပတ်တွင် ပြန်လည်မြင့်တက်လာခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာဈေးသည် ဧပြီလ ၁၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၀ ဒသမ ၀၀ ကျပ်၊ ဧပြီလ ၁၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၂ ဒသမ ၀၀ ကျပ်၊ ဧပြီလ ၂၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၈ ဒသမ ၁၀ ကျပ်၊ ဧပြီလ ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၄ ဒသမ ၂၀ ကျပ်၊ ဧပြီ ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၂ ဒသမ၄၀ ကျပ်၊ ဧပြီ ၂၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၄ ဒသမ၈၀ ကျပ်ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။

ပြင်ပဒေါ်လာဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်နေပြီး ဧပြီလ ၁၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၅ ကျပ်၊ ဧပြီလ ၂၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၀ ကျပ်၊ ဧပြီလ ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၆ ကျပ်၊ ဧပြီလ ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၂ ကျပ်၊ ဧပြီလ ၂၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၈ ကျပ် စသည်ဖြင့် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်းသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ထုတ်ပြန်ချက် အရ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်မှ ဧပြီလ ၂၅ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source: Central Bank of Myanmar

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်မှ ဧပြီလ ၂၅ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဧပြီလ ၁၉ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၅၂၂ ဒသမ ၀၀ ကျပ်ရှိခဲ့ရာမှ ဧပြီလ ၂၅ ရက်တွင် ၁၅၂၄ ဒသမ ၈၀ ကျပ်သို့ ကျဆင်းလာခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း သုည ဒသမ ၁၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ငွေဈေးတည်ငြိမ်မှုသည်လည်း အရေးကြီးလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ပြည်တွင်းငွေကြေးဈေးကွက်အပေါ်တွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ လွှမ်းမိုးမှုမြင့်မားခြင်းသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးတစ်ရပ် ဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ပြည်တွင်းငွေကြေးဈေးကွက်အပေါ် အပြည့်အဝ လွှမ်းမိုးချုပ်ကိုင်နိုင်ရေး ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်းနှင့် ငွေကြေးဈေးနှုန်း ပြောင်းလဲမှုများကြောင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်သူပြည်သားများအပေါ် ဆိုးကျိုးများမဖြစ်ပေါ်စေရေး ကာကွယ်ပေးနိုင်ရေးအတွက် တည်ငြိမ်မှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၉-၄-၁၉ | ၂၂-၄-၁၉ | ၂၃-၄-၁၉ | ၂၄-၄-၁၉ | ၂၅-၄-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၂၂.၀ | ၁၅၂၈.၁ | ၁၅၃၄.၂ | ၁၅၃၂.၄ | ၁၅၂၄.၈ | ၀.၁၈ | ⬆ |
| ၂ | Thai Baht | THB | ၃၁.၈၂၀ | ၃၁.၈၆၀ | ၃၁.၉၅၀ | ၃၁.၉၇၅ | ၃၂.၀၆၀ | ၀.၇၅ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၅၅ | ၁.၃၅၇ | ၁.၃၅၇ | ၁.၃၅၀ | ၁.၃၆၄ | ၀.၆၆ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၃၃ | ၄.၁၃၆ | ၄.၁၂၈ | ၄.၁၃၀ | ၄.၁၃၃ | ၀.၀၀ | |
| ၅ | Indonesian Rupiah | IDR | ၁၄၀၄၂ | ၁၄၀၇၅ | ၁၄၀၇၅ | ၁၄၁၀၀ | ၁၄၁၆၆ | ၀.၈၈ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၇၀၃ | ၆.၇၀၂ | ၆.၇၁၃ | ၆.၇၁၆ | ၆.၇၃၉ | ၀.၅၄ | ⬆ |
| ၇ | Indian Rupee | INR | ၆၉.၃၉၉ | ၆၉.၅၈၉ | ၆၉.၇၅၂ | ၆၉.၈၇၁ | ၇၀.၁၁၉ | ၁.၀၄ | ⬆ |
| ၈ | Japanese Yen | JPY | ၁၁၁.၉၁၂ | ၁၁၁.၉၂၄ | ၁၁၁.၈၅၅ | ၁၁၁.၈၃၈ | ၁၁၁.၈၆၃ | -၀.၀၄ | ⬇ |
| ၉ | Austrialia Dollar | AUD | ၁.၃၉၈ | ၁.၄၀၀ | ၁.၄၀၅ | ၁.၄၁၉ | ၁.၄၂၅ | ၁.၉၃ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၈၉ | ၀.၈၈၉ | ၀.၈၈၉ | ၀.၈၉၁ | ၀.၈၉၇ | ၀.၉၀ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၉ | ၀.၇၇၀ | ၀.၇၇၀ | ၀.၇၇၃ | ၀.၇၇၆ | ၀.၉၀ | ⬆ |

Source- Central Bank of Myanmar

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ . . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ပြည်တွင်းစက်သုံးဆီဈေးသည် ရန်ကုန်အထိုင် ဈေးကွက်အတွင်း ဆိုင်အများစုတွင် ဧပြီ ၂၂ ရက်က အောက်တိန်း- 92 တစ်လီတာကျပ် ၈၆၀၊ အောက်တိန်း- 95 တစ်လီတာ ၉၃၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၉၉၅ ကျပ်နှင့် ပရီမီယံ ဒီဇယ်တစ်လီတာ ၁၀၀၅ ကျပ်ဈေးနှုန်းဖြင့် ရောင်းချခဲ့ကြောင်း သိရှိရသည်။ ပရီမီယံဒီဇယ် ဈေးနှုန်းသည် ဧပြီလဆန်းပိုင်းထက် တစ်လီတာ ၁၅ ကျပ် (တစ် ဂါလန်ကျပ် ၇၀) မြင့်တက်ခဲ့ပါသည်။ အဓိကအကြောင်းရင်းမှာ ကမ္ဘာ့ဈေးအပြောင်းအလဲကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်း ပြန်လှုပ်လာခြင်းဖြစ်သည်ဟု စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ပြည်တွင်းစက်သုံးဆီဈေးသည် မတ်လဆန်းကစ၍ တစ်ကျော့ပြန်လည် မြင့်တက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အာရှဒေသနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေကြောင်း လေ့လာသိရှိရပါ သည်။ မြန်မာနိုင်ငံ အတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် မြင့်တက်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓာတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဧပြီ ၁၉ | ဧပြီ ၂၂ | ဧပြီ ၂၃ | ဧပြီ ၂၄ | ဧပြီ ၂၅ | ဧပြီ ၁၉ | ဧပြီ ၂၂ | ဧပြီ ၂၃ | ဧပြီ ၂၄ | ဧပြီ ၂၅ |
| ၁ | မြစ်ကြီးနား | ၄၃၃၄ | ၄၄၇၇ | ၄၅၂၂ | ၄၅၂၂ | ၄၅၂၂ | ၄၇၁၆ | ၄၇၁၆ | ၄၇၁၆ | ၄၇၃၄ | ၄၇၃၄ |
| ၂ | လားရှိုး | ၄၂၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၉၀၀ | ၄၉၀၀ |
| ၃ | ကျိုင်းတုံ | ၅၀၄၀ | ၅၀၄၀ | ၅၃၁၀ | ၅၃၁၀ | ၅၃၁၀ | ၅၄၉၀ | ၅၄၉၀ | ၅၆၂၅ | ၅၆၂၅ | ၅၆၂၅ |
| ၄ | တောင်ကြီး | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၅၀ | ၄၃၅၀ | ၄၇၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၅၀ | ၄၈၅၀ |
| ၅ | လွိုင်ကော် | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၃၀၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၉၀၀ |
| ၆ | ဘားအံ | ၄၀၀၅ | ၄၀၅၀ | ၄၀၅၀ | ၄၁၁၈ | ၄၁၁၈ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၇၄၈ | ၄၇၄၈ |
| ၇ | မော်လမြိုင် | ၄၃၆၅ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၅၀၀ | ၄၇၂၅ | ၄၇၂၅ | ၄၇၂၅ | ၄၇၂၅ | ၄၇၉၂ |
| ၈ | ထားဝယ် | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၉ | မြိတ် | ၄၁၄၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၄၅၅ | ၄၄၅၅ | ၄၄၅၅ | ၄၅၀၀ | ၄၅၀၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၄၇၈ | ၄၄၇၈ | ၄၄၇၈ | ၄၅၉၁ | ၄၅၉၁ |
| ၁၁ | ပုသိမ် | ၃၈၅၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၄၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၂ | စစ်တွေ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၇၂၀ | ၄၇၂၀ | ၄၇၂၀ | ၄၇၂၀ | ၄၇၂၀ |
| ၁၃ | ဟားခါး | ၄၂၄၀ | ၄၄၆၀ | ၄၄၆၀ | ၄၄၆၀ | ၄၄၆၀ | ၄၃၁၀ | ၄၅၃၀ | ၄၅၃၀ | ၄၅၃၀ | ၄၅၃၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၁၅ | မန္တလေး | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၄၀၀ | ၄၄၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၅၀ |
| ၁၆ | ပခုက္ကူ | ၃၆၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၃၆၅၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၁၇ | မကွေး | ၃၉၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၂၅၀ | ၄၇၀၀ | ၄၇၇၃ | ၄၇၇၃ | ၄၈၄၀ | ၄၈၄၀ |
| ၁၈ | ပြည် | ၄၀၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၂၅၀ | ၄၆၁၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၁၉ | ပဲခူး | ၃၉၄၅ | ၃၉၆၅ | ၄၁၀၀ | ၄၁၂၀ | ၄၁၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ |
| ၂၀ | ပျဉ်းမနား | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၄၁၅ | ၄၄၁၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၈၈၀ | ၄၈၈၀ |
| ၂၁ | နေပြည်တော် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၄၁၅ | ၄၄၁၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၈၈၀ | ၄၈၈၀ |
| ၂၂ | ကလေး | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

သို့သော်လည်း လက်ရှိတွင် အာဖရိက ကုမ္ပဏီများနှင့် ကြိုတင်စာချုပ်ချုပ်ဆိုထားမှုအပေါ် ထိခိုက်လာနိုင်မည်မဟုတ်ကြောင်း သိရှိရပါသည်။

လက်ရှိမြန်မာ့ဆန်လျင်မြန်စွာတိုးတက်တင်ပို့လာနိုင်ခြင်းမှာ အာဖရိကနိုင်ငံအများစုက ဝယ်ယူခြင်းကြောင့်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ကုန်သွယ်ဖက်နိုင်ငံများမှ အထင်လွဲစရာကိစ္စများ မဖြစ်လာစေရန် အဆိုပါဖြစ်ရပ်သည် မြန်မာ့ဆန်ဈေးကွက်အပေါ် ထိခိုက်လာခြင်းဖြစ်သည့်အတွက် ဖြစ်ရပ်အပေါ်တွင် သင်ခန်းစာယူ၍ မူဝါဒပိုင်းနှင့်ထိန်းသိမ်းခြင်း၊ ကြိုတင်သတင်းပေး စသည်ဖြင့် ကြိုတင်ပြင်ဆင်မှုများ၊ စီမံခန့်ခွဲမှုဆောင်ရွက်မှုများ လိုအပ်လာပြီဖြစ်ကြောင်း သိရှိရသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ဆန်ရောင်းချခဲ့သည့် မြန်မာကုမ္ပဏီသုံးခုသည် FOB (ရန်ကုန်)စနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ရာ FOB စနစ်အရ ကုန်ရောင်းသူသည် ရောင်းချမည့်ပစ္စည်း ကိုတင်ပို့ရမည့် သင်္ဘောပေါ်သို့ ရောက်ရှိသည်အထိ တင်ပို့ပေးရန် တာဝန်ရှိပြီး ဝယ်သူသည် ကုန်ပစ္စည်း သင်္ဘောပေါ်သို့ ရောက်ရှိပြီးသည်နှင့် တစ်ပြိုက်နက် ကုန်ပစ္စည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုနှင့် ကုန်ကျစရိတ်အားလုံးကို တာဝန်ယူရမည်ဖြစ်ခြင်းကြောင့် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ငွေကြေးအရနစ်နာမှုမရှိသော်လည်း မြန်မာ့ဆန်ငြင်းဆန်ခံရမှုသည် အလေးထားဖြေရှင်းရမည့် ပြဿနာဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် သက်ဆိုင်ရာဝန်ကြီး ဌာနတို့ ပူးပေါင်း၍ ဆန်စပါးလောက ရေရှည်တိုးတက်ရန် ရှေးရှုမျှော်မှန်း၍ အားနည်းနေသည့် မူဝါဒများ ပြုပြင်ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ၂၀၁၉ ခုနှစ် ဧပြီလ ၂၄ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ တာဝန်ရှိသူများပါဝင်သော စုံစမ်းရေးအဖွဲ့ ဖွဲ့စည်း၍ ဆန်တင်ပို့သည့် ကုမ္ပဏီများ၊ အရည်အသွေးစစ်ဆေးသည့် Bureau Veritas ကုမ္ပဏီနှင့် ဆန်ဝယ်ယူသည့် Olam International Co., Ltd တို့ကို အသေးစိတ်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဧပြီ ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၆ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၁၆၉၆ ကျပ်မှ ၂၂၁၄၈ ကျပ်အထိပေါက် ဈေးရှိကြောင်း သိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီ မြို့တွင် ၂၀၁၉ ခုနှစ် ဧပြီ ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများ အရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် မတ်လအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း၊ အီးယူ နှစ်သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၂၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်ဘစ် သုည ဒသမ ၆၇၅ သန်း၊ နိုင်ဂျီးရီးယား ၂ ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၆၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ ဒသမ ၁၀၀ သန်း၊ ယူအေအီး သုည ဒသမ ၉၀၀ သန်း၊ အမေရိကန် သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေ ဖြင့် တန်ချိန် ၂ ဒသမ ၈ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဧပြီ ၁၉ ရက်မှ ၂၄ ရက် အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၉.၄.၂၀၁၉ | ၂၂.၄.၂၀၁၉ | ၂၃.၄.၂၀၁၉ | ၂၄.၄.၂၀၁၉ |
| ၁ | ဧယာ | ၅ | ၂၀၂၀၀ | ၂၀၃၀၀ | ၂၀၃၀၀ | ၂၀၃၀၀ |
| ၂ | ဧယာ | ၁၀ | ၁၉၇၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ |
| ၃ | ဧယာ | ၂၅ | ၁၇၄၀၀ | ၁၇၃၀၀ | ၁၇၃၀၀ | ၁၇၂၀၀ |
| ၄ | ဧယာ | ၃၅ | ၁၆၉၀၀ | ၁၆၆၀၀ | ၁၆၆၀၀ | ၁၉၇၀၀ |
| ၅ | ဧည့်မထ | ၅ | ၁၉၀၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၉၀၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၁၈၅၀၀ | ၁၈၃၀၀ | ၁၈၃၀၀ | ၁၈၅၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၇၄၀၀ | ၁၇၃၀၀ | ၁၇၃၀၀ | ၁၇၂၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၆၉၀၀ | ၁၆၆၀၀ | ၁၆၆၀၀ | ၁၆၇၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။


မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့် ဈေးကွက်သစ်များရှာဖွေနိုင်ရန် အရေးတကြီး လုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိပါသည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်၊ အထွက်နှုန်း၊ နည်းပညာ၊ သုတေသန၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပိုမိုတွန်းအားပေး လုပ်ဆောင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံဆန်စပါးကဏ္ဍ ပိုမိုကောင်းမွန်လာစေရန်အတွက် ယှဉ်ပြိုင်မှုအားကောင်းရန် ဖန်တီးခြင်း၊ စိန်ခေါ်မှုများအနက် စပါးမျိုးစေ့ကောင်းမွန်ရေး၊ သွင်းအားစု၊ ကြိတ်ခွဲမှုစနစ်၊ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ ခေတ်မီနည်းပညာများနှင့် လိုက်လျောညီထွေမှုရှိခြင်း၊ သယ်ယူပို့ဆောင်မှုစနစ်၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ကို ပိုမိုကောင်းမွန်အောင်ပြင်ဆင်ပြီး နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားအဆင့်အတန်း စံသတ်မှတ်ချက်များ စံချိန်စံညွှန်းပြည့်မီရေး အထူးအလေးပေးဆောင်ရွက်သင့်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၇၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီလ နောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာ သုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၁၉.၄.၂၀၁၉ | ၂၂.၄.၂၀၁၉ | ၂၃.၄.၂၀၁၉ | ၂၄.၄.၂၀၁၉ | ၂၅.၄.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၂၂၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၆ | ဘားအံ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၂၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၁၀၀ | ၁၁၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၁ | ပုသိမ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ |
| ၁၄ | မုံရွာ | ၁၈၅၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ |
| ၂၀ | ပျဉ်းမနား | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၂၁ | နေပြည်တော် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၂၂ | ကလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |

Source-DOCA-Domestic







# VINCO SHIPPING

◆ MORE THAN YOU EXPECT ◆

www.vincoshipping.com

Vinco Int'l Shipping Services Co., Ltd.
No.130-3Fl,Shwe Taung Tan Street (Upper Block),
Lanmadaw Township, Yangon, Myanmar.
Tel : +95 1 2301579/ +95 9 43032996
Fax : +95 1 2301579





CHERRY OO
မိုးရာသီအကြို
Special Promotion
1~31 May-2019
25% Discount
50,000Ks Gift Voucher + 5% Discount
15% Discount
30,000Ks Gift Voucher + 5% Discount
7% Discount
ကျပ်(၃၀,၀၀၀)နှင့်အထက် နာရီဝယ်ယူသူတိုင်း
ခဲခြစ်ကံစမ်းမဲတစ်စောင် ရရှိမည်
https://www.facebook.com/cherryoowatchgallery
Contact : 09 730 222 48, 09 451 522 228




SAILUN TIRE
ATREZZO SH406
ATREZZO SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

# အသက်ရှည်ကျန်းမာ ဝင်ငွေတိုးဖို့ နဂါးမောက်ပင်စိုက်ပျိုးစို့

စာရေးသူတို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်အတွင်း ရောက်ရှိလာသည်နှင့် စိမ်းစိုသော တောတောင်ရှုခင်းများ ဖုံးလွှမ်းလျက်ရှိပြီး အေးမြသော ရာသီဥတုနှင့်အတူ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရဲ့ အလှအပများ ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့အိုဝဲလ်နေထိုင်သွားခဲ့သော မြို့ဖြစ်သည်နှင့်လျော်ညီစွာ ကိုလိုနီခေတ်၏ အဆောက်အအုံများကို လက်ရာမပျက် ထိန်းသိမ်းထားခြင်း၊ သီရိဓမ္မာအာသောကမင်းကြီးတည်ထားခဲ့သော မြစေတီ၊ ဘိုးတော်ဗဒုံမင်း တည်ထားခဲ့သော ရွှေဂူနီဘုရား၊ နတ်ပေါက်ဆင်လိမ္မာစခန်းများ တည်ရှိနေခြင်း၊ ဒေသထွက် သစ်သီးဝလံမျိုးစုံနှင့် စားသောက်ဖွယ်ရာများ ဈေးချိုသာခြင်းတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးသဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွားများဖြင့် အမြဲစည်ကားနေသော မြို့ဖြစ်သည်။



နှစ်တိုနှစ်ရှည် စိုက်ခင်းများအနက် စာရေးသူတင်ပြလိုသည်မှာ ကသာမှ ထီးချိုင့်သွားသော ခရိုင်ချင်းဆက်ကားလမ်းနံဘေးတွင်တည်ရှိသည့် ဦးအောင်ဇော်လင်း၏ နွယ်သာကီ အော်ဂဲနစ် နဂါးမောက်စိုက်ပျိုးထားသောခြံမှာ ကားလမ်းမှကြည့်လျှင်ပင် မဝင်ဘဲမနေနိုင်လောက်အောင် စနစ်တကျ စိုက်ပျိုးထားသည်ကို တွေ့ရှိရသည့်အတွက် ခြံတာဝန်ခံ ဦးကျော်လွင်နှင့်တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့ပါသည်။ နွယ်သာကီ အော်ဂဲနစ် နဂါးမောက်ခြံစိုက်ဧကမှာ ၁ ဧကခန့်မျှဖြင့် တစ်နှစ်လျှင် ပျမ်းမျှသိန်း ၁၅၀ ကျော်နှစ်စဉ်ဝင်ငွေရရှိကာ အလုပ်သမားလေးဦးအား တစ်နှစ်ပတ်လုံး အလုပ်ပေးထားနိုင်သဖြင့် ပိုမို၍ စိတ်ဝင်စားရခြင်းဖြစ်သည်။

နွယ်သာကီ အော်ဂဲနစ် နဂါးမောက်ခြံကို ၂၀၁၂ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ပြီး တစ်ဧကခန့်အကျယ်တွင် ပင်ခြားရှစ်ပေ၊ တန်းခြားရှစ်ပေ နဂါးမောက်ပျိုးပင်တင်ရန် အချင်းရှစ်လက်မအမြင့် ခုနစ်ပေရှိ သစ်လုံးတိုင်များ စိုက်ထူကာ ထိပ်တွင်ဘေးသို့ ကားထွက်စေရန် စင်ကလေးများပြုလုပ်ပြီး စင်အပေါ်မှ ဆိုင်ကယ်တာယာများဖြင့် ချည်နှောင်ထားရသည်ကိုတွေ့ရကာ တိုင်စင် ၄၀၀ အား အနက် တစ်ပေခွဲ ခန့်တူး၍ စိုက်ထူထားသော တိုင်တစ်တိုင်တွင် နဂါးမောက်ပင်လေးပင် စိုက်ထားသဖြင့် တိုင်စင် ၄၀၀ တွင် အပင် ၁၆၀၀စိုက်ထားရာ တိုင်ဘေးပတ်လည်တွင် ဝါးဖြင့် တစ်ပေခွဲအမြင့် ရက်လုပ်ကာကာရံ၍ သဘာဝနွားချေးနှင့် သစ်ရွက်ဆွေး၊ မြေပဲခွံနှင့် ဘိုကာရှီ မြေဩဇာများထည့်ကာ စိုက်ပျိုးထားသည်ကို ၎င်းနဂါးမောက်ပင်နှင့် စည်းခြံဘေးပတ်လည် ပေါင်းမြက်များနှင့် အပင်ကြီးတို့အား ရှင်းလင်းထားသည်ကိုလည်း တွေ့ရသည်။

ဘိုကာရှီမြေဩဇာ ပြုလုပ်ပုံများကိုလည်း ဆရာစားမချန် စိုက်ပျိုးလိုသူ ဝါသနာတူများကို ကိုယ်တိုင်ပြုလုပ်ပြီး အသုံးပြုနိုင်ရန်လည်း ပြောပြပါသေးသည်။ ဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်ပုံမှာ တစ်ဧကစာ တိုင်စင် ၄၀၀ အတွက် နွားချေးလှည်းတစ်စီး၊ မြေပဲခွံလှည်း လေးစီး၊ ကောက်ရိုးတစ်စီး၊ ဖွဲနုတစ်တင်းခွဲ၊ ငါးအမှိုင်နို ခြောက်လီတာ၊ အရိုးမှုန့် တစ်တင်းခွဲ၊ နှမ်းဖတ် (သို့)ပဲဖတ်တစ်တင်း၊ စွန့်ပစ် အချိုခြောက်မှုန့်တစ်တင်းခွဲနှင့် EM ဘိုကာရှီ ၁၀၀ ဂရမ်၊ ပြာတစ်တင်းတို့ကို ရောမွှေလိုက်၊ ရေဖျန်းလိုက်နှင့် သမအောင် အကြိမ်ကြိမ် မွှေပေးပြီး မိုးကာဖြင့် လေလုံအောင်ထားကာ ၁၄ ရက် တစ်ကြိမ် အပေါ်အောက် လှန်ပေးရပါသည်။ နှစ်ကြိမ်ခန့်အပေါ်အောက် မွှေနှောက်လှန်ပေးပြီးပါက ရက် ၄၀ ခန့်တွင် သဘာဝမြေဩဇာမှာ အေးလာပြီး အပင်များအတွက် အသုံးပြုနိုင်ပြီဖြစ်သည်။

စားသုံးသူများ အော်ဂဲနစ်နဂါး မောက်သီး စားသုံးခြင်းဖြင့် နဂါးမောက်သီးမှ ရရှိနိုင်သော ကျန်းမာရေး အကျိုးကျေးဇူးများမှာ နဂါးမောက်သီးတွင် (Antioxidant) များစွာပါဝင်သဖြင့် ကင်ဆာဆဲလ်ကိုဖြစ်စေသော ဖရီးရယ်ဒီကယ် (Free Redicals)များကို တားမြစ်နိုင်သည်။ နဂါးမောက်သီးတွင်ပါဝင်သော ဗီတာမင်ဓာတ်များ၊ သတ္တုဓာတ်များ၊ ကယ်ရိုတင်ဓာတ်၊ ဖက်တီးအက်ဆစ်၊ ကယ်လဆီယမ်နှင့် ဖော့စပရပ်ဓာတ်များပါဝင်သဖြင့် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောအဆီများကို လျော့နည်းစေခြင်း၊ အသက်ရှူလမ်းကြောင်းကြောင့် ဖြစ်သော ပန်းနာရင်ကျပ်ရောဂါကို သက်သာစေခြင်း၊ မျက်စိအမြင်အာရုံကို အားကောင်းစေပြီး သွေးတိုးဖြစ်မှုကိုလည်း လျှော့ချနိုင်ကာ ဆီးချိုရောဂါကိုလည်း သက်သာစေနိုင်သည့် ကျန်းမာရေးနှင့်ပတ်သက်သော အကျိုးကျေးဇူးများကို ခံစားရနိုင်သည်။

နွယ်သာကီ အော်ဂဲနစ် နဂါးမောက်ခြံတွင် ပျိုးပင်များ ပျိုးထောင်ထားရှိကာ စိုက်ပျိုးလိုသူများအတွက် မျိုးရောင်းချပေးခြင်း၊ မိမိကိုယ်တိုင် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လာနိုင် သည်အထိ နည်းပညာအခမဲ့ ကူညီပေးကြောင်း သိရသည်။

သို့အတွက် နွယ်သာကီအော်ဂဲနစ် နဂါးမောက်ခြံသို့ တစ်ခါတစ်ခေါက် သွားရောက်လေ့လာ၍ မြေဧကအနည်းငယ်ဖြင့် အချိန်တိုအတွင်း စီးပွားဖြစ်နိုင်ပြီး မိမိကိုယ်တိုင် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးနိုင်သော နဂါးမောက်ပင်ကို စိုက်ပျိုးခြင်းဖြင့် လူ့ဘဝ၏ အသက်ရှည်ကျန်းမာ၍ ဝင်ငွေတိုးဖို့ နဂါးမောက်ပင်ကို စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းတင်ပြလိုက် ရပါသည်။

**ကျော်စိန်ငွေး(ကသာ)**

စာမျက်နှာ (၈) စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများမှသည်. . . မှအဆက်

အိုင်ဗရီကိုစ့် နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ပြဿနာနှင့်ပတ်သက်ပြီး ဆန်တင်ပို့သည့် နိုင်ငံခြားကုမ္ပဏီကို အဓိကအပြစ်တင်ရန်ရှာနေရမည်မဟုတ်ဘဲ နောက်နောင်တွင် ယခုကဲ့သို့ ပြဿနာမျိုး မဖြစ်ပေါ်စေရေးအတွက် အားနည်းချက်၊ အားသာချက်များကို ဝိုင်းဝန်းအဖြေရှာကြရမည်ဖြစ်သည်။ ဝန်ကြီးဌာနနှင့်အတူ သက်ဆိုင်ရာ အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

ပြည်ပနိုင်ငံများမှ ဆန်လိုအပ်ချက်မှာ များပြားနေခြင်းကြောင့် မြန်မာ့ဆန် တင်ပို့ရောင်းချရမှုမှာလည်း ဆက်လက်မြင့်တက်လာဖွယ်ရှိနေသည်။ ထိုကဲ့သို့ အခြေအနေမျိုးကို လက်လွတ်မခံဘဲ အရည်အသွေးကောင်းသည့် ဆန်များဖြစ်ရေးကို ကြိုးပမ်းရမည်ဖြစ်သလို ရေရှည်အကျိုးစီးပွားအတွက်ကိုလည်း ထည့်တွက်ရမည်ဖြစ်သည်။ သို့အတွက်ကြောင့် မြန်မာ့ဆန်အရေးကိစ္စနှင့်ပတ်သက်၍ ရေရှည်အကျိုးကို မျှော်ကိုးပြီး အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ကာ Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး ခိုင်မာသည့်ဈေးကွက်များဆီသို့ မလွဲမသွေ ရောက်ရှိလာမည် ဖြစ်ပါသည်။



စာမျက်နှာ (၃) နိုင်ငံတကာဈေးကွက်များ၌ . . . မှအဆက်

ကီလို ၅၀ ရှိရမည်ဖြစ်၍ ၄၅ ကီလိုသာ ရှိသည့်အတွက် လက်မခံဘဲ ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်ဟု သိရပါကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဝယ်ယူတင်ပို့သည့် ကုမ္ပဏီ၊ ဆန် အရည်အသွေးနှင့် အလေးချိန်စစ်ဆေးသည့် Inspection Agency၊ ဝယ်ယူသူ Buyer များ၏ အားနည်းချက်ကြောင့် ဖြစ်သည်ကို ဆန်းစစ်ရန်လို အပ်ပါကြောင်း၊ ထို့ပြင် ယခုကဲ့သို့ဖြစ်စဉ် နောက်ထပ်မဖြစ်စေရန် စနစ်တကျ စီစဉ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသည့် အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဆန်တင်ပို့သည့်ကုမ္ပဏီကြီးများ၊ အရည်အသွေးစစ်ဆေးသည့် အဖွဲ့အစည်းများမှ အကြံဉာဏ်များ တင်ပြဆွေးနွေးရန် ပြောကြားလိုပါကြောင်း၊ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများသည်လည်း ဈေးကွက်ရရှိရေးကို အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာဈေးကွက်အတွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ခိုင်မာသည့်ဈေးကွက် တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များ တင်ပို့နိုင်ရေးကို သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့အစည်းများမှ ပိုမိုတွန်းအားပေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံအနေဖြင့် ယခင်နှစ်က ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆ သန်း တိုးမြှင့်တင်ပို့နိုင်ခဲ့ပါကြောင်း၊ ဆန်တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး အာဖရိကနိုင်ငံများသို့ ဒုတိယအများဆုံးတင်ပို့နိုင်ခဲ့ပါကြောင်း၊ မည်သည့်ပြဿနာမှ ကြီးကြီးမားမား မပေါ်ပေါက်ခဲ့ပါကြောင်း၊ ယခု အိုင်ဗရီကိုစ့်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ပြဿနာနှင့်ပတ်သက်၍ မြန်မာ့ဆန်ပုံရိပ် မကျဆင်းစေရေး၊ ရေရှည်တည်တံ့သည့် ဆန်တင်ပို့မှုစနစ်ဖြစ်ပေါ်ရေး၊ ဆန်စပါးကြိတ်ခွဲမှုအရည်အသွေးပြည့်မီရေး၊ အလေအလွင့် နည်းပါးရေး၊ အလေးတင်းတောင်းမှန်ကန်မှုရှိရေး၊ သယ်ယူပို့ဆောင်မှုကောင်းမွန်ရေး၊ မြန်မာ့ဆန်ပြည်ပဈေးကွက်သို့ ထိုးဖောက်ရာတွင် လိုအပ်သည့် စနစ်နှင့် အဖွဲ့အစည်းများ ထားရှိဆောင်ရွက်နိုင်ရေးကို အဖြေရှာ၍ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကိုယ်စားလှယ် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက အိုင်ဗရီကိုစ့်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မြန်မာ့ဆန်နှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ စားသုံးသူများ၏ စိုးရိမ်ထိတ်လန့်မှုနှင့် လေ့လာတွေ့ရှိချက်များ၊ အသင်းချုပ်အနေဖြင့် မီဒီယာများမှတစ်ဆင့် ပြည်သူများသို့ ရှင်းလင်းတင်ပြခဲ့မှု အခြေအနေ၊ ပြည်ပနိုင်ငံများသို့ သင်္ဘောများဖြင့်ဆန်တင်ပို့ခဲ့မှု အခြေအနေ၊ ပြည်ပနိုင်ငံများသို့ ဆန်ကြိတ်ခွဲတင်ပို့မှု လုပ်ငန်းစဉ်တစ်ခုလုံးကို ပြန်လည်သုံးသပ် စိစစ်လေ့လာသွားမည့်အခြေအနေ၊ အလေးချိန်မှန်ကန်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်နေမှု၊ နိုင်ငံတကာဆန်ဈေးကွက်အခြေအနေနှင့် မြန်မာ့ဆန်ပုံရိပ်ကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက ဆန်သင်္ဘောတင်ပို့မှုကိစ္စ၊ သင်္ဘောတင်ရန် စစ်ဆေးခြင်းကိစ္စ၊ သယ်ယူပို့ဆောင်သိုလှောင်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ပြည်ပသို့ ဆန်တင်ပို့သည့်ကုမ္ပဏီများနှင့် Inspection Agency များမှ ကိုယ်စားလှယ်များ၊ ဆန်စပါးကျွမ်းကျင်ပညာ ရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**MOC (IR)**

# Eidf;a&;wmf;t pd;&oHk;ESpfwmaqmi&GuFcJh r Q

# ပြောစမှတ်ပြုရသည့် မှတ်မှတ်ထင်ထင်အချို့

| မောင်လွင်ပြင် |

နိုင်ငံတော်အစိုးရသက်တမ်း သုံးနှစ်ပြည့်မြောက်သောအခါ အစိုးရ၏ လုပ်ဆောင်ချက်များ စုဆောင်းလေ့လာကြည့်မိသည်။ အစိုးရကိုယ်တိုင်ကလည်း သုံးနှစ်ပြည့်စွမ်းဆောင်နိုင်ချက်များကို နိုင်ငံပိုင်သတင်းစာများကတစ်ဆင့် ပြည်သူသို့ အစီရင်ခံခဲ့သည်။ အစိုးရသည် အာဏာစတင် သက်ဝင်ချိန်ကစပြီး အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်ချက်များကို ရင်ဆိုင်ကျော်လွှားရင်း ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးကို အားသွန်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ၏ လက်ရှိအစိုးရသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ရှိသည့် အင်အား၊ အတွေ့အကြုံဖြင့် ဆောင်ရွက်ရာတွင် လိမ္မာပါးနပ်စွာဖြင့် ညင်သာသိမ်မွေ့သောနည်း လမ်းကျင့်သုံးနိုင်ခဲ့၍ နိုင်ငံအတွက် အထိုက်အလျောက် အကျိုးစီးပွားများဖြစ်ထွန်းခဲ့သည်ဟု အကောင်းမြင်စိတ်ဖြင့် ရှုမြင်သုံးသပ်နိုင်သည်။

လက်ရှိနိုင်ငံတော်အစိုးရ စတင်တာဝန် ထမ်းဆောင်သော ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်အထိ သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သမျှထဲက နိုင်ငံနှင့်ပြည်သူများအတွက် မှတ်မှတ်ထင်ထင် ပြောစမှတ်ပြု ပေါ်ထွန်းခဲ့သော ကိစ္စကြီးများကို လေ့လာကောက်နုတ် တင်ပြချင်သည်။ ယင်းသည်လည်း လက်ရှိအစိုးရ၏ စွမ်းဆောင်ရည်နှင့် မှတ်ကျောက်ဖြစ်သည်ဟု မြင်သည်။ သိသာထင်ရှားသော အပြောင်းအလဲဟုလည်း မှတ်ယူနိုင်သည်။ အစိုးရ၏ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများတွင် သိသာထင်ရှားသော ကိစ္စတစ်ခုက ခေတ်အဆက်ဆက်အမြစ်တွယ်နေသော အဂတိလိုက်စားမှုများကို အတိုင်းအတာတစ်ခုအထိ ထိရောက်အောင် ကာကွယ်တားဆီး တိုက်ဖျက်နိုင်ခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးခွဲများ ဖွင့်နိုင်ခဲ့သည်။ အဂတိလိုက်စားမှုအများဆုံး ပေါ်ပေါက်ခဲ့သည့် ဝန်ကြီးဌာန ၁၄ ခုတွင် ရှေ့ပြေးစီမံချက်အနေဖြင့် အဂတိလိုက်စားမှုကာကွယ်တားဆီးရေးအဖွဲ့များ (CPU-Corruption Prevention Units) ကို ဖွဲ့စည်းတာဝန် ပေးနိုင်ခဲ့သည်။ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုကာကွယ်တားဆီးရေး အသိပညာပေးနိုင်ခဲ့သည်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုကာကွယ်ရေး အလုပ် ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့သည်။

သုံးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရာတွင် နိုင်ငံနှင့်လူမျိုးအတွက် အဓိကအရေးကြီးသောကိစ္စဖြစ်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလည်း အထိုက်အလျောက် ပြုလုပ်နိုင်ခဲ့ပြန်သည်။ မူးယစ်ဆေးဝါးနှိမ်နင်းတိုက်ဖျက်ရေးကို အထူးစီမံချက်ဖြင့် ဆောင်ရွက်သည့်အနေ ဖြင့် နိုင်ငံတော်သမ္မတရုံးသို့ အလွယ်တကူ တိုင်ကြား သတင်းပေးပို့နိုင်သည့်စနစ်ကျင့်သုံးခဲ့၏။ ယင်းစနစ်ကြောင့် မူးယစ်ဆေးဝါးအမှုကိစ္စများ ယခင်ထက် ပိုမိုဖမ်းဆီးနှိမ်နင်းနိုင်ခဲ့သည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ လုပ်ပိုင်ခွင့်ကိုလည်း ပိုမိုမြှင့်တင်ပေးနိုင်ခဲ့၏။ ဆုပေးဒဏ်ပေးစနစ် ကျင့်သုံးနိုင်ခဲ့သည့်အတွက်လည်း မူးယစ်ဆေးဝါးမှုများ ပိုမိုနှိမ်နင်းလာနိုင်ခဲ့သည်ကို တွေ့ရ၏။

အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်၌ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အသစ် ဖွဲ့စည်းလိုက်သော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့နိုင်ခဲ့ခြင်းသည် လည်း ထူးခြားသောလုပ်ရပ်အဖြစ် အသိအမှတ်ပြု ရမည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အစိုးရအဖွဲ့က တိုက်ရိုက်အုပ်ချုပ်စီမံခန့်ခွဲခွင့်ရသောအခါ အောက်ခြေပြည်သူလူထုနှင့်အစိုးရ အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူတို့ အမြဲမပြတ်ထိတွေ့ ဆက်ဆံခွင့်ရပြီး ပြည်သူ့လိုအပ်ချက်၊ ပြည်သူ့ဆန္ဒများကို အစိုးရကထိထိရောက်ရောက် ဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ခွင့်ရသွားပါမည်။ သို့မှလည်း ပြည်သူ့အစိုးရပီသပါမည်။ ပြည်သူ့အစိုးရပီသမှလည်း ဒီမိုကရေစီ ကြန်အင်လက္ခဏာနှင့်ပြည့်စုံပါမည်။ ဒီမိုကရေစီအစိုးရဟူသည်ပြည်သူကို ဝန်ဆောင်မှုအပြည့်အဝပေးရသော အစိုးရမျိုးဖြစ်သည်။

ထို့ပြင် အစိုးရ၏သုံးနှစ်တာပြုပြင်ပြောင်းလဲ မှုများထဲတွင် ပြည်သူများအတွက် 'ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့' ဖွဲ့နိုင်ခြင်းကလည်း ကောင်းသောလက္ခဏာနှင့် ထူးခြားသည်။ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းစသည်ဖြင့် ခံကြရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များ စသည်တို့က အကူအညီတောင်းခံလာပါက ဥပဒေဆိုင်ရာ အကူအညီပေးနိုင်ရေး ယင်းဥပဒေအထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့နိုင်ခြင်းသည် အစိုးရ၏ပြည်သူလူထုအပေါ် အမြော်အမြင်ရှိမှုကို ဖော်ပြနေသည်။ လူ့အခွင့်အရေးကိစ္စနှင့်ပတ်သက်၍လည်း လက်ရှိ အစိုးရသည် လက်မနှေးပါပေ။ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေးပွဲ၊ ဟောပြောပွဲများ ကျင်းပနိုင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာဘာသာမှ တိုင်းရင်းသား ဘာသာ ၁၀ မျိုးသို့ ဘာသာပြန်နိုင်ခဲ့သည်။ ထို့ပြင် တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသော တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို မှတ်တမ်းတင်ထိန်းသိမ်းနိုင်ခဲ့သည်။

စီးပွားရေးနှင့်ပတ်သက်လျှင် သုံးနှစ်တာ ကာလအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က စိစစ်ခွင့်ပြုနိုင်ခဲ့သည်က ပြည်ပနိုင်ငံပေါင်း ၂၂ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၅၈၄ ခုရှိခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၉၉ ဘီလီယံရှိသည်။ ထိုနည်းတူ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုအနေဖြင့်လည်း သုံးနှစ်တာအတွင်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ် ငန်း ၃၅၉ ခု ခွင့်ပြုနိုင်ခဲ့သည်။ တန်ဖိုးကျပ် ၇၃၉၀ ဒသမ ၃၄ ဘီလီယံဖိုးရှိသည်။ ၂၀၁၈ ခုနှစ်ဧပြီလ မှ စက်တင်ဘာလအထိ ခြောက်လတာဘတ်ဂျတ်တွင် နိုင်ငံစီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့ကြောင့် ထူးခြားမှုရှိလာသည်မှာ မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ စာရင်း (LDC-Least Development Country) မှ လွတ်မြောက်ရေး စံသတ်မှတ်ချက်သုံးခုစလုံးကို ၂၀၁၈ ခုနှစ် ပထမအကြိမ် ပြည့်မီသွားပြီဖြစ်သည်။ နောက်ထပ်နှစ်ကြိမ်ပြည့်မီသွားပြီဆိုလျှင် မိမိတို့မြန်မာနိုင်ငံ LDC စာရင်းက လုံးဝလွတ်မြောက်သွားပြီး ဖွံ့ဖြိုးစနိုင်ငံအနေဖြင့် ရပ်တည်နိုင်တော့မည်။

လက်ရှိအစိုးရ၏ သုံးနှစ်တာကာလအတွင်း ဆောင်ရွက်မှုများတွင် ပြည်သူလူထုအတွက်မရှိမဖြစ် အရေးတကြီးဖြစ်သော လျှပ်စစ်မီးရရှိရေး ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ထည့်ပြောမှပြည့်စုံပါမည်။ တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေးတိုးချဲ့ ဆောင်ရွက်ခဲ့ရာတွင် ယခုတစ်နိုင်ငံလုံး အိမ်ထောင်စုပေါင်း ၄၀ ရာခိုင်နှုန်းကျော်လျှပ်စစ် မီးသုံးစွဲခွင့်ရနေပြီဖြစ်သည်။ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးအိမ်ထောင်စု ၅၀ ရာခိုင်နှုန်း လျှပ်စစ်မီးသုံးစွဲနိုင်ပါတော့မည်။ တစ်နိုင်ငံလုံး မီးလင်းရေးကိုတော့ ၂၀၃၀ ပြည့်တွင် မီးလင်းရမည်ဟု စီမံကိန်းချထားသည်။ အလုပ်သမားအရေးနှင့် ပတ်သက်လျှင်လည်း အနည်းဆုံးအခကြေးငွေကို နှစ်နှစ်တစ်ကြိမ် ဥပဒေနှင့်အညီ သတ်မှတ်ပေးနိုင်ခဲ့သည်။ ယခုတစ်ရက်လုပ်ခကျပ် ၄၈၀၀ ဆိုသော်လည်း နောက်တစ်ကြိမ်တွင် သည့်ထက်ပိုများလာစရာရှိသည်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်ခဲ့သည်။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ လုံခြုံဘေးကင်းရေး၊ ရသင့်ရထိုက်သည့်အခွင့်အရေးများရရှိရေး၊ လုံခြုံစိတ်ချရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ရေး စသည်တို့ကိုလည်း အစိုးရက G to G ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ပြင် ပြည်သူများအတွက် မည်သည့်ခေတ်အခါတွင်မျှ လုပ်မပေးနိုင်ခဲ့သော တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ ဖော်ဆောင်ခြင်း၊ အငြိမ်းစားဝန်ထမ်းများအတွက် ဝန်ထမ်း အိမ်ရာများဖော်ဆောင်ခြင်း၊ အငြိမ်းစားဝန်ထမ်း လစာများ တိုးမြှင့်ပေးခဲ့ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးအတွက် ၂၁ ရာစုပင်လုံညီလာခံကို တတိယအစည်းအဝေးထိ ကျင်းပနိုင်ခဲ့သည်။ ယခုဆိုလျှင် ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း (၂) အဖြစ် သဘောတူညီချက် ၁၄ ချက် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယင်းတို့သည် အစိုးရ၏သုံးနှစ်တာကာလအတွင်း ထူးခြားသော စွမ်းဆောင်ချက်များထဲက အချို့တစ်ဝက်သာဖြစ်ပါကြောင်း အကျဉ်းချုံးကောက်နုတ်တင်ပြလိုက်ရပါသည်။



## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ်/ရှပ်တဲလ် (၂၀၁၂) | K | ၂၉၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၂။ | ဗီလ်ဒါ (၂၀၁၀) | N | ၃၂၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၃။ | ဗစ် (၂၀၁၁) | ယာယီ | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၄။ | ဘယ်လ်တာ (၂၀၁၁) | K | ၂၃၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | အက်ဇီယို(၂၀၁၃) | M | ၃၁၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၆။ | နီဆန်း/ဂျူကီ (၂၀၁၁) | N | ၃၄၅ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | မတ်(ခ်)တူး (၂၀၀၄) | J | ၂၈၅ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ရက်တစ် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ ဖှာပုံလမ်း | ၁၁၀၀ စ/ပေ | MB (1), BR (1) ခန်း | ၁၄၅၀ သိန်း | ရောင်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၂။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၂၀၀ စ/ပေ | MB (1), BR (1) ခန်း | ၁၅၅၀ သိန်း | ရောင်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၃။ | လုံးချင်း | သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | ၆၄၀၀ စ/ပေ<br>၂၄၀၀ စ/ပေ | MB (3), BR (2),RC (2) ထပ် | ၁၈ သိန်း | ငှားရမ်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၄။ | လုံးချင်း | ဗဟန်းမြို့နယ်တက္ကသိုလ် ရိပ်သာလမ်းသစ်၊ အေးရိပ်သာလမ်းသွယ် | ၄၈၀၀ စ/ပေ<br>၂၄၀၀ စ/ပေ | MB (4), BR (2) | ၆၀ သိန်း | ငှားရမ်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၅။ | မြေ | သန်လျင်မြို့နယ်၊ သီလဝါလမ်းရပ်ကွက် | (၆၀ x ၈၀)ပေ | မြေသီးသန့် | ၁၁၀၀ သိန်း | ညှိနှိုင်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးကားလမ်း | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၅၅ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက် | (၃၀ x ၅၀)ပေ | BN (1) ထပ် | ၁၆၅၀ သိန်း | အိမ်အသင့်အတင့်၊ မြေပိုပါ | ၀၉/၅၁၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ သမိန်ဗရမ်းလမ်းထောင့်၊ (၃၅) ရပ်ကွက် | (၄၀ x ၆၀)ပေ | BN (2) ထပ် | ၂၅၀၀ သိန်း | မြေပိုပါ၊ နေရာဟောင်း | ၀၉/၅၁၁၇၂၆၂ |
| ၉။ | လုံးချင်းအိမ် | လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ | (၄၀ x ၆၀)ပေ | RC (2) ထပ် | ၅၀၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |

## သကြၤန်ပြီးကာလ ရော်ဘာဈေးတက်

မတ်လ ၃၀ ရက်မှ ဧပြီ ၁၉ ရက်အထိ ကာလအတွင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရော်ဘာ RSS-3 အမျိုးအစား သုံးတန်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုကာလအတွင်း မြန်မာ-တရုတ်နယ်စပ်မှ ရော်ဘာတင်ပို့မှုမရှိကြောင်းနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ်လ ၃၁ ရက်မှ ဧပြီ ၂၀ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၅ သန်းကျော် တန်ဖိုးရှိရော်ဘာ အဆင့်စုံတန်ချိန် ၄၄၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ တင်ပို့ခဲ့သောနိုင်ငံများမှာ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများဖြစ်ပြီး ဧပြီလအတွင်းမှာ ရော်ဘာတင်ပို့မှုလျော့ကျသော်လည်း သင်္ကြန်ပြီး ကာလမှာရော်ဘာ ဈေးတက်လာကြောင်း သိရသည်။

သင်္ကြန်ပြီးကာလ ရော်ဘာဈေးမှာ သင်္ကြန်မတိုင်မီက ဈေးထက် တစ်တန်ကို ဒေါ်လာ ၅၀ ဈေးတက်သွားပြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဈေးနှုန်း



ထုတ်ပြန်ချက်အရ ပြည်ပသို့ တင်ပို့မည့် မြန်မာ့ရော်ဘာ FOB ဈေးနှုန်းများကို ဖော်ပြလိုက်ပါသည်။

| | | | |
|---|---|---|---|
| RSS-1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၀၀ |
| RSS-2 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS-3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS-4 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS-5 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |

**ယဉ်ယဉ်အေး**

## ပေါက်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း တိုးချဲ့ဖွဲ့စည်းနိုင်ရေး သနပ်ခါးစိုက်တောင်သူများနှင့် တွေ့ဆုံ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင် ဦးစီးမှူးရုံးအနေဖြင့် ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ ပေါက်မြို့နယ်တာဝန်ခံ ဦးကျော်စိုးနှင့် ဝန်ထမ်းများအဖွဲ့သည် ပြည်တွင်း ကုန်သွယ်မှု မြှင့်တင်ရေးအတွက် ဧပြီ(၉)ရက် မွန်းတည့် ၁ နာရီတွင် ပေါက်မြို့နယ်၊ အင်းယာကျေးရွာ စာသင်ကျောင်း၌ ပေါက်မြို့နယ်၊ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း တိုးချဲ့ဖွဲ့စည်းနိုင်ရေး ကမ်းပျိုကျေးရွာ၊ အင်းယာကျေးရွာ၊ မုန်တောကျေးရွာ၊ ဆူးလေကုန်းကျေးရွာမှ သနပ်ခါးစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူး ဦးသန်းဦးက ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ အနေဖြင့် အစုအဖွဲ့များ၊ အသင်းအဖွဲ့များ၊ ဇုန်များ ဖွဲ့စည်းခြင်း၊ ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ဆိပ်ဖြူမြို့နယ် များတွင် သနပ်ခါးအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ပေါက်မြို့နယ် သနပ်ခါးအသင်းကိုလည်း အလုပ်အမှုဆောင် ၃၃ ဦး ဖွဲ့စည်းထားရှိကြောင်း၊ ယခုတွေ့ဆုံပွဲသည် မြို့နယ်အတွင်းရှိ ကျန်ရှိနေသည့် ကမ်းပျို၊ အင်းယာ၊ ဆူးလေကုန်း၊ မုန်တောကျေးရွာများမှ သနပ်ခါးစိုက်တောင်သူများ ပါဝင်စေလို၍ အသင်းထပ်မံတိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပေါက်မြို့နယ် သနပ်ခါးအသင်းကို အောင်မြင်ခိုင်မာသော အသင်းတစ်ခု ဖြစ်စေလိုကြောင်း၊ မြန်မာ့သနပ်ခါးသည် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်ကြောင်း၊ သနပ်ခါးကို ဓာတ်ခွဲ စမ်းသပ်ကြည့်သောအခါ သနပ်ခါးအဆီသည် အသည်းအားတိုးဆေး၊ နှလုံးအားတိုးဆေးအဖြစ် အသုံးဝင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ သနပ်ခါးအများဆုံးစိုက်ပျိုးသော တိုင်းဒေသကြီးများမှာ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းများဖြစ်သည်ဟု သတ်မှတ်ထားကြောင်း၊ သနပ်ခါး တစ်ပင်စိုက်ပျိုးရသည့်အချိန်မှာ ၇ နှစ်မှ ၁၀ နှစ်ထိ ကြာမြင့်သည်ဟု သိရှိရကြောင်း၊ ပြည်ပနိုင်ငံများမှလည်း မြန်မာ့သနပ်ခါးကို ဓာတ်ခွဲ စမ်းသပ်ပြီးမှ ဝယ်ယူလိုကြောင်း၊ မြန်မာ့သနပ်ခါးအသင်းကြီးမှလည်း သနပ်ခါးကို ပြည်ပသို့ ဈေးကွက်ထိုးဖောက်ရန် ကြိုးစားနေသောကြောင့် ပိုးသတ်ဆေးကြွင်းများ ပျက်ပြယ်စေမည့် နည်းလမ်းများကိုစဉ်းစားနေပါကြောင်း၊ မန္တလေးမြို့ ကျောက်တော်ကြီးဘုရားတွင် သနပ်ခါးပွဲတော်ကျင်းပခဲ့ကြောင်း၊ သနပ်ခါးအသင်းများမှသွားရောက်ပြသခဲ့ကြောင်း၊ ပေါက်မြို့နယ် သနပ်ခါးအသင်းမှာ အသင်းသားများ မဟုတ်သေးသည့်အတွက် ပါဝင်၍မရကြောင်း၊ သနပ်ခါးသည် ယခင်ကသစ်တောထွက်ပစ္စည်းဟု သတ်မှတ်ထားကြောင်း၊ ယခုအခါ မြန်မာ့သနပ်ခါးအသင်းကြီးမှ တောင်းဆိုထားသည့်အတွက် ဖြေလျှော့ထားပါကြောင်း၊ လွတ်လပ်စွာရောင်းဝယ်နိုင်ပါကြောင်း၊ အသင်းဝင်ကတ်များဆောင်ရွက်ထားခြင်းဖြင့် သယ်ယူပို့ဆောင်သည့်အခါများနှင့် ရောင်းဝယ်သည့်နေရာများတွင် အဆင်ပြေနိုင်ကြောင်း၊ ဈေးကွက် အနှိမ်မခံရကြောင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းထားခြင်းဖြင့် လိုအပ်သည့်တောင်းဆိုမှုများကို တစ်နေရာတည်းတွင် အများအပြားပေးနိုင်ကြောင်း၊ ထို့ကြောင့် တစ်ယောက်တစ်မျိုးစိုက်ပျိုးခြင်းထက် တစ်အုပ်တစ်မတည်းစိုက်ပျိုးပြီး အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျှင် အောင်မြင်နိုင်ကြောင်း၊ သနပ်ခါး ကို ဓာတ်ခွဲစမ်းသပ်လျှင် ဒေါ်လာ ၄၀၀၀၀ ခန့် ပေးရသည်ဟု သိရှိရကြောင်း၊ ပြည်ပသို့ တင်ပို့လိုသည့်အတွက် အများအားဖြင့် ဓာတ်ခွဲစမ်း သပ်ကြ ကြောင်း၊ ယခု ကမ်းပျိုအုပ်စုအတွင်းရှိ ကျေးရွာများအနေဖြင့် သနပ်ခါးစိုက်တောင်သူများအား ပေါက်မြို့နယ် သနပ်ခါးစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းတွင် ပါဝင်စေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးပွဲ တက်ရောက်လာသော သနပ်ခါးစိုက်တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ဦးစီးမှူးက အကျယ်တဝင့် ပြန်လည်ဖြေကြားပေးခဲ့သည်။ ယခင်ကပေါက်မြို့နယ် သနပ်ခါးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ၃၃ ဦးရှိရာ ယခု ကျေးရွာများမှ သနပ်ခါးစိုက်တောင်သူ(၄)ဦး ထပ်မံ ဖွဲ့စည်းခဲ့ပြီး စုစုပေါင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ၃၇ ဦးဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ **သူဇာကျော် (ပခုက္ကူ)**

## ဧရာဝတီတိုင်းဒေသကြီးတွင် ဒေါ်လာ ၁ ဒသမ ၂၇ သန်း တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခုခွင့်ပြု

ဧရာဝတီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၁၉) အစည်းအဝေးမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၂၇ သန်း တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခုခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဆန်စပါးအခြေခံတန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းနှင့် စီးပွားရေး အဆောက်အဦးများ ဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် Home Textiles ချုပ်လုပ်ခြင်းလုပ်ငန်း၊ တန်ဖိုးနည်းအပန်းဖြေအိမ်ရာဆောက်လုပ် ငှားရမ်းခြင်းလုပ်ငန်းနှင့် စပါးပျိုးထောင်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြပွဲများကို ကျင်းပလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ဟိုတယ်ဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက်တို့တွင် ကျင်းပခဲ့သည်။

**ရောမြေ**

# တောင်ကြီးတွင် အလုပ်ရုံဆွေးနွေး ပွဲကျင်းပ

ရှမ်းပြည်နယ် တောင်ကြီးမြို့ ကမ္ဘာ့ဇကုန်သွယ်မှုဗဟိုဌာနတွင် Workshop on Making an export plan ဆွေးနွေးပွဲကို မတ်လ ၂၈ ရက်မှ ၂၉ ရက်အထိ GIZ ၏အကူအညီဖြင့် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ရှမ်းပြည်နယ်အတွင်းရှိ အသင်းအဖွဲ့နှင့် ကုမ္ပဏီများသည် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို EU နိုင်ငံများနှင့် အခြားနိုင်ငံများသို့ တင်ပို့ရာတွင် လိုက်နာရမည့် အခြေခံအချက်အလက်များကို သိရှိနားလည်စေရန် မိမိလုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်ချက်များကို နားလည်စေရန်၊ မိမိတို့ထုတ်ကုန်များကိုပို့ချင်သော နေရာသို့ အောင်မြင်စွာတင်ပို့နိုင်စေရန် မိမိတို့အဖွဲ့အစည်းကို ယုံကြည်မှုနှင့် စွမ်းရည်မြှင့်တင် ပေးနိုင်ရန်၊ လက်တွေ့ကျသော တင်ပို့ခြင်းအစီအစဉ်များ ရေးဆွဲတတ်စေရန်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်စိုးမိုး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ရန်ကုန်တိုင်း ဒေသကြီးမှ ဦးစီးမှူး ဦးကောင်းထွဋ်အောင်တို့က Making an export plan ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းမှ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ထောပတ်စိုက်ပျိုးထုတ် လုပ်တင်ပို့ရောင်းချသူများအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းတို့မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ် အမှုဆောင်အဖွဲ့ဝင်များက မိမိတို့လုပ်ငန်းများ၏ လုပ်ငန်းအတွေ့အကြုံများကို ပြန်လည်ဆွေးနွေးခဲ့ကြပြီး သိရှိလိုသည်များကိုလည်း ပြန်လည် မေးမြန်းခဲ့သည်။

ဆွေးနွေးပွဲတွင် ကုန်စည်ပြပွဲများ တက်ရောက်မည်ဆိုပါက ကြိုတင်ပြင်ဆင်ရမည့် မိမိ၏ ဖောက်သည်၊ အလားအလာရှိသော ဝယ်သူ လုပ်ဖော်ကိုင်ဖက်၊ မီဒီယာ၊ လွှမ်းမိုးနိုင်သော သူများ ရွေးချယ်သတ်မှတ်ပုံ၊ ပြပွဲကာလတွင် ဖောက်သည်များ၊ အလားအလာရှိသော လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံနိုင်ရန် စီစစ်ရမည့်အကြောင်းများ၊ မိမိတို့၏ ဝက်ဆိုက်တွင်ပြပွဲနှင့် ပတ်သက်သော သတင်းအချက်အလက်များ ဖော်ပြရန်၊ ပြပွဲကာလအတွင်း ပြပွဲတက်ရောက်သည့် ပုဂ္ဂိုလ်များ၏ အချက်အလက်များ စုဆောင်းသင့်ပုံတို့ကို လည်းကောင်း၊ ပြပွဲပြီးဆုံးချိန်တွင် ကျေးဇူးတင်ရှိကြောင်း အဆက်အသွယ်ပြုလုပ်ရန်တို့ကိုလည်း ကောင်း မိမိဆက်သွယ်ခဲ့သော အလားအလာရှိသော ဖောက်သည်များကို စိတ်ရှည်လက်ရှည် နောက်ကြောင်းပြန်လိုက်ရန်တို့ကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဖောက်သည်ရှာဖွေရာတွင် အဓိကကျသောကုန်စည်ပြပွဲကြီးများသို့ တက်ရောက်လာသော တင်သွင်းသူများကို ရှာဖွေဆက်သွယ်သင့်ပုံ၊ CBI ဝက်ဆိုက်တွင် ထုတ်ကုန်များအလိုက် ရှာဖွေဆက်သွယ်သင့်ပုံ၊ ဝယ်သူများ၏ ဝက်ဘ်ဆိုက်များ၊ လိပ်စာများ၊ အချက်အလက်များကို သေချာစွာ သိမ်းထားသင့်ပုံ၊ ကုန်စည်ပြပွဲတွင် တွေ့ဆုံခဲ့သော သက်ဆိုင်ရာကုမ္ပဏီများသို့ လည်ပတ်ခြင်း၊ ဖုန်းခေါ်ဆိုခြင်း၊ အီးမေးလ်ပို့ခြင်းများ ဆက်လက်ဆောင်ရွက်သင့်ပုံ၊ ဝယ်သူများနှင့်ဆက်ဆံရာတွင်လည်း မိမိကုမ္ပဏီ၏ ထူးခြားချက်များကို အချိန်တိုအတွင်းမှာပင် ပြောဆိုသင့်ပုံ၊ ဈေးနှုန်းပြောဆိုရာတွင် ခိုင်ခိုင်မာမာ ပြောဆိုသင့်ပုံ၊ ရောင်းချခြင်းကို အစမ်းအမြည်း သဘောမျိုး ကမ်းလှမ်းနိုင်ပုံများကိုလည်း ဆွေးနွေးခဲ့ကြသည်။

**စောမောင် (တောင်ကြီး)**

# မြန်မာ့သီးနှံ ရှစ်မျိုး တရုတ်သို့ တရားဝင်တင်ပို့နိုင်ရန် ဆောင်ရွက်

မြန်မာနိုင်ငံထွက် သီးနှံရှစ်မျိုးကို တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့နိုင်ရန်အတွက် တရုတ်နိုင်ငံ၏ အရည်အသွေးကြီးကြပ်စစ်ဆေးရေးနှင့် ရောဂါထိန်းချုပ်ရေးဌာန (AQSIQ) ၏ အသိအမှတ်ပြုလက်မှတ်ရယူရန် ဆောင်ရွက်နေကြောင်း သိရသည်။ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့မည့်သီးနှံ ရှစ်မျိုးမှာ ထောပတ်၊ ကျွဲကော၊ ငှက်ပျော၊ ဝဥ၊ ဖာလာ၊ နာနတ်သီး၊ ဒူးရင်းသီးနှင့် ရှောက်မျိုးနွယ်ဝင်တို့ဖြစ်သည်။ ထောက်ခံချက်ဖြင့် တင်ပို့နေသော သီးနှံရှစ်မျိုးမှာ ဖရဲ၊ သခွား၊ သရက်၊ ဆီးသီး၊ မင်းကွတ်၊ ကြက်မောက်၊ လိုင်ချီး၊ တောကြက်မောက်သီး တို့ဖြစ်ပြီး၊ လက်ရှိတွင် ဖရဲ၊ သခွား၊ သရက်နှင့် ဆီးသီးတို့ကိုသာ တင်ပို့နိုင်ခဲ့သည်။

ဈေးကောင်းရရှိစေရန် မိမိတင်ပို့မည့်အသီးအနှံ အရည်အသွေးကောင်းမှုပေါ်မှာ မူတည်နေပြီး တောင်သူဘက်က ကိုယ့်အသီးပေါ် အာမခံချက်ရှိအောင် စိုက်ပျိုးမယ်ဆိုရင် ဈေးကောင်းရမည်ဖြစ်ပါသည်။ လက်ရှိတွင် ဖရဲမှာ ရာသီကုန်ချိန်နီးလာတာကြောင့် ဝယ်လက်များ ဈေးကောင်းပေးလုဝယ်နေကြပြီး သရက်က ရာသီပေါ်စဖြစ်ခြင်းကြောင့် အဝင်များပြီး ဈေးကျနေပါသည်။ သခွားဈေးကွက်က စပေါ်ချိန်မှ ယခုချိန်ထိ ဈေးကွက်ရရှိနေဆဲဖြစ်ပါသည်။

မင်းကွတ်သီးမှာ ဈေးကောင်းရရှိသော်လည်း အထွက်နှုန်းကျဆင်းတာကြောင့် ဈေးကွက်အတွင်း အဝင်နည်းနေပါသည်။ တရားဝင်တင်ပို့မည့် သီးနှံများတွင် ကျရောက်တတ်သည့်ပိုးမွှားများ၊ စိုက်ခင်းအတွင်းသုံးသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ၊ ကူးစက်ပျံ့နှံ့တတ်သည့် ပိုးမွှားများ ပါဝင်မှုရှိမရှိကို တရုတ်နိုင်ငံတာဝန်ရှိသူများက လာရောက်စစ်ဆေးပြီး သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှုရှိပါက (AQSIQ) ၏ အသိအမှတ်ပြုလက်မှတ် ရရှိမည်ဖြစ်သည်။

အသိအမှတ်ပြုလက်မှတ်ရရှိသော သီးနှံများကို တရုတ်နိုင်ငံ၏ ကုန်သွယ်ပေါက် (၂၂) ပေါက်မှ လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး အသိအမှတ်ပြုလက်မှတ်ရရှိမှသာလျှင် ဈေးကွက်အနိုင်ကျင့်ခံရမှုများ၊ ဆုံးရှုံးမှုများ၊ လိမ်လည်မှုများမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

**ခင်မြနွယ်**

# မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် Myanmar - Thailand Friendship (OTOP) Fair - 2019 ကျင်းပ

မြန်မာ-ထိုင်း ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမတွင် Myanmar - Thailand Friendship (OTOP) Fair -2019 ပြပွဲကို ဧပြီ ၂၀ ရက်မှ ၂၂ ရက်ထိ ကျင်းပခဲ့ကြောင်း သိရသည်။

Myanmar-Thailand Friendship (OTOP) Fair -2019 ဖွင့်ပွဲကို ဧပြီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့ပြီး၊ ရှေးဦးစွာ မွန်ရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့ပြီး မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းထိန်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် (OTOP) တာဝန်ရှိသူတစ်ဦးက ပြပွဲကျင်းပရသည့် ရည်ရွယ်ချက်များ ရှင်းလင်းခြင်း၊ UTTARADIT ခရိုင်အုပ်ချုပ်ရေးမှူး မာ့နိအာ့နာခါ့မတ်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး လက်ဆောင်များပေးအပ်ခဲ့ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

အဆိုပါပြပွဲကို Glorify Travels & Tours Co.,Ltd.နှင့် ထိုင်းနိုင်ငံအခြေစိုက် OTOP တို့မှ ပြပွဲစီစဉ်သူအဖြစ် ဦးစီးဆောင်ရွက်ခဲ့ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ရာမညကုန်သွယ်မှုဗဟိုဌာနမှ လိုအပ်သည့် အကူအညီများအား ချိတ်ဆက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ပြပွဲတွင် ထိုင်းနိုင်ငံရှိ Provincial Community Development Office Community Development Promotion Group မှ အမေရိကန်ဒေါ်လာ ၅၁၃၀ ဒသမ ၀၀ တန်ဖိုးရှိ ထိုင်းနိုင်ငံ အသေးစား၊ အလတ်စား စက်မှုလက်မှု လုပ်ငန်းထုတ်ကုန်၊ ဒေသထွက်ပစ္စည်းများကို ပြခန်းပေါင်း ၅၀ ခန်းကျင်းပြသခဲ့ပြီး ပြပွဲကို ဧပြီ ၂၀ ရက်မှ ၂၂ ရက်ထိ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ လာရောက်ပြသသော အသေးစား အလတ်စား စက်မှုလက်မှုလုပ်ငန်း ထုတ်ကုန် များနှင့် ဒေသထွက်ကုန် ပစ္စည်းများအား မိမိဒေသထွက် အသေးစား၊ အလတ်စား စက်မှုလက်မှု လုပ်ငန်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် အတွေ့အကြုံဖလှယ်ရင်း လာရောက် လေ့လာကြည့်ရှု ဝယ်ယူသူများရှိကြောင်း သိရှိရသည်။

**ဝင်းမြတ် (ရာမည)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) **ဖုန်း**-၀၁ ၂၅၄၀၂၄ **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ **အီးမေးလ်**- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Ph:081-2121615, Fax:081-2121627,<br>email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-2221005,Ph:083-2221005<br>email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။<br>Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း


## ၂၉-၄-၂၀၁၉ မှ ၅-၅-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အရောင်းအဝယ်လုပ်ငန်းများဖြင့် အထူးအောင်မြင်၍ဝင်ငွေများတိုးပွားလာမည့်ကာလဖြစ်သည်။ မိတ်ဆွေအဆက်အသွယ်ကောင်းများရ၍ ပျော်ရွှင်စရာများကြုံရတတ်ပါသည်။ ပညာရေးတွင် အဆင့်မြင့်ပညာများသင်ကြားခွင့်ရမည်။ အချစ်ရေးတွင် စန်းပွင့်နေပြီးချစ်သူရွေးရန် အခက်ကြုံရတတ်သည်။ ကျန်းမာရေးချူချာနေတတ်သည်။ **ယတြာ။ ။ထီးလှူပါ။**



**တနင်္လာသားသမီးများအတွက်** ရန်အနှောင့်အယှက်များကြောင့် အလုပ်အကိုင်အကြံအစည်များ ပျက်ပြားနေတတ်သည်။ အကြီးအကဲများအတွက် စိတ်သောကရှိသည်။ ပညာရေးအခြေအနေပုံမှန်ရှိနေမည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးသုခ ရှိနေမည်။ မိခင်၏ကျန်းမာရေးကြောင့် ငွေကြေးအကုန်အကျများနေမည်။ စိတ်ပူပင်ရတတ်သည်။

**ယတြာ။ ။ ကဿပမြတ်စွာဘုရားအားရည်စူး၍ဆွမ်းကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ဝင်ငွေထက် အသုံးစရိတ်ပိုများနေတတ်သည်။ ခိုင်မာသောဆုံးဖြတ်ချက်ချမှတ်၍ လုပ်ငန်းများလုပ်ကိုင်လျှင် အောင်မြင်မှုရတတ်သည်။ လုပ်ငန်းများပုံမှန်လည်ပတ်လာလျှင် ဘဏ္ဍာရေးအခြေအနေတိုးတက်လာလိမ့်မည်။ ပညာရေးတိုးတက်ကောင်းမွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးအနေဖြင့် လေရောဂါဖြစ်တတ်သည်ကို ဂရုစိုက်ပါ။

**ယတြာ။ ။ကြာဆန်ကြော်လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စားသောက်ဖွယ်ကောင်းသောလုပ်ငန်းသစ်များတိုးချဲ့လုပ်ကိုင်ရတတ်သည်။ ကိုယ်တိုင်ကြိုးစားအားထုတ်မှုကြောင့် အကျိုးအမြတ်ခံစားရမည်။ ပညာရေးတိုးတက်မှုရှိမည်။ အချစ်ရေးတွင် မိမိ၏အမှားကြောင့် ပြဿနာပေါ်တတ်သည်။ ကွေကွင်းရတတ်သည်။ ငွေကုန်များပြီး စိတ်ဖိစီးမှုများလာသောကြောင့် ကျန်းမာရေးထိခိုက်လာတတ်ပါသည်။

**ယတြာ။ ။ခရီးသွားသူအား ခရီးစရိတ်လှူဒါန်းလိုက်ပါ။**



**ကြာသပတေးသားသမီးများအတွက်** အလုပ်အကိုင်အကြံအစည်များတိုးတက်အောင်မြင်မည်။ လုပ်ငန်းများချဲ့ထွင်ရတတ်သည်။ အထက်လူကြီးများ မစမှုရမည်။ မြေယာဝင်ကိန်းကြုံမည်။ အလှူအတန်းကြီးများပေးရလိမ့်မည်။ ပညာရေးတိုးတက်အောင်မြင်မှုရှိမည်။ အချစ်ရေးသာယာမှုရှိမည်။ ကျန်းမာရေးတွင် ဝဲဘက်မျက်စိဥပဒ်အန္တရာယ်ပေါ်တတ်ပါသည်။

**ယတြာ။ ။ဘုရားတွင်မေမြို့ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** တရားသောစိတ်ဖြင့် အရာရာဆောင်ရွက်လိုသည်။ အဆင်ပြေစေသော အကြံဉာဏ်ပေးနိုင်မည်။ စီးပွားရေးတွင် ဦးဆောင်မှုဖြင့် လုပ်ကိုင်ရတတ်သည်။ ရွှေ၊ ငွေဈေးတက်လာနိုင်သည်။ မော်တော်ယာဉ်လုပ်ငန်းများ အောင်မြင်လိမ့်မည်။ ပညာရေးအောင်မြင်မှုရှိနေမည်။ အချစ်ရေးကို အတွေးထဲတွင် လွမ်းမိုးနေတတ်သည်။ ကျန်းမာရေးကောင်းမွန်လာပါမည်။

**ယတြာ။ ။ ဒန်းညွန့်လှူပါ။**



**စနေသားသမီးများအတွက်** လူမှုရေး၊ စီးပွားရေးအောင်မြင်မှုရှိလာတတ်သည်။ ငွေကြေးအတွက် အတိုက်အခံစကားမျိုးပြောရတတ်သည်။ မြေတွင်းထွက်ရတနာများနှင့်အကျိုးပေးအားကောင်းနေမည်။ ပညာရေးအောင်မြင်မှုအတွက် ကြိုးစားရလိမ့်မည်။ အချစ်ရေးတွင် မပြတ်မသားဆုံးဖြတ်မှုဖြစ်လာတတ်သည်။ ကျန်းမာရေးအနေဖြင့် ယားယံခြင်းဝေဒနာခံစားရမည်။ သွေးသားမမှန်ခြင်းဖြစ်မည်။

**ယတြာ။ ။အင်ကြင်းပန်းလှူပါ။**

# ရေနံချောင်းမြို့နယ်တွင် ထန်းလျက်လှိုင်လှိုင်ပေါ်နေပြီး ဈေးကောင်းမရ

ရေနံချောင်းမြို့နှင့် ချောက်မြို့နယ်များတွင် ထန်းလျက်ဈေးကျနေကြောင်း အထက်ပါဒေသများမှ ထန်းတောင်သူများထံမှ သိရသည်။

ယခုတစ်ပတ်တွင် ထန်းလျက်တစ်ပိဿာ ကျပ် ၁၀၀၀ ပေါက်ဈေးရှိပြီး ယခင်ဖေဖော်ဝါရီလလယ်တွင်တစ်ပိဿာကျပ် ၁၆၀၀ ဈေးရှိကြောင်း ရေနံချောင်းမြို့နယ် စိန်ပန်းပင်ကျေးရွာအုပ်စုမှ တောင်သူဦးထွန်းဦးက ပြောသည်။

ချောက်မြို့နယ်ကြောင်လှာတောကျေးရွာအုပ်စုမှ တောင်သူ ဦးမြမောင်က "ထန်းလျက်ဈေးကျတယ်။ နေအပူရှိန်မြင့်တော့ ပုံမှန်ဆိုရင် ထန်းရည်ငါးဂါလန်ဝင်ပုံးခြောက်ပုံးရတဲ့ အနေအထားကနေ အခု နေအပူရှိန်မြင့်လို့ ထန်းရည်အထွက်မှာ ငါးဂါလန်ပုံးလေးပုံးလောက်ပဲထွက်တယ်"ဟုပြောသည်။

"ထန်းလျက်ပေါ်စ ဖေဖော်ဝါရီလ ဆန်းပိုင်းက ထန်းလျက်တစ်ပိဿာကျပ် ၁၆၀၀ ဈေးရှိပါတယ်။ လက်ရှိဈေးတစ်ပိဿာကျပ် ၁၀၀၀ ရောင်းရတဲ့ အတွက် ဈေးကျနေတယ်။ နယ်အဝယ်အေးလို့ ဈေးကျတာဖြစ်တယ်။ လုပ်ငန်းသုံးအနေ နဲ့လည်း အဝယ်အေးပါတယ်။ ယခင်နှစ်က ကုန်ချိန် ၅၀၀ လှောင်ထားတဲ့ အနေအထားကနေ ယခုကုန်ချိန် ၃၅၀ နဲ့ ၄၀၀ ကြားသာဝယ်တဲ့အနေအထားပါပဲ။ဈေးကျတာပေါ့ "ဟု ရေနံချောင်းမြို့နယ်မှ ထန်းလျက်ပွဲစား ဦးတင်လေးက ပြောသည်။ **ဆန်းညွန့် (ရေနံချောင်း)**

# ချင်းဆိုင်ကျေးရွာတွင် ကြက်မွေးမြူရေးခြံများ စနစ်တကျမွေးမြူနိုင်ရေး ကွင်းဆင်းစစ်ဆေး

ကလေးမြို့၊ သာစည်ကျေးရွာ အုပ်စု၊ ချင်းဆိုင်ကျေးရွာသည် အိမ်ခြေ ၂၁၆ အိမ်ရှိပြီးကြက်ခြံမွေးမြူသူဦးရေ ၅၀ ကျော်သည် ရွာထဲတွင်အနံ့ မွေးမြူနေသောကြောင့် ရွာတွင်းတွင် ကြက်ခြံမှ အနံ့ဆိုးများ၊ ယင်များပေါများနေပြီး ကျန်းမာရေးနှင့် နေထိုင်ရန်မသင့်သော အခြေအနေဖြစ်နေကြောင်း၊ ရွာတွင်းရှိ ရေနုတ်မြောင်းအတွင်းသို့ ကြက်ခြံများမှ ထွက်ရှိသော အညစ်အကြေးများကို စွန့်ပစ်နေကြသည့်အတွက် ပတ်ဝန်း ကျင်များညစ်ညမ်းနေပါသဖြင့် ကြက် မွေးမြူနေသောလုပ်ငန်းရှင်များလည်းအဆင်ပြေစေရန်နှင့် ရွာအတွင်းနေထိုင်သူများလည်း ကျန်းမာရေးမထိခိုက်စေရန် ရည်ရွယ်၍ ရွာအတွင်း မွေးမြူခြင်းမပြုဘဲရွာ အပြင်တစ်နေရာသို့ ကြက်မွေးမြူရေးဇုန်အဖြစ် မွေးမြူသင့်ကြောင်း တင်ပြတိုင်ကြားခဲ့သည်။



မွေးမြူရေးခြံများ ရွှေ့ပြောင်းစရိတ် မတတ်နိုင်ခြင်းများရှိကြောင်း သိရှိရသည်။

အဆိုပါတိုင်ကြားမှုကို ဧပြီ ၂၅ ရက်တွင် ကလေးခရိုင်စားသုံးသူရေးရာဦးစီး ဌာနမှအဖွဲ့ခေါင်းဆောင်၊ အဖွဲ့ဝင်များဖြစ်ကြသော ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးမှူးတို့ သွားရောက်၍ ကြက်မွေးမြူသူများကို စစ်ဆေးမေးမြန်းခဲ့သည်။ ရွာအတွင်းတွင် မွေးမြူရေး လုပ်ကိုင်ခွင့်မပြုတော့လျှင် ရွာပြင်မိမိတို့ပိုင်လယ်ယာမြေများကို လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်တင်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်မှုကို ဆွေးနွေး မေးမြန်းရာ အချို့မွေးမြူသူတို့မှာ လယ်ယာမြေမရှိခြင်း၊ အချို့မှာ လယ်ယာမြေရှိသော်လည်း လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်တင်ပြရာတွင် အခက်အခဲများ ကြုံတွေ့နိုင်ခြင်း၊ တချို့မှာ မွေးမြူရေးခြံများ ရွှေ့ပြောင်းစရိတ် မတတ်နိုင်ခြင်းများရှိကြောင်း သိရှိရသည်။

ယခုလိုမွေးမြူရေးလုပ်ငန်းကို စားဝတ်နေရေး အဆင်ပြေစေရန် လုပ်ကိုင်ရခြင်းဖြစ်ကြောင်း သိရှိရသည်။ အကယ်၍ နိုင်ငံတော်မှမွေးမြူရေးလုပ်ကိုင်ရန် အတိုးနှုန်း သက်သာသော ချေးငွေများ ချေးပေးလျှင် အဆင်ပြေကြောင်း သိရှိရသည်။

အဖွဲ့ဝင်ဖြစ်သော ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမြင့်ဝင်းက ကြက်ခြံများ လိုက်လံစစ်ဆေးရာတွင် ကြက်ခြံသန့်ရှင်းရေးအတွက် နှစ်ရက်တစ်ကြိမ် ကြက်ချေးများကျုံး၍ စနစ်တကျပြုလုပ်ရန်၊ ခြံတွင်း ထုံးများဖြူးပေးရန်၊ ကြက်ချေးနံ့များကင်းစင်ရန်အတွက် EM ဆေးဝါးများ သုံးစွဲသင့်ကြောင်းနှင့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့် အညီမွေးမြူကြဖို့ ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ဇင်မိုးဝါ (ကလေးမြို့)**

# မွန်ပြည်နယ်တွင် သက်တမ်းလွန်ဆေးဝါးများ၊ စားသောက်ကုန်များ၊ တားမြစ် ဓာတုပစ္စည်းများ ပါဝင်သည့် အလှကုန်များ မီးရှို့ဖျက်ဆီး

မော်လမြိုင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည်မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် အခြားမိတ်ဖက်ဌာနများပါဝင်သော အဖွဲ့နှင့်ပူးပေါင်း၍ မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကော်မတီ၏ ကြီးကြပ်မှုဖြင့် မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ပေါင်မြို့နယ်တို့တွင် FDA နှင့် မိတ်ဖက်အဖွဲ့များမှဈေးကွက်အတွင်း မသိမ်း



ဆည်းခဲ့သော စုစုပေါင်းတန်ဖိုး ၁၅၆၉၅၄၂၈ ကျပ် တန်ဖိုးရှိသည့် တရားမဝင်ဆေးဝါး ၅ မျိုး၊ သက်တမ်းလွန်ဆေးဝါး ၂၈ မျိုး၊ တားမြစ်ဓာတုပစ္စည်းပါဝင်သော အလှကုန် ၃၆ ဘူး၊ သက်တမ်းလွန်အလှကုန် ၂၆ မျိုး၊ သက်တမ်းလွန် စားသောက်ကုန် ၆ မျိုး၊ ဆေးကုမ္ပဏီများမှ လာရောက်အပ်နှံသော သက်တမ်းလွန်ဆေးဝါး ၅၂ မျိုးတို့အား မော်လမြိုင်မြို့၊ မုရောင်းအမှိုက်ကျင်း၌ ဧပြီ ၂၅ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မိုးမိုး (မွန်)**

# ၂၀၁၉ ခုနှစ် ပထမနှစ်လအတွင်း ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး ကဏ္ဍတွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာတစ်ဘီလီယံရှိခဲ့

ဗီယက်နမ်နိုင်ငံ၏ ပြည်ပသို့ တင်ပို့ခဲ့သော တန်ဖိုးမှာ နှစ်စဉ် ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း ၂၀၁၉ ခုနှစ် ပထမနှစ်လ အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရှိခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ပြီးခဲ့သော နှစ်အလားတူကာလထက် ၃ ရာခိုင်နှုန်း တိုးတက်မှုဖြင့် ပြန်လည်ဆန်းစစ်သော ကာလအတွင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံရှိသော လယ်ယာသစ်တောငါးလုပ်ငန်း ထုတ်ကုန်များကို တင်သွင်းခဲ့ပါကြောင်း၊ အဆိုပါနှစ်လအတွင်း ၇ ရာခိုင်နှုန်းကျဆင်းမှုဖြင့် တိရစ္ဆာန်မွေးမြူရေးမှ အမေရိကန်ဒေါ်လာ ၇၇ သန်း ရရှိခဲ့သည့်အချိန်တွင် စုစုပေါင်းပြည်ပသို့ တင်ပို့ခဲ့သော ဝင်ငွေကျဆင်းမှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၁ ဘီလီယံဖြင့် လယ်ယာထွက်ကုန် တင်ပို့ခဲ့မှုတွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခြင်းက တစ်စိတ်တစ်ပိုင်းဖြစ်ပါကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ် ပထမနှစ်လအတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ အလားအလာကောင်းသော အခန်းကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံဖြင့် နှစ်စဉ်တင်ပို့မှုတိုးတက်နှုန်း ၄ ဒသမ ၄ ရာခိုင်နှုန်းရှိသော ရေထွက်ကုန်များနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံဖြင့် နှစ်စဉ်တင်ပို့မှု တိုးတက်နှုန်း ၁၂ ဒသမ ၈ ရာခိုင်နှုန်း ရှိသော သစ်တောထုတ်ကုန်များ အသီးသီးရှိနေသေးကြောင်း စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် မူဝါဒနှင့် မဟာဗျူဟာတက္ကသိုလ်လက်အောက်ရှိ ဈေးကွက် သုတေသနနှင့် ကုန်ပစ္စည်းဌာနခွဲ၏ အကြီးအကဲက ပြောကြားခဲ့သည်။

ပထမနှစ်လအတွင်း ဆန်တင်ပို့မှုကို အမေရိကန်ဒေါ်လာ ၃၆၄ သန်း ဖြင့် တန်ချိန် ၈၃၇၀၀၀ တန်တို့အား ခန့်မှန်းထားခဲ့ပါကြောင်း၊ အဆိုပါကိန်းဂဏန်းများက နှစ်စဉ်တန်ဖိုးအားဖြင့် ၁၀ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း အရေအတွက်အားဖြင့် ၁ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပါကြောင်း၊ အဆိုပါတင်ပို့မှုများအနက် ဖေဖော်ဝါရီလတွင် ဆန်တင်ပို့ခဲ့မှုကို ဝင်ငွေအမေရိကန်ဒေါ်လာ ၁၆၉ သန်းဖြင့် တန်ချိန် ၃၉၉၀၀၀ တန်တို့အား ခန့်မှန်းထားခဲ့ပါကြောင်း သိရှိရသည်။

ယခုနှစ်၏ပထမသုံးလအတွင်း ဆန်တင်ပို့မှုကို တိုးမြှင့်ပြီး ကုန်သွယ်မှု မြှင့်တင်ရေးလှုပ်ရှားမှုတွင် ပါဝင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ဖိလစ်ပိုင်နိုင်ငံသို့ Working group အား စေလွှတ်မည်ဖြစ်ပါကြောင်း ဝန်ကြီးဌာန၏ လယ်ယာလုပ်ငန်းစဉ်နှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ ခေတ္တ ညွှန်ကြားရေးမှူးက ပြောကြားသည်။

၂၀၁၉ ခုနှစ် ပထမနှစ်လအတွင်းတွင် တန်ဖိုးအားဖြင့် လျော့ကျခဲ့သော်လည်း အရေအတွက် တိုးတက်ခဲ့သော အခြားထုတ်ကုန်များ တင်ပို့မှုများတွင် အမေရိကန်ဒေါ်လာ ၉၂သန်းဖြင့် ၂၀ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ချိန် ၃၁၀၀၀ တန်ဖြင့် ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သော ငရုတ်ကောင်းနှင့် အမေရိကန်ဒေါ်လာ ၂၉၃ သန်းဖြင့် ၆ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ချိန် ၂၂၈၀၀၀ တန်ဖြင့် ၂၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သော ရော်ဘာတို့ပါဝင်ကြောင်း သိရှိရသည်။

တစ်ချိန်တည်းမှာပင် ကော်ဖီ တင်ပို့မှုမှာလည်း တန်ဖိုးအမေရိကန် ဒေါ်လာ ၆၁၀ သန်းဖြင့် နှစ်စဉ် ၁၀ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ တန်ချိန် ၃၂၆၀၀၀ တန်ဖြင့် နှစ်စဉ် ၇ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သည်။

## ရေထွက်ကုန်တင်ပို့မှုများ

၂၀၁၉ ခုနှစ် ပထမနှစ်လအတွင်း နိုင်ငံတော်အတွက် ရေထွက်ကုန်တင်ပို့ မှုမှနှစ်စဉ်၄ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်မှုဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ဝင်ငွေရရှိခဲ့ပါကြောင်းနှင့် အဆိုပါကာလအတွင်း စုစုပေါင်းတင်ပို့မှုတန်ဖိုး၏ ၅၃ ရာခိုင်နှုန်းရှိသော ဗီယက်နမ်နိုင်ငံ၏ ရေထွက်ကုန်များတင်ပို့ခဲ့သည့် ထိပ်တန်းဈေးကွက် လေးခုမှာ ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ဖြစ်ပါကြောင်း ဝန်ကြီးဌာန၏ လယ်ယာလုပ်ငန်းစဉ်နှင့် ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ ပြောကြားချက်အရ သိရှိရသည်။

မြန်မာနိုင်ငံတွင် tra fish မွေးမြူရေးအဆောက်အအုံ မကြာမီပြီးစီးတော့မည်ဖြစ်သောကြောင့် တရုတ်ဈေးကွက်တွင် ဗီယက်နမ် tra fish တင်ပို့သူများက မြန်မာမှ ပြင်းထန်သော ယှဉ်ပြိုင်မှုကို ရင်ဆိုင်ရလိမ့်မည်ဟု ဌာနခွဲက ကြိုတင်ခန့်မှန်းထားပါကြောင်း၊ ထို့ပြင် ဗီယက်နမ်နိုင်ငံတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် အာဏာသက်ဝင်သော CPTPP ၏ အကောက်ခွန်သက်သာခွင့်နှင့်ဆိုင်သော ကုန်စည်လိုင်းများအတွက် အကျိုးခံစားခွင့်များ ရရှိလိမ့်မည်ဖြစ်သောကြောင့် ပုစွန်တင်ပို့သူများအတွက် သတင်းကောင်းဖြစ်ကြောင်း သိရှိရသည်။

## သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုများ

၂၀၁၉ ခုနှစ် ပထမနှစ်လအတွင်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၅၈၄ သန်းဖြင့် နှစ်စဉ် ၉ ဒသမ ၉ ရာခိုင် နှုန်း ကျဆင်းခဲ့ပါကြောင်း ဌာနခွဲ၏ ပြောကြားချက်အရ သိရှိရပါကြောင်း နှင့် အဆိုပါကျဆင်းခြင်းမှာ Lunar New Year ကြောင့် ဖေဖော်ဝါရီလတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ဈေးကွက်အပြောင်းအလဲ အတက်အကျများကြောင့်ဖြစ်ကြောင်း သိရှိရသည်။

စုစုပေါင်းတင်ပို့မှုများ၏ ၇၂ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ဇန်နဝါရီလတွင် ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အများဆုံး တင်ပို့ခဲ့သော ဈေးကွက်မှာ တရုတ်နိုင်ငံ ဖြစ်ပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ ၆၈ ဒသမ ၂ ရာခိုင်နှုန်း၊ နယ်သာလန်နိုင်ငံ သို့ ၆၀ ဒသမ ၂ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံသို့ ၅၄ ဒသမ ၈ ရာခိုင်နှုန်းနှင့် ယူအေအီးနိုင်ငံသို့ ၃၆ ဒသမ ၈ ရာခိုင်နှုန်းတို့ဖြင့် ခိုင်မာသော တိုးတက်မှုများကိုလည်း မြင်ခဲ့ရပါကြောင်းနှင့် ဖေဖော်ဝါရီလတွင် အမေရိကန်ပြည်ထောင်စုက ဗီယက်နမ်နိုင်ငံမှ လတ်ဆတ်သော သရက်သီးများတင်သွင်းမှုများကို ခွင့်ပြုခဲ့ပါကြောင်းနှင့် အမေရိကန် ပြည်ထောင်စုသို့ ဗီယက်နမ်နိုင်ငံ၏သစ်သီးဝလံတင်ပို့မှုများသည် သရက်သီးတင်ပို့မှု၏ကျေးဇူးကြောင့် မြင့်မားသောတိုးတက်မှုကို ဆက်လက်တွေ့မြင် ရလိမ့်မည်ဖြစ်ပါကြောင်း ကြိုတင်ခန့်မှန်းထားကြသည်။

**Source; vietnamnet.vn**

**ချိုချိုမာ(ပို့ကုန်)**

# မြန်မာစားသုံးသူသမဂ္ဂနှင့် ဩစတြေးလျ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင်တို့ တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ဧပြီ ၁၂ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်) နှင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ မြန်မာစားသုံးသူများသမဂ္ဂမှ တာဝန်ရှိသူများနှင့် ဩစတြေးလျ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင်မှ လက်ထောက် ညွှန်ကြားရေးမှူးဖြစ်သူ Mr. David Wang ၊ ဩစတြေးလျနိုင်ငံ၊ The University of Sydney မှ Consultant ဖြစ်သူ Ms. Patty Kamvounias တို့ တွေ့ဆုံဆွေးနွေးခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ နည်းပညာအကူအညီပေးအပ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင်တက်ရောက်လာကြသူများက အဓိကအားဖြင့် အာဆီယံနိုင်ငံများအား အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ စားသုံးသူကာကွယ်ရေးနယ်ပယ် စီမံကိန်းအရ ကူညီထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကြောင့် ဈေးကွက်အတွင်း လုံခြုံစိတ်ချရမှုရှိသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ရရှိစေရန် ဆောင်ရွက်ပေးသည့်လုပ်ငန်းဖြစ်သဖြင့် ဈေးကွက် အရည်အသွေးမြင့်မားစေကာ စားသုံးသူယုံကြည်မှုအဆင့်အတန်းကိုလည်း မြင့်မားတိုးတက်စေကြောင်း၊ မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀/၂၀၁၄) ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ယခုအခါ ယင်းဥပဒေကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲကာ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင်ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၉/၂၀၁၉) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူကာကွယ်ရေး ဥပဒေ ၂၀၁၉ နှင့်အညီ စားသုံးသူကာကွယ်ရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)တို့တွင် စားသုံးသူရေးရာကော်မတီများကိုဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနသည် ဈေးကွက်အတွင်းစုံစမ်းစစ်ဆေးရန် စစ်ဆေးရေးမှူးများနှင့် စစ်ဆေးရေးအရာရှိများအား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူတိုင်ကြားမှုများကို လက်ခံ ဆောင်ရွက်ပြီး တိုင်ကြားလာသော ကိစ္စရပ်များအပေါ် စိစစ်ဆောင်ရွက်ခြင်း၊ စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား ညှိနှိုင်း ဖြေရှင်းပေးခြင်း၊ ဆက်လက်၍ သက်ဆိုင်ရာဦးစီးမှူးရုံးများ၏ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာ စားသုံးသူရေးရာကော်မတီများကလည်း စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တွေ့ဆုံဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနသည် နေပြည်တော် (ရုံးချုပ်) တွင် ဌာနခွဲခြောက်ခုရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဦးစီမှူးရုံးများကို ဖွင့်လှစ်ထားကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်းတွင် စားသုံးသူပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ လူထုဆက်သွယ်ရေး နည်းလမ်းများဖြင့် သတင်းအချက်အလက် ဖြန့်ဖြူးသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ စာအုပ်များ၊ လက်ကမ်းကြော်ငြာများကို ပုံနှိပ်ထုတ်ဝေခြင်း၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ကျင်းပခြင်းကဲ့သို့သော စားသုံးသူအလေးဂရုပြုမှုမြှင့်တင်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စားသုံးသူများ လုံခြုံစိတ်ချရမှု မရှိသော ကုန်စည်နှင့် အာမခံနှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှုတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက တိုင်ကြားမှုများကို လက်ခံဆောင်ရွက်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်း၊ ဈေးကွက်အတွင်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးခြင်းနှင့် လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာစားသုံးသူများသမဂ္ဂကဲ့သို့သော အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ စားသုံးသူပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ စားသုံးသူတိုင်ကြားမှုများကို လက်ခံဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ Website ကို လွှင့်တင်ထားပြီး စားသုံးသူ တိုင်ကြားမှုများကို Online မှတစ်ဆင့် လက်ခံဖြေရှင်းခြင်း၊ ထုတ်ကုန် သတိပေးလှုံ့ဆော်ခြင်းနှင့် စားသုံးသူများအား အသိပညာပေးသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် သတင်းအချက်အလက်များကို မျှဝေဖလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမျိုးထိုက် (စားသုံးသူ)**

# ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ ၂၀၁၉ ရန်ကုန်မြို့၌ ပြုလုပ်

နှစ်စဉ် ဧပြီ၂၆ ရက်တွင် ကျရောက်သော ကမ္ဘာ့ အသိဉာဏ်ပစ္စည်းနေ့ ၂၀၁၉ (World Intellectual Property Day 2019) အခမ်းအနားကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်/စက်မှု အသင်းချုပ်၌ ပြုလုပ်ခဲ့သည်။

ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ ၂၀၁၉ အခမ်းအနားကို ရွှေဆုဆွတ်လှမ်း အသိဉာဏ်ပစ္စည်းနှင့် အားကစားအစွမ်း (Reach For Gold: IP and Sports) ဆောင်ပုဒ်ဖြင့် USAID၊ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် မြန်မာနိုင်ငံအသိ ဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များ အသင်းတို့က ဦးဆောင်ကျင်းပခဲ့ခြင်း ဖြစ်သည်။




"မြန်မာနိုင်ငံမှာအသိဉာဏ်ပစ္စည်း မူပိုင်ခွင့်နေ့ကို ၂၀၁၅ ခုနှစ်ကစပြီး ကျင်းပခဲ့ပါတယ်။ကျွန်တော်တို့ နိုင်ငံရဲ့ ပိုင်ဆိုင်မှုတွေဖြစ်တဲ့ မြန်မာနိုင်ငံသားတွေ တီထွင်ထားတဲ့အရာတွေအားလုံး၊ ရေမြေပေါ် မှာရှိတဲ့ ရိုးရာပစ္စည်းတွေအားလုံးကို ကမ္ဘာက သိအောင် ဆောင်ရွက်ပြီး ဥပဒေနဲ့အညီ အကာအကွယ်ယူထားရမှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံသားတစ်ယောက် အားကစားမှာ ရွှေဆုရရှိလာပြီဆိုရင် နိုင်ငံတော်အတွက် အကျိုးရှိပါတယ်။ ပြည်သူတွေအနေနဲ့ နိုင်ငံချစ်စိတ်တွေ ပိုလာမယ်။ မြန်မာနိုင်ငံသားတွေရဲ့ အားကစားဆိုင်ရာ တီထွင်ဖန်တီးမှုတွေ၊ သုတေသနပြုမှုတွေကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေနဲ့ ကာကွယ်ရမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ပြောကြားသည်။

ထို့နောက် ရွှေဆုဆွတ်လှမ်း အသိဉာဏ်ပစ္စည်းနှင့် အားကစားအစွမ်း (Reach For Gold: IP and Sports)ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို အားကစားလောကမှ အသိပညာရှင် အတတ်ပညာရှင်များ၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

**သန်းထိုက်အောင်**

# MPT ၏ မြန်နှုန်းမြင့် အင်တာနက်ကို နိုင်ငံငါးနိုင်ငံတွင် စတင်သုံးစွဲနိုင်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် ဟောင်ကောင်တို့သို့ ခရီးသွားလာကြမည့် MPT သုံးစွဲသူများသည် မြန်နှုန်းမြင့် အင်တာနက် LTE+ Data Roaming ဒေတာဝန်ဆောင်မှုကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဧပြီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုအစီအစဉ်တွင် MPT အသုံးပြုသူများသည် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် ဟောင်ကောင်တို့တွင် မြန်နှုန်းမြင့်အင်တာနက် LTE+ Data Roaming ကို လက်ရှိပရိုမိုးရှင်းနှုန်းထားများဖြင့် ချိတ်ဆက်အသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အမြန်ဆုံး အင်တာနက်ဝန်ဆောင်မှုကိုအချိုသာဆုံး ဈေးနှုန်းတွေနဲ့ MPT အသုံးပြုသူတွေ နိုင်ငံရပ်ခြားမှာ ချိတ်ဆက်အသုံးပြုနိုင်ဖို့ အတွက် မြန်နှုန်းမြင့်အင်တာနက် LTE+ ကို ပေးစွမ်းနိုင်ခဲ့ပါပြီ။ မြန်မာနိုင်ငံက MPT SIM နဲ့ 4G/LTE Handset သာ ရှိမယ်ဆိုရင် ကိုယ့်ရဲ့ဖုန်းနံပါတ်နဲ့ ဆင်းမ်ကတ်ကို ပြောင်းစရာမလိုဘဲ မြန်မာနိုင်ငံမှာရှိတဲ့ ကိုယ့်ရဲ့စီးပွားရေး လုပ်ဖော်ကိုင်ဖက်တွေ၊ မိသားစုတွေနဲ့ သူငယ်ချင်းတွေဆီကို တစ်ဖက်နိုင်ငံကို ရောက်သွားတာနဲ့ ချက်ချင်းဆိုသလို ဆက်သွယ်နိုင်မှာပါ" ဟု MPT-KSGM Joint Operations ၏ Chief Commercial Officer ဖြစ်သူ Mr. Reizo Umeda က ပြောကြားသည်။

ယခုနှစ်မတ်လအတွင်းတွင်လည်း MPT မှ Data Roaming နှုန်းထားနှင့် Package အစီအစဉ်သစ်ကို MPT GSM/ WCDMA မိုဘိုင်းလ် အသုံးပြုသူများ အတွက်မိတ်ဆက်ပေးခဲ့ပြီး ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဟောင်ကောင်၊ မကာအိုနှင့် ထိုင်ဝမ်နိုင်ငံတို့တွင် အင်တာနက်အသုံးပြုမှုတိုင်းအတွက် 1MB လျှင် ၉ ကျပ်ဖြင့် တစ်ပတ်လျှင် ဝန်ဆောင်ခနှုန်းထား ကျပ် ၉၀၀ ပေးသွင်းအသုံးပြုနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုနိုင်ရန် Experian ကူညီပံ့ပိုး

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ပြီးပြည့်စုံသော ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ရန်အတွက် Experian က အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေကြောင်း သိရသည်။

Experian သည် ကိုယ်ပိုင်နည်းပညာဖြင့် တယ်လီဖုန်းအသုံးပြုသူများ၏ သုံးစွဲမှုနှင့် သုံးစွဲပုံအလေ့အထဆိုင်ရာ ဒေတာအချက်အလက်အပေါ် သုံးသပ်ဆန်းစစ်ထားသည့် သတင်းအချက်အလက်များကို အခြေခံကာ တရားဝင်ချေးငွေသုံးစွဲမှု မှတ်တမ်းရှိနေရန် မလိုအပ်ဘဲ တစ်ဦးတစ်ယောက်ချင်းစီ ငွေကြေးဆိုင်ရာ အထောက်အထားများ ရရှိစေရန် ပြုလုပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

'Experian အနေနဲ့ Alternative Data ကို အသုံးပြုပြီး အရှေ့တောင်အာရှတစ်ဝန်းမှာရှိတဲ့ ဘဏ်စာရင်းမရှိသူများနဲ့ ဘဏ်စာရင်းဖွင့်ဖို့ လက်လှမ်းမမီသူများအတွက် ငွေကြေးဆိုင်ရာ အထောက်အထားတွေ ရရှိစေဖို့ လုပ်ဆောင်ခဲ့ပါတယ်။ အခြားကြီးစား အားထုတ်မှုဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ အတူ CekAja နဲ့ RinggitPlus တို့လို ဒေသတွင်း ငွေကြေးဆိုင်ရာ ဈေးကွက်နေရာများနဲ့ ပူးပေါင်းပြီး ဒေသတွင်း ဆက်လက်တိုးတက် ကောင်းမွန်အောင် လုပ်ဆောင်ရင်း ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွေကို လက်လှမ်းမီ သုံးစွဲလာနိုင်အောင် လုပ်ဆောင်ပေးဖို့ ရည်ရွယ်ထားပါတယ်"ဟု Experian ၏ Southeast Asia & Emerging Markets ဌာနမှ မန်နေဂျင်းဒါရိုက်တာ Dev Dhiman က ပြောသည်။

**ချောစု**

# PPPlus Myanmar Loyalty Member Card စတင်မိတ်ဆက်

ပြည်တွင်းရှိ ဟိုတယ်သုံးခုဖြစ်သော Pan Pacific Yangon, Park Royal Yangon နှင့် Park Royal Nay Pyi Taw တို့ပူးပေါင်း၍ PPPlus Myanmar Member Card အသစ်ကို မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

မန်ဘာကတ်သစ် မိတ်ဆက်ခြင်း အခမ်းအနားကို ဧပြီ ၂၂ ရက်တွင် ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါကတ်ကို မိတ်ဆက်ပေးရခြင်းမှာ Pan Pacific Group လက်အောက်ရှိ ဟိုတယ်များဖြစ်သော်လည်း မန်ဘာကတ်များကွဲပြားနေသည့်အတွက် တစ်ခုတည်းနှင့် နေရာမရွေးအသုံးပြုနိုင်စေရန် ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကတ်လေးက သတ်မှတ်ဟိုတယ်သုံးခုရဲ့ Outlet တွေမှာ ၂၀ ရာခိုင်နှုန်း ဒစ်စကောင့်ကို ရရှိမှာဖြစ်ပါတယ်။ ဒီကတ်ကို လျှောက်ဖို့အတွက် အခုဟိုတယ်သုံးခုထဲက ဘယ်ဟိုတယ်မှာမဆို ဒေါ်လာ ၅၀ ဖိုးအသုံးပြုတာနဲ့ ဒီကတ်ကိုလျှောက်ခွင့်ရှိပါတယ်။ ဒီကတ်နဲ့ ရရှိမယ့် အကျိုးခံစားခွင့်က သတ်မှတ် Outlet တွေအပြင် Spa နဲ့ Fitness Center မှာပါ အကျိုးခံစားခွင့်ရမှာပါ" ဟု Pan Pacific Hotel Yangon မှ Director of Marketing & Communication မမီရှဲလ်ဝင်းက ပြောသည်။

အဆိုပါ မန်ဘာကတ်ကို ဟိုတယ်သုံးခုပေါင်း၍ ပထမဆုံး အကြိမ်လုပ်ဆောင်ပေးခြင်းဖြစ်ပြီး သတ်မှတ်ဟိုတယ်များတွင် အသုံးပြုပါက Club က အစ Restaurant and Bar များတွင်ပါ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ကတ်တစ်ကတ်ကို သုံးယောက်အသုံးပြုနိုင်မည်ဖြစ်ပြီး ၂၀ ရာခိုင်နှုန်းဒစ်စကောင့်ကို တစ်ပြိုင်နက်တည်း ၁၀ ဦးအထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကတ်သည် မြန်မာနိုင်ငံရှိ ဟိုတယ်သုံးခုတွင် တစ်ကတ်တည်းဖြင့် အသုံးပြုနိုင်မည့် ပထမဆုံး PPPlus Myanmar မန်ဘာကတ်ဖြစ်ပြီး သက်တမ်းနှစ်နှစ် ပေးထားကြောင်း သိရသည်။

**ချောစု**

# OBG ၏ ၂၀၂၀ ခုနှစ်အစီရင်ခံစာတွင် ဘဏ္ဍာရေးလုပ်ငန်း ပြုပြင်ပြောင်းလဲမှုများကို အဓိကဖော်ပြသွားမည်

မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးကို နိုင်ငံတကာသို့ ဖွင့်လှစ်နိုင်ရန်အတွက် ကြိုးပမ်းမှုအခြေအနေ၊ နိုင်ငံ၏ စီမံကိန်းရည်ရွယ်ချက်များကို အကောင်အထည် ဖော်နိုင်ရန်အတွက် လိုအပ်သည့်ဥပဒေနှင့် မူဘောင်ပြုပြင်တည်ဆောက်မှုအခြေအနေတို့ကို နိုင်ငံတကာသုတေသနနှင့် အတိုင်ပင်ခံလုပ်ငန်းဖြစ်သော Oxford Business Group(OBG) က ထုတ်ဝေမည့် The Report: Myanmar 2020 အစီရင်ခံစာသစ်တွင် အဓိကထည့် သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

The Report: Myanmar 2020 အစီရင်ခံစာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် Oxford Business Group တို့ ပူးတွဲထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# မြန်မာ့ရိုးရာရှေးဘိုးဘွားအမွေအနှစ်များ ကြိုးစားထိန်းသိမ်းစို့လား

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ဝသဲကျေးရွာအုပ်စုသည် တောင်သူလုပ်ငန်းအပြင် ဘိုးဘွားဘီဘင်လက်ထက်မှ အစဉ်အဆက်လက်ဆင့်ကမ်းခဲ့သော ရိုးရာအမွေအနှစ်လုပ်ငန်းများကို ထိန်းသိမ်းလုပ်ကိုင်ခဲ့ရာ ဝသဲကျေးရွာမှ ယွန်းဒေါင်းလန်း၊ ယွန်းစားပွဲလုပ်ငန်းများနှင့် မီးမောင်းကုန်းကျေးရွာမှ နှီးယပ်တောင်၊ နှီးရေပုံး၊ နှီးရေခွက်၊ နှီးခြင်း၊ နှီးဆန်ကာ၊ နှီးတောင်း စသည့် လူသုံးကုန်ပစ္စည်းများ ရက်လုပ်လျက်ရှိပါသည်။ ၎င်းလုပ်ငန်းများအနက်မှ ဝါးကိုနှီးအဖြစ် ခွဲခြမ်းစိတ်ဖြာ၍ ရက်လုပ်ရသော နှီးဖြာလုပ်ငန်းတွင် ပါဝင်သည့် မြန်မာ့ရိုးရာဒေါင်းလန်းလုပ်ငန်း အကြောင်းကို ဖော်ပြလိုက်သည်။

ဒေါင်းလန်းကိုဒေသအလိုက် အမျိုးမျိုးခေါ်ဝေါ်ကြရာ ရှမ်းပြည်နယ်ဘက်မှ 'ဖိန်း'၊ ပလောင်လူမျိုးများမှ 'ဂလန့်'၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားတစ်ဝိုက်မှ 'ကြည်လင်'၊ မိုးကုတ်မြို့ဝန်းကျင်မှ 'ဒေါင်းဘောင်'ဟု ခေါ်ကြကြောင်း မှတ်သားသိရှိရသည်။

ရှေးမြန်မာကြီးများသည် ဒေါင်းလန်းထဲတွင် ထမင်းနှင့် ဟင်းများပုံ၍အလယ်တွင် အရည်သောက်ပန်းကန်ကြီးတည်ကာ ဝိုင်းဖွဲ့၍ လက်ရည်တစ်ပြင်တည်း ထမင်းစားလေ့ရှိခဲ့ကြသည်။ ထို့ကြောင့်ပင်လျှင် ကိုအံ့ကြီးသီဆိုခဲ့သော'လက်ရည်တစ်ပြင်တည်း'သီချင်း၌ 'မိုးမျှော်ငရုတ်သီးထောင်းနဲ့ ကိုဘိုကေရယ်ဒေါင်းလန်းကြီးရဲ့ အလယ်၊ ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ရှေးကထက်ပိုချစ်ကြတယ်'ဟု ဖွဲ့ဆိုခဲ့သည်။

ယခုအခါ မြေပြန့်ဒေသများ၌ ဒေါင်းလန်းကို ထမင်းစားရာတွင် အသုံးပြုသူမရှိသလောက် နည်းပါးသွားပြီဖြစ်သည်။ အချို့သော ဘုန်းကြီးကျောင်းများ၊ ဘုရားပွဲ၊ အလှူပွဲ၊ နတ်ပွဲ၊ ဆွမ်းတော်ကြီးပွဲများတွင်သာ ရိုးရာမပျက် သုံးစွဲလျက်ရှိကြသည်။ တောင်ပေါ်ဒေသများနှင့် ပြည်နယ်များတွင်မူ ထမင်းစားရာ၌ သုံးစွဲလျက်ရှိသေးသည်ဟု လေ့လာသိရှိရသည်။

ဒေါင်းလန်းတစ်ခုဖြစ်ရန်မလွယ်ကူပါ။ အကြမ်းအားဖြင့် အစိတ်အပိုင်း(၁၀)ပိုင်း ပြုလုပ်ရသည်။ ၎င်းအစိတ်အပိုင်းများကို အပေါ်ပိုင်းမျက်နှာပြင်မှစ၍အောက်ခြေအထိဖော်ပြရမည်ဆိုသော် လွှား (မျက်နှာခွက်)၊ ဗေဒါခွေ၊ ခွက်ဘီး၊ ခွက်နင်း၊ ပန်းကုံး၊ ခြေတန်၊ ပျော့ထောင်၊ ပျော့ရစ်၊ ကြာဘလာ၊ ခုံဘီးတို့ဖြစ်ကြသည်။

လွှားခေါ် မျက်နှာခွက်ပြုလုပ်ရန် နှီးဖျာငယ်ကို သေသပ်စွာရက်လုပ်ရသည်။ ၎င်းနှီးဖျာငယ်သည် တပ်ဆင်မည့်ဒေါင်းလန်း၏ မျက်နှာပြင်နှင့် သင့်လျော်သောအရွယ်အစားရှိရမည်။ အဆိုပါနှီးဖျာငယ်တွင် ဒေါင်းလန်း၏ လိုအပ်သော မျက်နှာပြင်အရွယ်အစားအတိုင်း ကွန်ပါဖြင့် စက်ဝိုင်းတစ်ခုဝိုင်းလိုက်ပြီး စက်ဝိုင်း၏ အတွင်းတွင်သစ်စေးသုတ်၍လွှစာမှုန့်ဖြူးရသည်။ ဤသို့ပြုလုပ်သည်ကို 'စအိုထိုး'သည်ဟု ခေါ်သည်။ ထို့နောက်မျက်နှာခွက်ကို မြေတိုက်တွင် ထည့်၍ သုံးညသိပ်ထားရသည်။

သစ်စေးအိပ်သောအခါ မြေတိုက်မှထုတ်ယူပြီးလျှင် စအိုထိုးထားသောသစ်စေးနှင့် လွှစာမှုန့် အဝိုင်းကို အလယ်မှထား၍ တပ်ဆင်မည့်ဒေါင်းလန်း၏ မျက်နှာပြင်နှင့် အံဝင်ခွင်ကျဖြစ်စေမည့်စက် ဝိုင်းတစ်ခုကို ပထမဆွဲရသည်။ ထို့နောက် 'လွှား'တပ်ဆင်မည့် 'ခွက်ဘီး' အကြားတွင်ထိုးသွင်းမြှုပ်ထားနိုင်ရန် 'ခွက်ဘီး'၏ ထုထည်အလျှောက် လိုအပ်သော အကွာအဝေးအတိုင်း ဒုတိယစက်ဝိုင်းကို ပထမစက်ဝိုင်း၏ အပြင်မှထပ်၍ဆွဲရသည်။ အပြင်စက်ဝိုင်းတစ်လျှောက်ဝိုက်၍ ကတ်ကြေးဖြင့်ကိုက်ဖြတ်ပြီးလျှင် 'လွှား' သို့မဟုတ် 'မျက်နှာခွက်'၏ နှုတ်ခမ်းသားကို အတွင်းစက်ဝိုင်းတစ်လျှောက် သေသပ်စွာချိုးပေးရသည်။ ချိုးထားသောအရာပေးရုံသာ ချိုးရမည်ဖြစ်ပြီး ပြတ်သွားအောင်မချိုးရပါ။ ထိုအခါမျက်နှာခွက်သည် လင်ပန်းသဏ္ဌာန်ဖြစ်လာပေမည်။

ထိုသို့ချိုးပေးထားသော 'မျက်နှာခွက်'နှင့် 'ခွက်ဘီး' ဆက်စပ်သည်ကို'ခွက်နင်းထိုးသည်'ဟု ခေါ်သည်။ ခွက်နင်းထိုးပြီးလျှင် ဆက်စပ်ထားသောအနားသားများ ခိုင်မြဲစေရန်အတွက် 'ခွက်ဘီး'အကြား လွှစာမှုန့်များ သိပ်ကာသစ်စေးသုတ်၍ သုံးညခန့်မြေတိုက်ခန်းအတွင်း သွင်းထားရသည်။ ထိုသို့ပြုလုပ်ခြင်းကို 'ခွက်ဖြူးသည်'ဟုခေါ်သည်။



| အောင်ညွန့် |

'လွှား'ခေါ် မျက်နှာခွက်၏ အောက်ဖက်တွင် ဒေါင်းလန်း၏ အပေါ်မျက်နှာပြင်တင်းမာကြံ့ခိုင်စေရန်အတွက် သစ်စေးဖြင့် သရိုးကျံ၍ ကပ်ထားသော နှီးခွေခေါ် 'ဗေဒါခွေ'ကို မျက်နှာခွက်၏ အောက်၌ တပ်ဆင်ရသည်။

တစ်ဖန် 'မျက်နှာခွက်'နှင့် 'ပန်းကုံး'ကို ဆက်စပ်ပြီးနောက် သစ်စေးသုတ်၍ နန်းကြမ်းရသည်။ ထိုသို့ပြုလုပ်သည်ကို 'ခွက်ဖိသည်'ဟုခေါ်သည်။ ထို့နောက်မြေတိုက်ထဲတွင် သုံးညအိပ်သိပ်ထားပြီးမှ အပြင်ထုတ်ကာ ချောမွေ့အောင် အာလူးကျောက်ဖြင့် ကော်ပတ်စားသကဲ့သို့ပွတ်တိုက်ပြီး ကျောက်တိုက် ပေးရသည်။ ကျောက်တိုက်ပြီးလျှင် သစ်စေးသရိုးကိုင်၍မြေတိုက်တွင် ငါးညခန့်သွင်းထားခြင်းဖြင့် ဒေါင်းလန်းအပေါ်ပိုင်း အကြမ်းကိုင်၍ပြီးလေသည်။ 'လွှား'ခေါ် မျက်နှာခွက်မှ 'ခွက်နင်း'အထိကို ဒေါင်းလန်း၏ အပေါ်ပိုင်းဟု သတ်မှတ်၍ 'ခွက်နင်း'၏ အောက်'ခုံဘီး'အထိကို ဒေါင်းလန်း၏ အောက်ပိုင်းဟု သတ်မှတ်သည်။

အောက်ခုံပိုင်းများဖြစ်သည့် 'ပန်းကုံး၊ ခြေတန်၊ ပျော့ထောင်၊ ပျော့ရစ်၊ ကြာဘလာ၊ ခုံဘီးတို့ကိုလည်း သေသပ်ခိုင်ခံ့အောင်ဆက်ပြီးလျှင် သစ်စေးသုပ်ကာနန်းကြမ်းရသည်။ 'ခြေတန်'နှင့် အောက်ခုံပိုင်းတွဲသည်ကို'ခြေဝိုင်းစွပ်'သည်ဟုခေါ်သည်။ ခြေတန်များ ခိုင်မြဲစေရန် သစ်စေးနှင့်လွှစာမှုန့်ကို သမအောင်ဖျော်၍ ခြေတိုင်ရင်းသို့ သိပ်ပေးရသည်။ ထို့နောက်သစ်စေးသုတ်၍နန်းကြမ်းပြီးနောက် မြေတိုက်သွင်းကာ သစ်စေးအိပ်အောင်ထားရသည်။ ထိုကဲ့သို့ အဆင့်ဆင့်ပြုလုပ်ပြီး သည့်ဒေါင်းလန်း၏ အောက်ခံပိုင်းနှင့်ဒေါင်းလန်း၏ အပေါ်ပိုင်းကိုသစ်စေးဖြင့် ခိုင်မြဲစွာဆက်စပ်ပြီးလျှင် ဒေါင်းလန်း တစ်ခုလုံး ချောမွေ့သွားအောင် ကျောက်တိုက်ပေးရပြန်သည်။ ထိုသို့ပြုလုပ်စဉ်အောက်ခံအကြမ်းသုတ်ထားသော သစ်စေးများ အစိုပြန်လာသဖြင့် နှစ်ညအိပ်ခန့်မြေတိုက်အတွင်းသို့ ပြန်သွင်းပေးရသည်။

မြေတိုက်မှထုတ်ပြီးလျှင် သစ်စေးရောင်ပြောင်လက်စွာဖြင့် မဲနက်လာစေရန် သစ်စေးအရောင်တင်ထပ်သုတ်ပေးရသည်။ သစ်စေးအရောင်တင်သုတ်ရန်အတွက် သစ်စေးရည်ကို နှစ်ထပ်စစ်ယူပြီးမှ သုတ်လိမ်းရသည်။ ထို့နောက် ဒေါင်းလန်းကို မြေတိုက်တွင် (၈)ည သိပ်ထားရသည်။ သို့သော် (၈)ညမတိုင်မီ ခြောက်ညရပြီးသော်ဒေါင်းလန်းပေါ်ရှိ သစ်စေးပြုပ်သီးကလေးများပပျောက်၍ ချောမွတ်စေရန်ကျောက်ထပ်၍ တိုက်ပေးရသည်။ ဤသည်ကို 'မှတ်ချိုး'သည်ဟု ခေါ်သည်။ 'မှတ်ချိုး'ပြီး ဒေါင်းလန်းကို ရှစ်ညပြည့်အောင်မြေတိုက်တွင် နှစ်ညပြန်၍သိပ်ထားရမည်။ ရှစ်ညပြည့်သော် မြေတိုက်မှထုတ်ယူ၍ ဟင်္သာပြဒါးသုတ်လိမ်းရ၏။ ဆေးနီမှုန့်တစ်ကျပ်သား၊ သစ်စေးနှစ်ကျပ်သား၊ စားအုန်းဆီငါးမူးသားတို့ကို ရော၍ဖျော်ခြင်းဖြင့် ဟင်္သာပြဒါးကိုရသည်။ ဒေါင်းလန်း၏ အနီရောင်သည် ဟင်္သာပြဒါးသုတ်လိမ်းထား ထားသောအရောင်ပင် ဖြစ်သည်။ ဟင်္သာပြဒါးသုတ်ပြီးနောက် မြေတိုက်တွင် နောက်ထပ်ရှစ်ည အိပ်ထားပြီးမှသာ အဆင့်သင့်အသုံးပြုနိုင်သော ကုန်ချောဒေါင်းလန်းအဖြစ်ရောက်ရှိပေသည်။

စနစ်တကျပြုလုပ်ထားသော ဒေါင်းလန်းသည် ရွှေ့ပြောင်းသယ်ယူရာတွင်ပေါ့ပါးပြီး အနည်းဆုံး (၁၀)နှစ်ခန့်ခိုင်ခံ့သည်ဟု သိရှိရပါသည်။ ဒေါင်းလန်းအရွယ်အစား အမျိုးမျိုးရှိသည်။ (၁)ပန်းကန်ပြားတင်၊ (၂) မျက်နှာပြင်အချင်းတစ်တောင်အရွယ်(၁၈လက်မ)နှစ်ယောက်စား၊ (၃)မျက်နှာပြင်အချင်း တစ်ထောင်နှင့်လက်လေးသစ်အရွယ် (၂၂ လက်မ)သုံးယောက်စား၊ (၄) မျက်နှာပြင်အချင်း တစ်ထောင်နှင့်လ က်ရှစ်သစ်အရွယ် (၂၆ လက်မ)လေးယောက်စား၊ (၅) မျက်နှာပြင်အချင်း နှစ်ထောင်ပြည့်အရွယ် (၃၆လက်မ)ငါးယောက်စားဟူ၍ငါးမျိုးရှိသည်။ သို့သော်အထူးမှာကြား၍ ပြုလုပ်ခိုင်းလျှင် အလိုရှိသည့်အရွယ်ပြုလုပ်ပေးနိုင်သည်။ ဝိုင်းဖွဲ့၍ ထိုင်စားရသော ဒေါင်းလန်းကြီးအမြင့်မှာ ယေဘုယျအားဖြင့် (၁၀)လက်မ ဝန်းကျင်ရှိသည်။

၁၈ လက်မ (၁၀)ချပ်နှင့် (၂၂)လက်မ (၁၀)ချပ်၊ ပေါင်း (၂၀) ချပ်အတွက်လိုအပ်သောပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ကုန်ကျစရိတ်များ -

| | | |
|---|---|---|
| (က) | ၁၂ တောင် တင်းဝါး (၁၀)လုံး × ၇၀၀ နှုန်း | ၇၀၀၀ိ/- |
| (ခ) | သစ်စေး (၃/၄ကျပ်သား) တစ်ပိဿာ ၂၅၀၀၀ိ/- နှုန်း | ၁၈၇၅ိ/- |
| (ဂ) | ဆေးနီမှုန့်(၁/၄ကျပ်သား) တစ်ပိဿာ ၅၀၀၀ိ/-နှုန်း | ၁၂၅ိ/- |
| (ဃ) | ဆေးနက်ရည် (၁/၂ပုလင်း) × ၂၅၀ိ/-နှုန်း | ၁၂၅ိ/- |
| (င) | ကော်ဘူး (၁/၄ဘူး) × ၃၅၀၀ိ/- နှုန်း | ၈၇၅ိ/- |
| (စ) | ပတ်တီးထုပ် (၁/၂ထုတ်) × ၁၀၀၀ နှုန်း | ၅၀ိ/- |
| (ဆ) | စားအုန်းဆီ (၁/၄ ကျပ်သား) × ၂၀၀၀ နှုန်း | ၅၀ိ/- |
| (ဇ) | မြေမှုန့် + နွားချေးမှုန့်(၂)တောင်း × ၅၀ိ/-နှုန်း | ၁၀၀ိ/- |
| | ကုန်ကြမ်းပစ္စည်းတန်ဖိုးပေါင်း | ၃၉၀၀ိ/- |

### လုပ်သားဦးရေနှင့် လုပ်သားခများ

| | | |
|---|---|---|
| (က) | မျက်နှာပြင်ရက်လုပ်သား (၂)ဦး × ၅၀၀၀ိ/-နှုန်း | ၁၀၀၀၀ိ/- |
| (ခ) | ခြေတန်သီလုပ်သား (၂)ဦး × ၅၀၀၀ိ/- နှုန်း | ၁၀၀၀၀ိ/- |
| (ဂ) | ခုံဘီး၊ ပန်းကုံး၊ ခွက်ဘီးလုပ်သား (၅)ဦး × ၅၀၀၀ိ/-နှုန်း | ၂၅၀၀၀ိ/- |
| (ဃ) | ခြေဝိုင်းစွပ်လုပ်သား (၂)ဦး × ၅၀၀၀ နှုန်း | ၁၀၀၀၀ိ/- |
| (င) | အချောကိုင်နှင့်သစ်စေးသုတ်လုပ်သား (၂)ဦး × ၅၀၀၀ိ/- နှုန်း | ၁၀၀၀၀ိ/- |
| | လုပ်သားခပေါင်း | ၆၅၀၀၀ိ/- |
| | ဒေါင်းလန်း(၂၀)ချပ်ကုန်ကျငွေပေါင်း | ၁၀၄၀၀၀ိ/- |
| | ဒေါင်းလန်း(၂၀)ချပ်ရောင်းရငွေ | ၁၁၅၀၀၀ိ/- |
| | ဒေါင်းလန်း(၂၀)ချပ်အကျိုးအမြတ်ရရှိငွေ | ၁၁၀၀၀ိ/- |
| | ဒေါင်းလန်း(၁)ချပ်အကျိုးအမြတ်ရရှိငွေ | ၅၅ိ/- |

ရေဦးမြို့နယ်၊ ဝသဲကျေးရွာမှလုပ်သားများဖြင့် ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်ကွက်၊ ကုက္ကိုတန်း လမ်းရှိဦးကျောက်ခဲ၏ အလုပ်ဌာနအခြေစိုက်သည့် ဒေါင်းလန်းလုပ်ငန်းအား လေ့လာ တင်ပြထားခြင်းဖြစ်ပါသည်။ ဘိုးဘွားဘီဘင်လက်ထက်မှ အစဉ်အဆက် လက်ဆင့်ကမ်းခဲ့သောမြန်မာ့ရိုးရာ ဒေါင်းလန်းလက်မှုလုပ်ငန်းအား အမြတ်ငွေအနည်းအများ အဓိကမထားဘဲမိသားစုအတွက် သင့်တင့်မျှတသော နေ့စဉ်ဝင်ငွေရရှိရေးနှင့် အမွေဆက်ခံထိန်းသိမ်းရေး ဦးတည်လုပ်ကိုင်နေကြခြင်း ဖြစ်သည်။ လုပ်ငန်းရှင် ဦးကျောက်ခဲအား ယခင်သမ္မတဟောင်း ဦးသိန်းစိန်က ၂၀၁၃ခုနှစ်၊ ဇူလိုင် ၁၇ ရက်တွင် မြန်မာ့ရိုးရာအမွေအနှစ် ထိန်းသိမ်းလုပ်ကိုင်နေသော ယွန်းထည် (ဒေါင်းလန်း)လုပ်ငန်းအား ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ထားခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း တင်ပြလိုက်ရပါသည်။

■

# ပြည်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၉) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၃ ရက်တွင် ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များနှင့် ဌာနမှ လိုက်ပါ ဆောင်ရွက်သည့် ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းက ယခင်(၃/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းတင်ပြခြင်း၊ ၂၀၁၉ စားသုံးသူအကာအကွယ်ပေးရေးဥပဒေသစ်ကို မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းလိုက်ပြီဖြစ်သည့်အတွက် ဥပဒေသစ်စာအုပ်များ လက်ဝယ်ရောက်ရှိသည်နှင့် တစ်ပြိုင်နက် အဖွဲ့ဝင်များအားလုံးသို့ သိရှိလေ့လာနိုင်ပါရန် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ဥပဒေသစ်အရ မိမိတို့ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကိုလည်း အထက်အဆင့်ဆင့်၏ ညွှန်ကြားချက်ထွက်ရှိသည်နှင့် တစ်ပြိုင်နက် ခရိုင်စားသုံးသူရေးရာ ကော်မတီအဖြစ် အသစ်ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဟောပြောပွဲများနှင့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသောအဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးမှုအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ပြီး ဆက်စပ်ဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ဝင်းလှဲ့ဝါ**

## ယင်းမာပင်မြို့နယ် ပြန်လှည့်ကျေးရွာ၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးဆောင်သောအဖွဲ့နှင့် ယင်းမာပင်မြို့နယ်၊ စည်ပင်သာယာစျေးခေါင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာရေးများ ပူးပေါင်း၍ ဧပြီ ၂၃ ရက်တွင် ယင်းမာပင်မြို့နယ် ပြန်လှည့်ကျေးရွာတောင်ဦးဘုရင်နတ်ပွဲ၌ ရောင်းချနေသောစျေးသည်များအား စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်ခဲ့သည်။

ဒေသရိုးရာပွဲတွင် လာရောက်ရောင်းချကြသောစျေးသည်များအား ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယခရိုင်ဦးစီးမှူးဒေါ်ခိုင်မို့မို့က (၁/၂၀၁၉)စားသုံးသူကာကွယ်ပေးရေးဥပဒေအကြောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှု သွင်းကုန်/ပို့ကုန်နည်းစနစ်မှန်ကန်စေရန် ယှဉ်ပြိုင်မှုဥပဒေအကြောင်း၊ စားသုံးသူအကျိုးနစ်နာမှုမရှိစေရေးစားသုံးသူအခွင့်အရေးများ သိရှိကအမှန်အကန်အခွင့်အရေးများရယူနိုင်ကြောင်း၊ ရပ်ကွက်/ ကျေးရွာဒေသဖွံ့ဖြိုးနိုင်စေရန် ကျေးရွာအတွင်းရှိစားသုံးထုတ်လုပ်ရောင်းချသူများအားလုံး စားသုံးသူကာကွယ်ရေးဥပဒေအသစ်များအား လိုက်နာကျင့်သုံး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပညာပေးဆွေးနွေးခဲ့ကြောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဒေါ်မျိုးမျိုးသွယ်ကလည်း ကျေးရွာစာကြည့်တိုက် ပြန်လည်ရှင်သန်နိုင်စေရန်နှင့် စာဖတ်အားကောင်းစေရန် ပညာပေးဆွေးနွေးပြောကြားခြင်း၊ စည်ပင် စျေးခေါင်းဦးချစ်လှကလည်း စျေးဆိုင်ခန်းများအားပေးထားသည့် နေရာများသာဖွင့်စေပြီး စည်းကမ်းရှိရှိ သန့်ရှင်းသပ်ရပ်စွာ အမှိုက်များ စွန့်ပစ်စေလိုကြောင်း ပညာပေး ဟောပြော ဆောင်ရွက်ခဲ့ရာ ပွဲအတွင်းရောင်းချလာသူ စျေးသည် စုစုပေါင်း ၃၅ ဦး တက်ရောက်ကြောင်း သိရသည်။

**ခိုင်မို့မို့(မြင်းမူ)**

## အုတ်ဖိုမြို့နယ် သဖန်းပင်ဆိတ်ကျေးရွာတွင် စားသုံးသူကာကွယ်ရေး ဆွေးနွေး

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် ခရိုင် ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် စားသုံးသူကာကွယ်ရေး ဆွေးနွေးဟောပြောပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိ သည်။

ဧပြီ ၁၉ ရက်တွင် အုတ်ဖိုမြို့နယ် တာဝန်ခံ ဦးအေးဇော်ထိုက်နှင့် ဒုတိယဦးစီးမှူး ဒေါ်ခင်နွဲ့တို့သည် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မောင်အေးနှင့်ပူးပေါင်း၍ သဖန်းပင်ဆိပ်အုပ်စု၊ သဖန်းပင်ဆိပ်ရွာ၌ ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေနှင့်ပတ်သက်သည့် အသိပညာများရရှိစေရန်၊ စားသုံးသူ၏အခွင့်အရေးများ သိရှိစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစားအသောက်များ ဝယ်ယူစားသောက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် တောင်သူ ၄၇ ဦးအား ကွင်းဆင်းဟောပြောဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းသိရသည်။

**ခိုင်ခိုင်ရီ(DOCA- သာယာဝတီ)**

## ပုသိမ်မြို့ စိန့်ပီတာဘုရားကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာနမှဌာနခွဲမှူး ဦးစောမိုက်ကယ်နှင့် ဝန်ထမ်းများသည် နွေရာသီလူငယ်သင်တန်း ပြုလုပ်နေသောမြို့ပေါ် အ. ထ. က (၆) ကျောင်းဝင်းရှိ စိန့်ပီတာဘုရားကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဌာနခွဲမှူးဦးစောမိုက်ကယ်က စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ စားသုံးသူ နစ်နာဆုံးရှုံးမှုများ၏ တိုင်ကြားလာမှုအပေါ်တွင် မိမိတို့ဌာနမှလက်ခံဖြေရှင်းဆောင်ရွက်ပေးနေမှုများကို ဥပမာပေး၍ရှင်းလင်း ဆွေးနွေးပေးခဲ့ပြီး စားသုံးရန်မသင့်၊ ဆိုးဆေးပါသော စားသောက်ကုန်များ FDA၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စားသုံးကုန်၊ အလှကုန်၊ ဆေးဝါးများအကြောင်းတို့ကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲပြီးဆုံးချိန်တွင် စားသုံးသူလက်ကမ်းစာစောင်၊ ဥပဒေဆိုင်ရာ စာစောင်များနှင့် စားသုံးသူအကာအကွယ်ပေးရေးသတင်းစာ၊ ဂျာနယ်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့နွေရာသီလူငယ်သင်တန်းမှ ဆရာ၊ ဆရာမ၊ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဧရာမြေ**

## မနော်ရမ်စျေးနှင့် တောင်သမန်ကျေးရွာတို့တွင် စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြော

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဧပြီ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်ရှိ မနော်ရမ်စျေးနှင့် အမရပူရ မြို့နယ်ရှိ တောင်သမန်ကျေးရွာတို့တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်း စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရန် ဧပြီ ၁၀ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ မနော်ရမ်စျေးသို့ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေသက်ထွန်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ စျေးတာဝန်ခံနှင့် အဖွဲ့ဝင်များသည် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကုန်ပစ္စည်းများပေါ်၌ ကုန်အညွှန်းအမှတ်အသားများ မဖြစ်မနေ ဖော်ပြရန် စားသုံးသူကာကွယ်ရေးဥပဒေထွက်ရှိသည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်မှစ၍ တစ်နှစ်ပြည့်မြောက်သည့်နေ့တွင် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ၊ ဖော်ပြရမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများ ရောင်းချခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ သက်တမ်း လွန်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး စျေးရောင်းချသူများအား စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်၏ တာဝန်နှင့် တားမြစ်ချက်များ လိုက်နာရန် ပျက်ကွက်ပါက စီမံခန့်ခွဲရေး၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြား၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် အမရပူရမြို့နယ်ရှိ တောင်သမန်ကျေးရွာတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူ ကာကွယ်ရေး၏ လုပ်ငန်းစဉ်များအကြောင်း၊ စားသုံးသူ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်ချစ်ကောင်းက ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ လုံခြုံစိတ်ချရမှုရှိပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန်နှင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ ဟောပြောဆွေးနွေးခြင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဟေမာနှင်းက ဆိုးဆေးများတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးဟူ၍ နှစ်မျိုးရှိကြောင်း၊ အစားအသောက်များတွင် ဓာတုဆိုးဆေးများ သုံးစွဲလာခြင်းကြောင့် အန္တရာယ်ရှိမှုများအကြောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သီတာဝင်း (စားသုံးသူ -မန္တလေး)**

# ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)၏ International Trade Basic Course (Weekend Programme) (Batch-5) သင်တန်းဖွင့်ပွဲ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)၏ International Trade Basic Course (Weekend Programme) (Batch-5) သင်တန်းဖွင့်ပွဲကို ဧပြီ ၂၆ ရက်တွင် ရန်ကုန်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရှိ သင်တန်းခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။




စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ကတော့ နိုင်ငံတော်ရဲ့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသလို ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူတဲ့ ဝန်ကြီးဌာနဖြစ်ပါတယ်။ ဒီလိုသင်တန်းတွေ ဖွင့်လှစ်တယ်ဆိုတာလည်း ပုဂ္ဂလိက ကဏ္ဍကို ပညာပေးတဲ့ကဏ္ဍအနေနဲ့ ဆောင်ရွက်တာပါ။ တဖြည်းဖြည်းနဲ့လည်း ကိုင်တွယ်ရတဲ့ ဘာသာရပ်တွေ များလာပါပြီ။ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနဲ့ ပတ်သက်တာရှိသလို Trad Education နဲ့ ပတ်သက်တာလည်း ရှိပါတယ်။ မကြာခင်မှာလည်း ကျွန်တော်တို့ ဝန်ကြီးဌာနမှာ တာဝန်ယူဆောင်ရွက်ရမယ့် Interlatural Property Right ဆိုတဲ့ ဘာသာရပ်တစ်ခုလည်း ပါဝင်လာတော့မှာပါ။ အဲဒီအတွက်ကိုလည်း ပညာရေးဝန်ကြီးဌာနအောက်က တာဝန်ယူရေးဆွဲနေတဲ့ ဌာနနဲ့ ကျွန်တော်တို့နဲ့ အသေးစိတ် ဆွေးနွေးနေကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ပြောကြားသည်။

"အခုချိန်က ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ သင်တန်းပေးဖို့ကိုလည်း ဝန်ကြီးဌာနရဲ့ အစီအစဉ်ထဲမှာ တစ်ခုအနေနဲ့ ပါဝင်လာပါတယ်။ အဲဒါကြောင့် ဒီသင်တန်းမှာလည်း ပို့ကုန် သွင်းကုန် လုပ်ငန်းတွေ၊ International Trade နဲ့ ပတ်သက်တဲ့လုပ်ငန်းစဉ်တွေကို ဘယ်လိုလုပ်လည်းဆိုတာ သက်ဆိုင်ရာ ဝန်ကြီးဌာနက ကျွမ်းကျင်သူတွေက လာရောက်ပို့ချပေးတာပါ"ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ယခုဖွင့်လှစ်သည့် သင်တန်းအမှတ်စဉ်(၅)တွင် သင်တန်းသားဦးရေ ၁၀၃ ဦး တက်ရောက်ရန် စာရင်းပေးသွင်းထားပြီး သင်တန်းဖွင့်ပွဲသို့ သင်တန်းသားဦးရေ ၈၀ ဝန်းကျင် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချောစု**









# ဟာဇက်ကို လစာမက်လုံးပေးပြီး ရီးရဲလ်မက်ဒရစ်အသင်း ကမ်းလှမ်း

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ ဇီဒန်းသည် ရာသီသစ်အတွက် ထိပ်တန်းကစားသမား အနည်းဆုံး သုံးဦးအထိ ခေါ်ယူသွားရန် ပြင်ဆင်နေရာ ပထမဦးဆုံးအနေဖြင့် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံကစားသမား ဟာဇက်ကို ပေါင်သန်း ၁၀၀ ဖြင့် ကမ်းလှမ်းလိုက်သလို လစာ မက်လုံးပေးမှုလည်းရှိကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဟာဇက်ကို ပေါင်သန်း ၁၀၀ ဖြင့် တရားဝင်ကမ်းလှမ်းလိုက်ခြင်းဖြစ်ပြီး တစ်ပတ်လုပ်ခလစာ ပေါင် လေးသိန်း ပေးမည်ဟုဆိုသည်။ လက်ရှိအချိန်တွင် ဟာဇက်သည် ချယ်လ်ဆီးအသင်းတွင် တစ်ပတ် လုပ်ခလစာ ပေါင် နှစ်သိန်းသာ ရရှိနေခြင်းဖြစ်သည်။

ဟာဇက်သည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန်စိတ်အား ထက်သန်လျက်ရှိနေပြီး ထိုသို့ပြောင်းရွှေ့လိုခြင်းမှာ လစာကြောင့်မဟုတ်ဘဲ ရီးရဲလ်မက်ဒရစ်အသင်း၏ တရားဝင်ကမ်းလှမ်းမှု မပြုလုပ်မီကပင် အသင်းပြောင်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

'ရီးရဲလ်မက်ဒရစ်အသင်းနဲ့ အပြောင်းအရွှေ့ကိစ္စက မကြာမီမှာ ဖြစ်လာတော့မယ်လို့ ထင်ပါတယ်။ နှစ်ဦးနှစ်ဖက် ညှိနှိုင်းမှုတွေ ပြုလုပ်နေပါပြီ။ ဘယ်အချိန်မှာ ပြောင်းရွှေ့မှုက အောင်မြင်မလဲဆိုတာ မသိသေးပါဘူး။ လောလောဆယ်တော့ ချယ်လ်ဆီးအသင်းနဲ့အတူ နိုင်ပွဲတွေရရှိဖို့ကိုပဲ အာရုံစိုက်ထားပါတယ်'ဟု ပြောသည်။ ဟာဇက်သည် ချယ်လ်ဆီးအသင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ စာချုပ်သက်တမ်း ကျန်နေသေးသည်။ ဟာဇက်အနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့မည်ဆိုပါက တစ်ပတ်လုပ်ခလစာ ပေါင်လေးသိန်း ရရှိမည့်အပြင် တစ်နှစ်လျှင် အပိုဆုကြေး ပေါင်သန်း ၂၀ ထပ်မံရရှိဦးမည်ဖြစ်သည်။



# ပရီးမီးယားလိဂ်တွင် မန်စီးတီးသာ အကောင်းဆုံးဟု ဂွါဒီယိုလာပြော

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက မိမိကိုင်တွယ်နေသည့် မန်စီးတီးအသင်းမှာ အင်္ဂလန် ပရီးမီးယားလိဂ်တွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း မန်ယူအသင်းကို ၂-၀ ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲအပြီးတွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ဂွါဒီယိုလာက 'လက်ရှိ ကျွန်တော့်အသင်းဟာ မန်ယူအသင်းထက် သာလွန်ကောင်းမွန်မှု ရှိတယ်ဆိုတာ အားလုံးအမြင်ပါပဲ။ ပြောရရင်တော့ မန်စီးတီးအသင်းဟာ မန်ယူထက်သာရုံတင်မဟုတ်ပါဘူး၊ အင်္ဂလန်ပရီးမီးယားလိဂ်မှာလည်း အကောင်းဆုံးဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်'ဟု ပြောခဲ့သည်။

ဂွါဒီယိုလာကပင် မိမိအသင်းမှာ ပရီးမီးယားလိဂ်တွင် အတောင့်တင်းဆုံးဖြစ်ကြောင်း၊ ယခုနှစ် ပရီးမီးယားလိဂ် ချန်ပီယံဆုဖလားကို ရယူသွားမည်ဖြစ်ကြောင်း၊ မိမိအသင်း ချန်ပီယံလိဂ်တွင် စပါးအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်မှာ ကံအလွန်ဆိုးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

# အင်ဆက်ဂ်နီကို ပေါင် ၈၆ သန်းဖြင့် ကမ်းလှမ်းရန် မန်ယူအသင်း ပြင်ဆင်




မန်ယူအသင်းသည် နာပိုလီအသင်းမှ အီတလီ တိုက်စစ်မှူး အင်ဆက်ဂ်နီကို ပေါင် ၈၆ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မန်ယူအသင်း နည်းပြ ဆိုးလ်ရှားက လာမည့် အပြောင်းအရွှေ့ကာလတွင် အသင်းမှ ကစားသမား အနည်းဆုံး သုံးဦးလောက်အထိ ရောင်းထုတ်သွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောဆိုလာသည်။ ထိုကဲ့သို့ အသင်းရှိကစားသမားအချို့ကို ရောင်းထုတ်သွားမည်ဖြစ်သလို ကစားသမားသစ်များကိုလည်း ဝယ်ယူအားဖြည့်သွားရန် ပြင်ဆင်နေခြင်းလည်းဖြစ်သည်။

လက်ရှိအချိန်တွင် နည်းပြ ဆိုးလ်ရှားအနေဖြင့် မည်သည့်ကစားသမားများကို ရောင်းထုတ်သွားမည်ဆိုသည်ကို တိတိကျကျ ပြောဆိုထားခြင်း မရှိသေးသော်လည်း ကစားသမားသစ် ခေါ်ယူနိုင်ရေးအတွက်ကိုမူ တခြားပြိုင်ဘက်အသင်းများထက် လက်ဦးမှုရယူနိုင်ရန် ပြင်ဆင်လာခြင်း ဖြစ်သည်။

အသက်(၂၇)နှစ်ရှိ အင်ဆက်ဂ်နီသည် နာပိုလီအသင်းတွင် ခြေစွမ်းပြနေသူဖြစ်ပြီး အီတလီ လက်ရွေးစင်ကစားသမားတစ်ဦးလည်းဖြစ်သည်။ အင်ဆက်ဂ်နီက 'ကျွန်တော် အီတလီမှာ ကစားရတာ အသားကျနေပါပြီ။ ဒါပေမယ့် အင်္ဂလန် ပရီးမီးယားလိဂ်လို ပြိုင်ဆိုင်မှုပြင်းထန်တဲ့ လိဂ်မျိုးမှာ ကစားချင်ပါသေးတယ်။ နယ်မြေသစ်မှာ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ချင်ပါတယ်။ မန်ယူလိုအသင်းမျိုးက ကမ်းလှမ်းလာမယ်ဆိုရင်တော့ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မန်ယူလိုအသင်းမျိုးမှာ ကစားခွင့်ရတာက ကြီးမားတဲ့အခွင့်အရေးတစ်ရပ်လို့ ကျွန်တော်ထင်ပါတယ်'ဟု ပြောခဲ့သည်။ ထို့ပြင် အင်ဆက်ဂ်နီက မန်ယူအသင်းနှင့် မိမိတို့၏ အပြောင်းအရွှေ့ကိစ္စတွင် နာပိုလီအသင်းက အဓိကကျကြောင်း၊ မိမိအနေဖြင့် နာပိုလီအသင်းတွင် အချိန်ကြာမြင့်စွာ ကစားပေးခဲ့ပြီးဖြစ်ကြောင်းကိုလည်း ထပ်မံပြောကြားခဲ့သည်။




# ဒီဂီယာကို ခေါ်ယူရန် ပီအက်စ်ဂျီအသင်း အဆင်သင့်ဖြစ်နေဟုဆို

ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီ အသင်းသည် မန်ယူအသင်းနှင့် အနာဂတ် အသေချာမရေရာ ဖြစ်နေသည့် ဂိုးသမား ဒီဂီယာကို ခေါ်ယူရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဒီဂီယာသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ကြန့်ကြာမှုများရှိနေရာ ၎င်းကစားသမားမှာ မန်ယူအသင်းကို စွန့်ခွာရန် ရာနှုန်းများနေကြောင်း အသင်းများတွင် ဖော်ပြထားသည်။

မန်ယူအသင်း ဂိုးသမား ဒီဂီယာသည် လက်ရှိအချိန်တွင် တစ်ပတ်လုပ်ခလစာ ပေါင် နှစ်သိန်း ရရှိနေရာ စာချုပ် သက်တမ်းတိုးချုပ်မည်ဆိုပါက တစ်ပတ်လုပ်ခ ပေါင်သုံးသိန်းခွဲပေးရန် တောင်းဆိုထားသည်။ ထို့ကြောင့် ဒီဂီယာ၏ စာချုပ်သစ်ကိစ္စမှာ ကြန့်ကြာနေရခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ရာသီသစ်အတွက် ထိပ်တန်းကစားသမားများ ခေါ်ယူရန်ပြင်ဆင်နေရာ ဒီဂီယာသည်လည်း ပီအက်စ်ဂျီအသင်း ခေါ်ယူမည့် ကစားသမားထဲတွင် ဦးစားပေးပါဝင်နေသည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် ဒီဂီယာကိုခေါ်ယူရန် ပေါင် သန်း ၆၀ ဖြင့် စတင် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဒီဂီယာ တောင်းဆိုနေသည့် တစ်ပတ်လုပ်ခလစာ သုံးသိန်းခွဲကိုလည်း ပေးသွားမည်ဖြစ်ကြောင်း ပီအက်စ်ဂျီအသင်းက အတင်းထုတ်ပြန်ထားသည်။

ဒီဂီယာသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းမှာ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိသာဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# သီးနှံဝယ်ယူရေး အစိုးရအေဂျင်စီဖြစ်သည့် Nafed က ယခုနှစ် Kharif ရာသီ ပဲမျိုးစုံဝယ်ယူထားရှိမှုပမာဏမှာ ရည်မှန်းထားသည့် ပမာဏအောက် ၅၅ ရာခိုင်နှုန်း လျော့နည်း

အိန္ဒိယအစိုးရသည် ၂၀၁၈-၁၉ Kharif ရာသီ (နွေရာသီ) စိုက်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံတန်ချိန် ၃ ဒသမ ၈ သန်းထိဝယ်ယူရန် မျှော်မှန်းထားသည့်အနက် လက်ရှိကာလအထိ တန်ချိန် ၁ ဒသမ ၇ သန်းဝန်ကျင်သာ ဝယ်ယူထားပြီး မျှော်မှန်းထားသည့် ပမာဏအောက် ၅၅ ရာခိုင်နှုန်းခန့် လျော့နည်းနေသော်လည်း အစိုးရလက်ထက်တွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံလက်ကျန် ကုန်စည်ပမာဏမှာ တန်ချိန် ၄ ဒသမ ၅ သန်းကျော်ရှိနေကြောင်း သိရှိရသည်။

ပြီးခဲ့သည့်နှစ်ကလည်း အဆိုပါသီးနှံများအား အစိုးရအစီအစဉ်ဖြင့် တန်ချိန် ၂ ဒသမ ၅၅ သန်းခန့်ထိ ဝယ်ယူခဲ့ရာ မျှော်မှန်းပမာဏ၏ ၇၅ ရာခိုင်နှုန်းထိ စံချိန်တင်ဝယ်ယူနိုင်ခဲ့ကြောင်း သိရှိရသည်။

အလားတူပင် ဆောင်းရာသီ (rabi) စိုက် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ဝယ်ယူမှုမှာလည်း လတ်တလော ဆောင်ရွက်နေဆဲဖြစ်ပြီး တန်ချိန် ၄ ဒသမ ၃ သန်းအထိ ဝယ်ယူရန် လျာထားကြောင်း၊ ပြီးခဲ့သည့်နှစ်ကမူ အဆိုပါ ဆောင်းသီးနှံများအား တန်ချိန် ၅ ဒသမ ၅ သန်းဝယ်ယူရန် လျာထားခဲ့သည့်အနက် တန်ချိန် လေးသန်းဝန်းကျင် ဝယ်ယူခဲ့ကြောင်း သိရှိရပါသည်။

အစိုးရအနေဖြင့် အဆိုပါကုန်စည်များအား ဝယ်ယူရာ၌ အရည်အသွေးသင့်တင့်ကောင်းမွန်သည့် သီးနှံများကိုသာ ဝယ်ယူကြောင်း၊ ယခုကဲ့သို့ ဝယ်ယူပြီးစီးသည့်ပမာဏလျော့နည်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ Maharashtra ပြည်နယ်၌ ပဲစင်းငုံ ထုတ်လုပ်မှုလျော့နည်းပြီး Gujarat ပြည်နယ်၌ မြေပဲထုတ်လုပ်မှုပမာဏ လျော့နည်းခဲ့သည့်အတွက်ဖြစ်သည်ဟု National Agricultural Cooperative Marketing Federation of India Ltd (Nafed) ၏ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

အိန္ဒိယအစိုးရသည် ၂၀၁၈-၁၉ သီးနှံရာသီအတွင်း တောင်သူလယ်သမား ၁၂၃၈၅၄၇ ဦးထံမှ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအား MSP ဈေးနှုန်းဖြင့် ဝယ်ယူရာ၌ ရူပီးကုဋေ ၉၃၇၂ ခန့် သုံးစွဲထားပြီးဖြစ်ကြောင်း၊ ပြီးခဲ့သည့် သုံးနှစ်အတွင်းကမူ ပဲမျိုးစုံဝယ်ယူရေးအတွက် အစိုးရအနေဖြင့် အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့ရကြောင်း၊ ယခုနှစ်တွင်မူ ပြည်တွင်း၌ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေးအတွက် အစိုးရလက်ဝယ်ရှိ တန်ချိန် ၄ ဒသမ ၅ သန်းကျော်အား စီမံခန့်ခွဲရန်ကို ပိုမိုအာရုံစိုက်ဆောင်ရွက်နေကြောင်း၊ လတ်တလောရှိနေသည့် စိန်ခေါ်မှုအနေဖြင့် ဈေးကွက်၌ ဈေးနှုန်းသင့်တင့်ညီမျှရေး ထိန်းညှိရန်ဖြစ်ကြောင်း၊ ဈေးအလွန်အမင်း ကျဆင်းပါက တောင်သူများကို ထိခိုက်စေနိုင်ပြီး ဈေးအလွန်မြင့်တက်ပါကလည်း စားသုံးသူများအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်သည့်အတွက် ဈေးနှုန်းသင့်တင့်ညီမျှရေး ထိန်းညှိရန်မှာ အလွန်အရေးပါသည်ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားထားကြောင်း သိရှိရသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ၂၀၁၈-၁၉ ရာသီ သီးနှံထုတ်လုပ်မှုပမာဏ ဒုတိယအကြိမ်ခန့်မှန်းချက်အရ Kharif ရာသီစိုက်ပဲမျိုးစုံထုတ်လုပ်မှုပမာဏမှာ တန်ချိန်ကိုးသန်းဖြစ်ပြီး ဆောင်းရာသီပဲမျိုးစုံထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၁၅ သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ဆီထွက်သီးနှံထုတ်လုပ်မှု ခန့်မှန်းပမာဏအနေဖြင့်မူ တန်ချိန် ၃၁၅ သန်းအထိ ပြည့်မီဖွယ်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ ယခုနှစ်တွင် Nafed က ဝယ်ယူထားသည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံပမာဏနည်းရခြင်းမှာ အထွက်နှုန်းလျော့ကျသည့်အတွက်ကြောင့်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံတွင် သတ်မှတ်သီးနှံများ၏ဈေးနှုန်းများ၏ ပြင်ပဈေးကွက်ပေါက်ဈေးမှာ MSP ဈေးအောက် ကျဆင်းချိန်၌ တောင်သူလယ်သမားများထံမှ စိုက်ပျိုးရေးထွက်ကုန်များကို MSP ဈေးနှုန်းဖြင့် ဝယ်ယူပေးလေ့ရှိပြီး အဆိုပါဝန်ဆောင်မှုအား အစိုးရကိုယ်စားဆောင်ရွက်သည့် အေဂျင်စီအဖွဲ့အစည်းတစ်ခုဖြစ်သည့် Nafed သည် ယခုနှစ်ရာသီတွင် ပဲမျိုးစုံ(အထူးသဖြင့် ပဲစင်းငုံ) နှင့် ဆီထွက်သီးနှံ (အဓိကအားဖြင့် မြေပဲ)တို့ကို ယခင်နှစ်ထက် ပမာဏပိုနည်း၍ ဝယ်ယူထားကြောင်း သိရှိရသည်။

ထိုသို့လျော့နည်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ Maharashtra ပြည်နယ်၌ မိုးခေါင်သည့် အခြေအနေမျိုးဖြစ်ခဲ့ပြီး အခြားပြည်နယ်များတွင်လည်း သင့်တင့်ကောင်းမွန်သည့် ရာသီဥတုအခြေအနေမရှိခဲ့ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းများ လျော့ကျခဲ့သည့်အတွက်ဖြစ်ကြောင်း၊ ယင်းသို့သော အခြေအနေများကြောင့် အိန္ဒိယအစိုးရက ထုတ်ပြန်သည့်ဒုတိယအကြိမ် သီးနှံထုတ်လုပ်မှုခန့်မှန်းပမာဏတွင် ပထမအကြိမ်ခန့်မှန်းပမာဏအောက် လျှော့ချခန့်မှန်းထားကြောင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ အထွက်နှုန်းလျော့ကျမည့် သီးနှံများတွင် ပဲစင်းငုံသီးနှံမှာ ၄ ဒသမ ၀၈ သန်းထွက်ရှိမည်ဟု ပထမအကြိမ်က ခန့်မှန်းခဲ့သော်လည်း ယခုအခါ တန်ချိန် ၃ ဒသမ ၆၈ သန်းသို့ လျှော့ချခန့်မှန်းထားကြောင်း၊ အလားတူ မြေပဲထုတ်လုပ်မှုပမာဏအနေဖြင့် ယခင်က တန်ချိန် ၆ ဒသမ ၃၂၈ သန်းရှိမည်ဟု ခန့်မှန်းထားရာမှ ယခုအခါ တန်ချိန် ၅ ဒသမ ၄၄၁ သန်းသို့ လျှော့ချခန့်မှန်းထားကြောင်း Nafed ၏ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဆိုင်ရာ အမှုဆောင် ဒါရိုက်တာဖြစ်သူက ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်တွင် ရှင်းလင်း ပြောကြားထားသည်။

ထို့ပြင် အစိုးရဝယ်ယူပြီးစီးသည့် ပမာဏလျော့နည်းရခြင်း၏ အကြောင်းအရင်းတစ်ရပ်မှာ အချို့သော ပဲသီးနှံအမျိုးအစားများမှာ MSP ဈေးနှုန်းအထက်သို့ ရောက်နေသောကြောင့် တောင်သူများက ပြင်ပဈေးကွက်သို့ ရောင်းချသည့်အတွက်ဖြစ်ကြောင်း၊ အလားတူ ပဲပုပ်သီးနှံဈေးနှုန်းမှာလည်း MSP ဈေးနှုန်းအထက်သို့ တက်ရိပ်ရှိသည်ဟု ခန့်မှန်းယူဆကြသည့်အတွက် အစိုးရက ဝယ်ယူပေးရသည့်ပမာဏ အလွန်နည်းသည်ဟု ၎င်းကထည့်သွင်း ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# အိန္ဒိယနိုင်ငံ၏ ၂၀၁၈-၂၀၁၉ ရာသီ၊ အစေ့အဆန်ထုတ်လုပ်မှုမှာ တန်ချိန် ၂၈၁ ဒသမ ၃၇ သန်းရှိမည်ဟု ခန့်မှန်းထားပြီး ပဲမျိုးစုံထုတ်လုပ်မှု ကျဆင်းနိုင်

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၁၈-၁၉ သီးနှံ ရာသီအတွင်း ဆန်ထုတ်လုပ်မှုပမာဏမှာ စံချိန်တင်မည်ဖြစ်သော်ငြားလည်း ပြောင်းဆန်နှင့် ပဲသီးနှံအထွက်နှုန်းကျ ဆင်းနိုင်သည့်အတွက် နိုင်ငံ၏အစေ့အဆန်ထုတ်လုပ်မှုပမာဏ စုစုပေါင်း အနေဖြင့်မူ ယခင်နှစ်အောက်တစ် ရာခိုင်နှုန်းလျော့နည်းနိုင်ပြီး တန်ချိန် ၂၈၁ ဒသမ ၃၇ သန်းသာရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ပြီးခဲ့သည့် ၂၀၁၇-၁၈ သီးနှံရာသီတွင်မူ အစေ့အဆန် တန်ချိန်စုစုပေါင်း ၂၈၄ ဒသမ ၈၃ သန်း အထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရသည် နိုင်ငံ၏ သီးနှံထုတ်လုပ်မှုပမာဏများအား ပိုမို တိကျမှုရှိစေရန်အတွက် ရာသီဥတု အခြေအနေနှင့် မြေပြင်အနေအထားများကို မူတည်ကာထုတ်လုပ်မှုခန့်မှန်းပမာဏများကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ထုတ်ပြန်လေ့ရှိပြီး တစ်နှစ်လျှင် လေးကြိမ်ခန့်ထုတ်ပြန်လေ့ရှိရာ ယခုအကြိမ်သည် ၂၀၁၈-၁၉ သီးနှံရာသီအတွက် ဒုတိယအကြိမ် ခန့်မှန်းချက် ထုတ်ပြန်ထားကြောင်း သိရှိရသည်။

အချက်အလက်များအရ လက်ရှိရာသီ ဆန်ထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၁၁၅ ဒသမ ၆၀ သန်းထိ စံချိန် တင်နိုင်ပြီး ပြီးခဲ့သည့်နှစ်တွင် တန်ချိန် ၁၁၂ ဒသမ ၉၁ သန်းသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဂျုံထုတ်လုပ်မှုပမာဏအနေဖြင့် ယခင်နှစ်တွင် တန်ချိန် ၉၉ ဒသမ ၇၀ သန်းရှိခဲ့သော်လည်း ယခုနှစ်တွင် ၉၉ ဒသမ ၁၂ သန်းသာရှိနိုင်မည်ဟု ခန့်မှန်းသည့်အတွက် ပမာဏအနည်းငယ်လျော့နည်းကျဆင်းကြောင်း၊ ပြောင်းဆန်ပမာဏအနေဖြင့် ယခင်နှစ်တွင် တန်ချိန် ၄၆ ဒသမ ၉၉ သန်း ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၄၂ ဒသမ ၆၄ သန်းသို့ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း၊ ပဲမျိုးစုံထုတ်လုပ်မှုပမာဏအနေဖြင့်လည်း ပြီးခဲ့သည့်နှစ်တွင် တန်ချိန် ၂၅ ဒသမ ၂၃ သန်းထိ စံချိန်တင်ခဲ့သော်လည်း ယခုနှစ်တွင် တန်ချိန် ၂၄ ဒသမ ၀၂ သန်းသာထွက် ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

စားနပ်ရိက္ခာအစေ့အဆန်မဟုတ်သည့် သီးနှံများအနက် ဆီထွက်သီးနှံထုတ်လုပ်မှု ခန့်မှန်းပမာဏအနေဖြင့် ၂၀၁၈-၁၉ ရာသီအတွက် တန်ချိန် ၃၁ ဒသမ ၂၀ သန်းရှိမည်ဟု ခန့်မှန်းထားပြီး ပြီးခဲ့သည့်နှစ်က တန်ချိန် ၃၁ ဒသမ ၃ သန်းရှိခဲ့ကြောင်း၊ သကြားထုတ်လုပ်မှုအနေဖြင့် ယခင်နှစ်က တန်ချိန် ၃၇၆ ဒသမ ၉ သန်းရှိခဲ့ရာမှ ယခုနှစ်ရာသီတွင် တန်ချိန် ၃၈၀ ဒသမ ၈၃ သန်းထိရှိလာမည်ဟု ခန့်မှန်းထားကြောင်း၊ ဝါဂွမ်းသီးနှံအနေဖြင့် ယခင်နှစ်တွင် ဘေထုပ်ပေါင်း ၃၄ ဒသမ ၈၈ သန်းမှ ယခုနှစ်တွင် ၃၀ ဒသမ ၀၉ သန်း (ဝါဂွမ်းဘေတစ်ထုပ်လျှင် ၁၇၀ ကီလိုဂရမ်)သာရှိမည်ဟု လျော့ကျခန့်မှန်းထားကြောင်း၊ ဂုန်လျှော်ထုတ်လုပ်မှုအနေဖြင့် ယခင်နှစ်တွင် ဘေထုပ်ပေါင်း ၁၀ ဒသမ ၁၃ သန်း(ဂုန်လျှော် ဘေထုပ် တစ်ထုပ်လျှင် ၁၈၀ ကီလိုဂရမ်) ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုနှစ်တွင် ဘေထုပ်ပေါင်း ၁၀ ဒသမ ၀၇ သန်းသာရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

အိန္ဒိယ၌ ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း စားနပ်ရိက္ခာအစေ့အဆန်နှင့် ဆီထွက်သီးနှံ၊ ဝါဂွမ်း၊ ကြံ၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ အမြောက်အမြား ထွက်ရှိခဲ့ခြင်းနှင့် ကြုံကြိုက်ခဲ့ရာ တောင်သူလယ်သမားအနေဖြင့် စိုက်သီးနှံများအတွက် ဈေးကောင်းမရသည့် အခြေအနေများဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# Maharashtra ပြည်နယ်၏ ကြံစိုက်ဧကမှာ လာမည့်နှစ်တွင် ၄၀ ရာခိုင်နှုန်း လျော့နည်းနိုင်

အိန္ဒိယနှင့်ကမ္ဘာ့ဈေးကွက်များ၌ သကြားပိုလျှံနေသည့် အခက်အခဲနှင့် ရင်ဆိုင်နေရချိန်တွင် မိုးခေါင်သည့် အခြေအနေဖြစ်ပေါ်နေသည့် Maharashtra ပြည်နယ်၌ လာမည့်နှစ်ရာသီတွင် ကြံစိုက်ဧကမှာ ၆၆ ဒသမ ၅ သိန်းသို့ ကျဆင်းနိုင်ပြီး ယခင်နှစ်အောက် ၄၀ ရာခိုင်နှုန်းကျော် လျော့နည်းနိုင်သည်ဟု Vasantdada Sugar Institute ၏ ဒါရိုက်တာ Vikas Deshmukh က ၂၀၁၉ ခုနှစ် မတ်လ ၂၀ ရက်တွင် သုံးသပ်ခန့်မှန်းပြောကြားခဲ့ကြောင်း သိရှိရသည်။

သို့ရာတွင် လာမည့်နှစ်တွင် Maharashtra ၌ ကြံစိုက်ဧက ကျဆင်းနိုင်သည့်တိုင် ယခုနှစ်ရာသီ၏ ထုတ်လုပ်မှုပမာဏမှာမူ လောလောဆယ်အထိ ကြံများ ဆက်လက်ကြိတ်ခွဲနေဆဲဖြစ်သည့်အတွက် မျှော်မှန်းပမာဏထက် မြင့်မားနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ နောက်ဆုံးအချက်အလက်များအရ လက်ရှိရာသီအတွင်း Maharashtra ပြည်နယ်၏ ကြံထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၁၀ သန်းကျော်ပြီဖြစ်ကာ ယခင်နှစ်ထုတ်လုပ်မှုပမာဏတန်ချိန် ၁၀ ဒသမ ၇ သန်းနီးပါးအထိ ရောက်ရှိပြည့်မီနိုင်မည်ဟု ခန့်မှန်းကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ် (စီးပွားရေးသံမှူး)၊ မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ၂၀၁၈ အတွင်း တရုတ်-အာဆီယံကုန်သွယ်မှု

# လျှင်မြန်စွာ တိုးတက်ခဲ့

ဒေါက်တာနုနုခိုင်

၂၀၁၈ ခုနှစ်အတွင်း တရုတ်နှင့်အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၅၈၇ ဒသမ ၈၇ ဘီလီယံ ရောက်ရှိခဲ့ပြီး၊ ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ တိုးတက်မှုနှုန်းမှာ တရုတ်နိုင်ငံပြည်ပကုန်သွယ်မှုပျမ်းမျှတိုးတက်မှုနှုန်းကို ကျော်လွန်ခဲ့ကာ တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် EU နှင့် (၁၀ ဒသမ ၆ ရာခိုင်နှုန်း)၊ အမေရိကန်နှင့် (၈ ဒသမ ၅ ရာခိုင်နှုန်း) တို့အနက် အာဆီယံနှင့် ကုန်သွယ်တိုးတက်မှုနှုန်းမှာ အမြန်ဆုံးဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်း တရုတ်-အာဆီယံ ကုန်သွယ်မှုအတွင်း တရုတ်နိုင်ငံ၏ အာဆီယံနိုင်ငံများသို့ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၁၉ ဒသမ ၂၄ ဘီလီယံဖြစ်ပြီး ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကာ တရုတ်၏ အာဆီယံနိုင်ငံများမှ သွင်းကုန် တင်သွင်းမှုမှာ ၂၆၈ ဒသမ ၆၃ ဘီလီယံ ဖြစ်ပြီး ၁၃ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၆၁ ဘီလီယံ ကုန်သွယ်မှုပိုငွေပြခဲ့ကာ ပြီးခဲ့သည့်နှစ်၏ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၄၂ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၁၄ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၂၀၁၈ ခုနှစ်အတွင်း ကုန်သွယ်ရေးလိုငွေနှင့်ပိုငွေပြမှု အခြေအနေအပေါ် ကြည့်မည်ဆိုပါက တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုပိုငွေပြခဲ့သည့် ထိပ်တန်းသုံးနိုင်ငံမှာ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်ငံတို့ဖြစ်ကြပြီး ကုန်သွယ်ရေးလိုငွေပြခဲ့သည့် ထိပ်တန်းသုံးနိုင်ငံတို့မှာ မလေးရှား၊ ထိုင်းနှင့်လာအိုနိုင်ငံတို့ဖြစ်ကြပါသည်။

ထို့ပြင် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုပမာဏအများဆုံးဖြစ်သည့် ထိပ်တန်းသုံးနိုင်ငံမှာ ဗီယက်နမ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး၊ ၂၀၁၈ ခုနှစ်အတွင်း တိုးတက်မှုနှုန်းအနေဖြင့် ကြည့်မည်ဆိုပါက တရုတ်နှင့် အာဆီယံနိုင်ငံအားလုံးတို့အကြား ကုန်သွယ်မှုနှုန်းမှာ တိုးတက်ခဲ့ပြီး ၎င်းတို့အနက် တိုးတက်မှုနှုန်း အမြန်ဆုံးဖြစ်သည့် ထိပ်တန်း (၃) နိုင်ငံမှာ ဘရူနိုင်း (၈၆ ရာခိုင်နှုန်း)၊ ကမ္ဘောဒီးယား (၂၇ ဒသမ ၆ ရာခိုင်နှုန်း)၊ အင်ဒိုနီးရှား (၂၂ ဒသမ ၂ ရာခိုင်နှုန်း) တို့ဖြစ်ကြပါသည်။ တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများအနက် သွင်းကုန်တင်သွင်းမှုပမာဏအများဆုံးဖြစ်သည့် ထိပ်တန်းသုံးနိုင်ငံမှာ ဗီယက်နမ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး တိုးတက်မှုနှုန်းအမြန်ဆုံးထိပ်တန်းသုံးနိုင်ငံမှာ ကမ္ဘောဒီးယား (၃၆ ဒသမ ၇ ရာခိုင်နှုန်း)၊ ဗီယက်နမ် (၂၇ ရာခိုင်နှုန်း)၊ လာအို (၂၅ ဒသမ ၈ ရာခိုင်နှုန်း) တို့ဖြစ်ကြပါသည်။ တရုတ်နိုင်ငံမှ အာဆီယံသို့ ပို့ကုန်တင်ပို့မှုပမာဏ အများဆုံးဖြစ်သည့် ထိပ်တန်း (၃) နိုင်ငံမှာ ဗီယက်နမ်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ဖြစ်ကြပြီး၊ ၎င်းတို့အနက် တိုးတက်မှုနှုန်း အမြန်ဆုံးထိပ်တန်းသုံးနိုင်ငံမှာ ဘရူနိုင်း (၁၄၉ ဒသမ ၈ ရာခိုင်နှုန်း)၊ ကမ္ဘောဒီးယား (၂၅ ဒသမ ၇ ရာခိုင်နှုန်း) နှင့် အင်ဒိုနီးရှား (၂၄ ဒသမ ၃ ရာခိုင်နှုန်း) အသီးသီးတို့ဖြစ်ကြောင်း တွေ့ရပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် တရုတ်နှင့် အာဆီယံနိုင်ငံများအနေဖြင့် (China-ASEAN Strategic Partnership Vision 2030) ကို သဘောတူလက်ခံခဲ့ကြပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံမှုများကို ပိုမိုနက်နဲစွာ အကောင်အထည်ဖော်ခြင်း၊ Inter-connection စသည့် ကဏ္ဍများအား မြှင့်တင်ခြင်းများကို အတူတကွကြိုးပမ်းအကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ်အတွင်း တရုတ်နှင့် အာဆီယံ ဆက်စပ်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံအစရှိသည့် နိုင်ငံများနှင့် အရေးကြီးသည့် ပူးတွဲကြေညာစာတမ်းများကို တစ်ဆက်တည်း ထုတ်ပြန်ခဲ့ကြသည်။ ထို့နောက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် တရုတ်-ကမ္ဘောဒီးယား ပူးတွဲထုတ်ပြန်ကြေညာချက်ကိုလည်း ဆက်လက်ထုတ်ပြန်ကြေညာခဲ့ပါသည်။

တရုတ်-အာဆီယံ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများအား ကြည့်မည်ဆိုပါက ၂၀၁၈ ခုနှစ်အတွင်း တရုတ်မှ ဖိလစ် ပိုင်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမှာ ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၈၄ ဆ တိုးတက်ခဲ့ကြောင်း သိရပါသည်။ တရုတ်နိုင်ငံသည် ဖိလစ်ပိုင် နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ၊ အကြီးဆုံး သွင်းကုန်ပစ္စည်းတင်သွင်းသည့်နိုင်ငံနှင့် စတုတ္ထအကြီးဆုံး ပို့ကုန်ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ပြီးခဲ့သည့်တစ်နှစ်အတွင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပြီး စီမံကိန်းနှင့် ဆက်စပ်သည့် ပူးပေါင်းအကောင်အထည်ဖော်မည့် နည်းလမ်းများကို တည်ထောင်ခဲ့ကြသည်။ တရုတ်-မြန်မာနယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက် မှုဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ရန်ကုန်မြို့သစ်စီမံကိန်းအစ ရှိသည့် အဓိကပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို တွန်းအားပေး အကောင်အထည်ဖော်ခြင်း၊ နှစ်နိုင်ငံအကြား မော်တော်ကားလမ်း၊ မီးရထားလမ်း၊ လျှပ်စစ်နှင့် အင်တာနက်ကွန်ရက်ဆိုင်ရာအစရှိသည့် အခြေခံအဆောက်အဦစီမံကိန်းများကို တစ်ဆင့်ပြီးတစ်ဆင့်တွန်း အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံနှင့် အကြီးဆုံးရင်းနှီးမြှုပ်နှံမှုနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အာဆီယံအနေဖြင့် Master Plan on ASEAN Connectivity 2025 ကို အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး၊ Physical, Institutional, People-to-People Linkages ချိတ် ဆက်ရေးတို့မှာစီမံကိန်း၏ အဓိကအခြေခံအချက် (၃) ခုဖြစ်ပြီး အာဆီယံအလုံးစုံပေါင်းစည်းရေးမှာ စီမံကိန်း၏ရည်မှန်းချက်ပင်ဖြစ်သည်။ Physical ချိတ်ဆက် စီးဆင်းမှုတွင် လမ်းပန်းဆက်သွယ်ပို့ဆောင်ရေး၊ သတင်းအချက်အလက်နည်းပညာနှင့် စွမ်းအင်ဆိုင်ရာကဏ္ဍတို့ ပါဝင်ပြီး၊ Institutional ချိတ်ဆက်စီးဆင်းမှုများတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုတို့၏ လွတ်လပ်စွာ စီးဆင်းမှုတို့ပါဝင်ကာ People-to-People Linkages များတွင် ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားအစရှိသည့်ကဏ္ဍတို့ ပါဝင်ပါသည်။

အာဆီယံပို့ဆောင်ရေးဝန်ကြီးများအဆင့် အစည်းအဝေးတွင် အာဆီယံပို့ဆောင်ဆက်သွယ်ရေးနည်းဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅ ကို လက်မှတ်ရေးထိုးခဲ့ကြပြီး၊ အာဆီယံအနေဖြင့် အရှေ့အနောက်စီးပွားရေးစင်္ကြံ(EWEC) စီမံကိန်းပြီးစီးရေးနှင့် ရန်ကုန်မြို့ အဆင့်မြှင့်တင် ခြင်း၊ Da Nang ဆိပ်ကမ်းတည်ဆောက်ခြင်း၊ မဲခေါင်-အိန္ဒိယ စီးပွားရေးစင်္ကြံ(MIEC) တံတားတည်ဆောက်ရေးမြှင့်တင်ခြင်းနှင့် ၂၀၂၀ ခုနှစ်တွင် အဆိုပါ တံတားတည်ဆောက်မှု ပြီးစီးရန်လျာထားကာ ထားဝယ်ရေနက်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှု အစရှိသည်တို့ကိုလည်း တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွန်းအားပေး အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း (ASEAN Plan of Action for Energy Cooperation-APAEC 2016-2025) ကို အာဆီယံစွမ်းအင်ဆိုင်ရာဝန်ကြီးများ အဆင့်အစည်းအဝေးတွင် သဘောတူညီခဲ့ပြီး၊ အဓိကအားဖြင့် အာဆီယံ လျှပ်စစ်နှင့် အင်တာနက် ကွန်ရက်၊ နယ်စပ်ဖြတ်ကျော် အာဆီယံသဘာဝဓာတ်ငွေ့ ပိုက်လိုင်း၊ ကျောက်မီးသွေးနှင့် ကျောက်မီးသွေးသန့်စင်နည်းပညာ၊ စွမ်းအင်ကိုအကျိုးရှိစွာအသုံးပြုမှုနှင့် စွမ်းအင်ချွေတာသုံးစွဲမှု၊ ဒေသအတွင်း မူဝါဒဆိုင်ရာ စီမံကိန်းများနှင့် ပြည်သူလူထု၏ စွမ်းအင်အသုံးပြုနိုင်မှု ပမာဏအစရှိသည့် ကဏ္ဍများအပေါ် အလေးအနက်ထားကာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

လယ်ယာနှင့်သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနည်းဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅ အား အာဆီယံလယ်ယာနှင့်သစ်တောဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Agriculture and Forestry-AMAF) ၌ သဘောတူညီခဲ့ကြပြီး သတ္တုထွက်ကုန်ပစ္စည်းများကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးပွားလာစေရန်နှင့်သတ္တုကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ရန်အတွက် အာဆီယံသတ္တုကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ၂၀၁၆-၂၀၂၅ ကို အာဆီယံသတ္တုလုပ်ငန်းကဏ္ဍဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးတွင်လည်းကောင်း သဘောတူညီခဲ့ကြကာ၊ အဆိုပါ စီမံကိန်းများအနေဖြင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များအား ဆောက်လုပ်ရေးစက်ပစ္စည်းများ၊ ဆိပ်ကမ်းတည်ဆောက်ခြင်းဆိုင်ရာ စက်ပစ္စည်းများနှင့် စွမ်းအင်ဆိုင်ရာ စက်ပစ္စည်းများ၊ လယ်ယာသုံးနှင့်သစ်တောဆိုင်ရာ စက်ပစ္စည်းများ၊ သတ္တုလုပ်ငန်းဆိုင်ရာ စက်ပစ္စည်းကိရိယာအစရှိသည့်ကဏ္ဍများ၏ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခွင့်အရေးသစ်များကို ယူဆောင်လာခဲ့သည်။

နယ်စပ်ဖြတ်ကျော် e-commerce အစရှိသည့် ပုံစံအသစ်ကုန်သွယ်မှုစနစ်သည် တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းများ အာဆီယံနိုင်ငံအတွင်း လူကြိုက်များသည်သာမက၊ အာဆီယံနိုင်ငံများ၏ ကုန်ပစ္စည်းများသည်လည်း တရုတ်နိုင်ငံအတွင်းသို့ဝင်ရောက်နေရာယူခဲ့ပြီး နှစ်ဖက်အပြန်အလှန် နယ်စပ်ဖြတ်ကျော် e-commerce ဆိုင်ရာဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို အပြုသဘော မြှင့်တင်ရာရောက်ကြောင်း သိရသည်။

အမေရိကန်နှင့် EU မှ ဖိလစ်ပိုင်နိုင်ငံသို့ပို့ကုန်ကုန်ပစ္စည်းတင်ပို့မှု အခွန်သက်သာခွင့် ဆိုင်ရာ အထူးအခွင့်အရေးများပေးခဲ့ပြီး အီးယူမှ ဖိလစ်ပိုင်သို့ GSP ဆိုင်ရာ အထူးအခွင့်အရေးအဖြစ် ဖိလစ်ပိုင်နိုင်ငံ၏ ကုန်ပစ္စည်း ၆၀၀၀ ကျော်ကို အကောက်ခွန် သုညရာခိုင်နှုန်းဖြင့် EU သို့တင်ပို့နိုင်မည်ဖြစ်သည်။ အာဆီယံနိုင်ငံများအတွင်း စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ပေါ်များသော်လည်း အာဆီယံနိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းကွာဟမှု၊ စက်မှုလုပ်ငန်း တည်ဆောက်ပုံ၊ စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒအစရှိသည့် ကွာဟမှုများကြောင့် တရုတ် နိုင်ငံစီးပွားရေးလုပ်ငန်းများအနေဖြင့် အာဆီယံနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်ရာတွင် တရုတ် နိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ နိုင်ငံတကာစီးပွားရေးဆိုင်ရာ လုပ်ငန်းအဆင့်အတန်းကို မြှင့်တင်ရန်လိုအပ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် သတ်မှတ်ထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်း၊ ကုန်သွယ်ဘက်နိုင်ငံအား မှန်ကန် စွာ ရွေးချယ်ခြင်းနှင့် နှစ်ဖက်ပြည်သူလူထုအကျိုးကို ရှေ့ရှုဆောင်ရွက်ခြင်းများကို ပြုလုပ်ရန်လိုအပ်မည် ဖြစ်ပါသည်။

လက်ရှိတွင် တရုတ်နှင့်အင်ဒိုနီးရှားနိုင်ငံတို့၏ ဆက်ဆံရေးမှာ အကောင်းဆုံး အခြေအနေသို့ရောက်ရှိနေပြီး၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများ လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လျက်ရှိပြီး ထိုသို့ဖိတ်ခေါ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိခြင်း၊ ဒေသအတွင်းရှိ အလုပ်သမားများကို အသုံးပြုခြင်း၊ နည်းပညာလွှဲပြောင်းခြင်းနှင့် တီထွင်ဆန်းသစ်မှု၊ နှစ်ဖက်အပြန်အလှန် အကျိုးကျေးဇူးရရှိစေခြင်း (win-win situation) အစရှိသည့် အချက်များနှင့် ကိုက်ညီရမည်ဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ်အတွင်း အာဆီယံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၅ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းကြောင်း ဖော်ပြအပ်ပါသည်။

■

# BRI ပူးပေါင်းဆောင်ရွက်မှုကို အရည်အသွေးမြင့်မြင့် ဆောင်ရွက်ရန် တရုတ်သမ္မတ ကတိပြု

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသောဖိုရမ်တစ်ခုတွင် ရပ်ဝန်း တစ်ခုလမ်းတစ်ခု အစီအစဉ်(BRI) ကို အရည်အသွေးမြင့်မြင့် တိုးတက်လာ အောင်အကောင်အထည်ဖော်နိုင်မည့် အဆိုပြုချက်များကို တရုတ်သမ္မတရှီ ကျင့်ဖျင်က ဧပြီ ၂၆ ရက်မှာ ကြေညာခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တောက်ပသော အနာဂတ်ကာလဆီသို့ ရည်ရွယ်လျက် အရည်အသွေးမြင့်မြင့် ဖွံ့ဖြိုးမှုကိုရရှိအောင် အဆက်မပြတ်ဖော်ဆောင်နိုင်ရေးအတွက် (BRI) အစီအစဉ်တွင် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းကလက်တွဲ၍ ပူးပေါင်းပါဝင်ကြဖို့ အပြည်အပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကျင်းပသော ဒုတိယအကြိမ်မြောက် ရပ်ဝန်းတစ်ခု လမ်းတစ်ခုဖိုရမ် (BRF)၌ အဖွင့်အမှာစကားပြောကြားရာတွင် ရှီက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံပေါင်း ၁၅၀ ကျော်နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၉၀ ကျော်မှ လူပေါင်း ၅၀၀၀ ကျော် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ တက်ရောက်ကြသူများအနက် နိုင်ငံတော်နှင့် အစိုးရအဖွဲ့အကြီးအကဲ ၄၀ နီးပါးပါဝင်သည်။



ရုရှားသမ္မတပူတင်၊ ကာဇက်စတန်သမ္မတ နူးစူလတန် နာဇာဘာယက်၊ အီဂျစ်သမ္မတ အဗ္ဗဒဲဖာတာစီစီ၊ ချီလီသမ္မတဆဗက်ရှန်ပီနီရာ၊ မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်၊ ပါကစ္စတန်ဝန်ကြီးချုပ် အင်မရမ်ခန်းနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတားရက်တို့ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြသည်။

နက်ရှိုင်းစွာ တိုင်ပင်ညှိနှိုင်းရေး၊ ပူးတွဲထောက်ပံ့ရေး နှင့်အကျိုးစီးပွားမျှဝေခံစားရေး အခြေခံမူကိုခိုင်မာစွာ ကိုင်စွဲရန် ရှီကတိုက်တွန်းပြီး ပွင့်လင်းသော၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသော၊ သန့်ရှင်းသောနည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်သွားကြရန်နှင့် အဆင့်မြင့်သော၊ လူနေမှုဘဝကိုတိုးတက်စေသောရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို ရရှိအောင်ဆောင်ရွက်ရန်လည်း အလေးပေးပြောကြားခဲ့သည်။

BRIသည် သီးခြားကလပ်အသင်းမျိုးမဟုတ်ကြောင်း ရှီကပြောကြားသည်။

BRIကိုဆောင်ရွက်ရန် ရှီက ၂၀၁၃ ခုနှစ်တွင်အဆိုပြုခဲ့ခြင်းဖြစ်ပြီး မျှော်လင့်ထားသည်ထက် ပိုမို အကျိုးစီးပွားဖြစ်ထွန်းသော ကမ္ဘာ့စီးပွားရေးကို ထူထောင်ရန် လမ်းဖွင့်ပေးခဲ့သည်။ BRI သည် ခြောက်နှစ်မပြည့်မီကာလအတွင်း မှာပင် အာရှနှင့်ဥရောပမှတစ်ဆင့် အာဖရိက၊ အမေရိကနှင့် အိုရှင်းနီးယားဒေသများသို့ ပျံ့နှံ့သွားခဲ့သည်။

## တောင်အာဖရိက စူပါမားကက်များတွင် ဗီယက်နမ်ထုတ်ကုန်များ မိတ်ဆက်မည်



ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိအာရှ-အာဖရိကဈေးကွက်များ ဌာနသည် မေ ၈ ရက်မှ ၁၆ ရက်အထိ စီးပွားရေး ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ပြီး ဒေသတွင်းရှိ စူပါမားကက်များတွင် ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို မိတ်ဆက်ရောင်းချရန်စီစဉ်ထားကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ဆန်၊ ကော်ဖီ၊ လက်ဖက်ရည်၊ ပြုပြင်ပြီး အစားအစာ၊ အဖျော်ယမာကာ၊ အဝတ်အထည်၊ ရေထွက်ကုန်၊ အိမ်တွင်းဖြစ်ပစ္စည်းများနှင့် သားရေထည်ပစ္စည်းများ အပါအဝင်ဗီယက်နမ် လယ်ယာထုတ်ကုန်ပစ္စည်းများကို စူပါမားကက်များတွင် အရောင်းမြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကိုယ်စားလှယ် အဖွဲ့သည် ပြည်တွင်းဈေးကွက်ကို လေ့လာခြင်း၊ စီးပွားရေး မိတ်ဖက်များနှင့်တွေ့ဆုံခြင်းနှင့် ကိတ်တောင်းမြို့နှင့် ဂျိုဟန်နက်စဘတ်မြို့တို့တွင် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းများကို ဆောင်ရွက်သွားမည်ဟုလည်းသိရသည်။

ယခု ဆောင်ရွက်မှုသည် သူတို့၏ ထုတ်ကုန်များကို ထုတ်ဖော်ပြသပြီး ဗီယက်နမ်စီပွားရေးလုပ်ငန်းများအား တောင်အာဖရိကစီးပွားရေးလုပ်ငန်းများနှင့် အစုစပ်လုပ်ငန်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ခြင်းဖြစ်သည်။

အာဖရိကတိုက်တွင် တောင်အာဖရိကနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာတစ်ဘီလီယံ ကျော်လွန်ခဲ့သည်။

ယခင်နှစ်က ဗီယက်နမ်နိုင်ငံသည် တောင်အာဖရိကနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၂၄ သန်းဖိုးရှိထုတ်ကုန်များကိုတင်ပို့ခဲ့ရာမိုလ် ဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ စက်ယန္တရားများ၊ ကော်ဖီ၊ အဝတ်အထည်နှင့် ဖိနပ် စသည်တို့ပါဝင်သည်။ တစ်ချိန်တည်း မှာ ဗီယက်နမ်နိုင်ငံက အမေရိကန် ဒေါ်လာ ၃၈၆ သန်းဖိုးရှိ တောင်အာဖရိကထုတ်ကုန်တို့ကို တင်သွင်းခဲ့ရာ ပလတ်စတစ်ပစ္စည်း၊ သတ္တု၊ သစ်သီး၊ အဝတ်အထည် လုပ်ငန်း ကုန်ကြမ်းနှင့် ဓာတုပစ္စည်း စသည်တို့ ပါဝင်သည်။

စံမီအောင် စုစည်းသည်

## အမေရိကန်ကုန်ပစ္စည်းများကို အခွန်ကောက်ခံမည့်ရက်ကို အိန္ဒိယက နောက်ထပ် ၁၄ ရက် တိုးပေးရန်ရှိ

ဗာဒံစေ့၊ သစ်ချသီးနှင့် ပဲအမျိုးမျိုးတို့ အပါအဝင် အမေရိကန်ထုတ်ကုန် ၂၉ မျိုးတို့အပေါ်တွင် လက်တုံ့ပြန်အကောက်ခွန်ကောက်ခံရန်နောက်ဆုံး သတ်မှတ်ရက်ကို အိန္ဒိယက နောက် ထပ် ၁၄ ရက်တိုးပေးမည့် အလားအလာရှိကြောင်း သတင်းရင်းမြစ်များ၏ ပြောကြားချက်ကို livemint ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

အကောက်ခွန်တိုးမြှင့်ကောက်ခံရန် နောက်ဆုံး သတ်မှတ်ရက်ကို ထပ်မံတိုးချဲ့ရန် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ အခွန်အကောက်ဌာနကိုကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထောက်ခံတင်ပြသွားမည်ဟု ခန့်မှန်းထားသည်။ လက်ရှိနောက်ဆုံးသတ်မှတ်ထားသော ရက်မှာ မေ ၂ ရက်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုမှ သွင်းကုန်များကို လက်တုံ့ပြန်အခွန်ကောက်ခံမည့် နောက်ဆုံးရက်ကို နောက်ထပ် ၁၄ ရက် ထပ်မံတိုးပေးရန် ဝန်ကြီးဌာနကထောက်ခံ တင်ပြသွားမည်ဟုသိရကြောင်း သတင်းရင်းမြစ်များက ပြောသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနကလက်ခံမည်ဆိုပါက အခွန်အကောက်ဌာနက ကြေညာချက်ထုတ်ပြန်သွားမည်ဟု သိရသည်။

၂၀၁၈ ခုနှစ်နောက်ပိုင်းမှစ၍ အိန္ဒိယအစိုးရသည် နောက်ဆုံး သတ်မှတ်ရက်ကို ခြောက်ကြိမ်ကျော် တိုးချဲ့သတ်မှတ်ပေးထားပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ သံနှင့် အလူမီနီယံသတ္တုထုတ်ကုန်တို့အပေါ် အမေရိကန်ပြည်ထောင်စုက အခွန်တိုးမြှင့်ရန် ဆုံးဖြတ်သည်ကို လက်တုံ့ပြန်သည့်အနေဖြင့် အိန္ဒိယကလည်း အခွန်တိုးကောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အထွေထွေ အကောက်ခွန် အထူးအရေးပေး အစီအစဉ် (GSP) အရ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအား အချို့ကုန်ပစ္စည်းများအတွက် ပေးထားသော အခွင့်အရေးများကို အမေရိကန်ပြည်ထောင်စုက ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့သည့်အတွက် ယခုပြဿနာပေါ်ခဲ့ရခြင်းဖြစ်သည်။ ထိုကဲ့သို့ ပြန်လည် ရုပ်သိမ်းမည့်အစီအစဉ်ကို မေ ၂ ရက်တွင် စတင်မည်ဟု ခန့်မှန်းထားသည်။

## တောင်ကိုရီးယားစီးပွားရေး တိုးတက်လာမည်ဟု ဗဟိုဘဏ်အကြီးအကဲပြော

တောင်ကိုရီးယား စီးပွားရေး အခြေအနေသည် လက်ရှိတုံ့ဆိုင်းနေသောအခြေအနေမှဆက်လက်တိုးတက်ကောင်းမွန်လာလိမ့်မည်ဟု တောင်ကိုရီးယားဗဟိုဘဏ်အကြီးအကဲက ဧပြီ ၂၆ ရက်ကပြောကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

“ပြည်ပအခြေအနေတွေမကောင်းတဲ့အတွက် စီးပွားရေးမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပြီး ပုဂ္ဂလိကကဏ္ဍစီးပွားရေးကကျဆင်းနေတယ် ဆိုတာမှန်ပါတယ်။ ဒါပေမဲ့ အစိုးရရဲ့ငွေကြေးသုံးစွဲမှု တိုးတက်တာက စီးပွားရေးတိုးတက်ဖို့ အထောက်အကူပေးပါတယ်။ ကမ္ဘာ့စီးပွားရေး အခြေအနေကလည်း တဖြည်းဖြည်း တိုးတက်လာနေပါပြီ”ဟု တောင်ကိုရီးယား ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး လီဂျူယိုးက ပြည်တွင်းဘဏ်များမှ အကြီးအကဲများနှင့် ပြုလုပ်သော အစည်းအဝေးတွင် ပြောသည်။

စီးပွားရေးမှာ နောက်ဆုံးရင်ဆိုင်ရသည့် အကျပ်အတည်းအဖြစ် ပို့ကုန်နှင့် မတည်ရင်းနှီးငွေသုံးစွဲမှုကျဆင်းသည့် အတွက် ယခုနှစ်ပထမသုံးလပတ်မှာယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ပါက နိုင်ငံ၏စုစုပေါင်းပြည်တွင်းကုန် ထုတ်လုပ်မှုက ခန့်မှန်းခြေသုညဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဗဟိုဘဏ် အကြီးအကဲကဧပြီ ၂၅ ရက်က ပြောသည်။

ယခုတိုးတက်နှုန်းသည် ၂၀၀၈ ခုနှစ်စတုတ္ထသုံးလပတ်နောက်ပိုင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ထိုကာလအတွင်းကျဆင်းနှုန်းမှာ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သည်။

ဇန်နဝါရီ - မတ် သုံးလတာကာလတွင် နိုင်ငံစီးပွားရေး တိုးတက်မှုနှုန်းသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ပြီး ၂၀၀၉ ခုနှစ်တတိယသုံးလပတ် နောက်ပိုင်း တိုးတက်မှု အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း ဗဟိုဘဏ်က ပြောသည်။

နိုင်ငံ၏ မတည်ရင်းနှီးမှုမှာ သုံးလပတ်အလိုက်နှိုင်းယှဉ်ပါက ၁၀ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး ပြည်ပတင်ပို့မှုမှာ ၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ပြည်ပမှတင်သွင်းမှုမှာ ကာလတူအတွင်း ၃ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဗဟိုဘဏ်၏ ခန့်မှန်းချက်အရ သိရသည်။

တောင်ကိုရီးယား၏ စီးပွားရေးသည် ၂၀၁၈ ခုနှစ်က ၂ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ရာ ၂၀၁၇ ခုနှစ်တိုးတက်နှုန်း ဖြစ်သော ၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ကျဆင်းသည်ကိုတွေ့ရသည်။

CB BANK

# နိုင်ငံတကာကုန်သွယ်ရေး ဝန်ဆောင်မှုများ

ပို့ကုန်/သွင်းကုန်လုပ်ငန်းများအတွက်ဘဏ်ဝန်ဆောင်မှုများ

ပို့ကုန်/သွင်းကုန်လုပ်ငန်းများအတွက်ငွေကြေးထောက်ပံ့ခြင်း ဝန်ဆောင်မှုများ

အပြည်ပြည်ဆိုင်ရာငွေလွှဲဝန်ဆောင်မှုများ

နယ်စပ်ကုန်သွယ်မှု(မြန်မာ-တရုတ်)လုပ်ငန်းများအတွက် ငွေလွှဲဝန်ဆောင်မှုများ



Hotline :

Trade Centre (Yangon) - (+95) 1 **378 643/4/5**

Trade Sales (Yangon) - (+95) 1 **2317 698**

Trade Centre (Mandalay)- (+95) 2 **4030 865**

Trade Centre (Muse) - (+95) 82 **525 45**

Website : www.cbbank.com.mm

Email : STU@cbbank.com.mm


ပိုမိုပြည့်စုံအောင် ရယူလိုက်ပါ
Dumex
ဒူးမက်
ဒူဂရို
Dugro
3
တင်းကြပ်သော
စစ်ဆေးမှုပေါင်း
၁၀၀
(၂)နှစ်အထက်မှ (၉)နှစ်အထိ ကလေးများအတွက်
သင့်ကလေး လုံခြုံမှုအတွက်
အရည်အသွေးယုံကြည်စိတ်ချမှု
Dumex
Dugro
3
ပိုမိုပြည့်စုံအောင် ရယူလိုက်ပါ
အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း - (+၉၅၁) ၆၅၁၃၂၂၇၊ ၆၅၁၃၈၈၇၊ ၆၆၀၅၄၄ Dugro Myanmar
MM18_C023

COMMERCE
INTERNATIONAL

# ရေချိုနှင့် ရေငန်ရေထွက်ကုန် အစားအသောက်များကို ပိုမိုတင်သွင်းနေသည့် ဟူနန်ပြည်နယ်



တရုတ်နိုင်ငံတောင်ပိုင်းရှိ ပြည်နယ်တစ်ခုဖြစ်သော ဟူနန်ပြည်နယ်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ရေချိုနှင့် ရေငန် အစားအသောက် တန်ချိန် ၃၂၇၇ ဒသမ ၆ တန် တင်သွင်းခဲ့ပြီး ပြီးခဲ့သောနှစ် အလားတူကာလကထက် ၁၆၀ ရာခိုင်နှုန်း ပိုမိုတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ တင်သွင်းမှု တန်ဖိုးအားဖြင့် ယွမ် ၂၃၀ သန်းဖိုး တင်သွင်းခဲ့ပြီး ၉၂၀ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ပါသည်။ ပျမ်းမျှ သွင်းကုန်ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၆၈ ဒသမ ၇ ယွမ်ရှိခဲ့ကာ ၃၀၀ ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။

ဟူနန်ပြည်နယ်သို့ ရေချိုနှင့် ရေငန်အစားအသောက်များ တင်သွင်းမှုမှာ ၂၀၁၈ ခုနှစ်မှစတင်၍ အတက်ဘက်သို့ဦးတည်လာခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ လစဉ်တင်သွင်းမှုပမာဏနှစ်ဆ ဖြစ်လာခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် သွင်းကုန်ပမာဏ ၇ ဒသမ ၅ ဆနှင့် ၁၁ ဒသမ ၁ ဆ အသီးသီး တိုးတက်လာပါသည်။

ထိုကာလများအတွင်း ဟူနန်ပြည်နယ်သည် ဗီယက်နမ်မှ ရေထွက်ကုန်ပစ္စည်းများကို ပမာဏအားဖြင့် အများဆုံး တင်သွင်းခဲ့ခြင်းဖြစ်ကာ စုစုပေါင်း ရေထွက်ကုန်တင်သွင်းမှု၏ ၄၂ ဒသမ ၆ ရာခိုင်နှုန်းခန့်ကို တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။ တန်ဖိုးအားဖြင့် အများဆုံးတင်သွင်းခဲ့သည့် နိုင်ငံမှာ ကနေဒါနိုင်ငံမှဖြစ်ပြီး စုစုပေါင်းတန်ဖိုး၏ ၆၉ ဒသမ ၆ရာခိုင်နှုန်းခန့်ကို တင်သွင်းခဲ့ကြောင်း တွေ့ရပါသည်။ အဓိကတင်သွင်းသည့် ရေထွက်ကုန်စည်များမှာ ပုစွန်တုတ်ကြီးနှင့် အေးခဲကင်းမွန်များဖြစ်ကြပါသည်။

ရေထွက်ကုန်များကို တင်သွင်းရာတွင် လေကြောင်းလိုင်းဖြင့် အဓိကသယ်ယူပို့ဆောင်ပါသည်။ ၂၀၁၉ ခုနှစ် ပထမနှစ်လအတွင်း ဟူနန်ပြည်နယ်သည် လေကြောင်းဖြင့် ရေထွက်ကုန်ပစ္စည်း ၂၀၇၁ ဒသမ ၇ တန်ကို တင်သွင်းခဲ့ပြီး ၂၅ ဒသမ ၂ ဆ တိုးတက်လာကာ စုစုပေါင်းတင်သွင်းမှု၏ ၆၃ ဒသမ ၂ရာခိုင်နှုန်း ရှိခဲ့ပါသည်။ လေကြောင်းဖြင့် တင်သွင်းခဲ့သည့် သွင်းကုန်တန်ဖိုးမှာ ယွမ်သန်း ၂၀၀ဖြစ်ပြီး ၄၀ ဒသမ ၆ဆ တိုးတက်လာကာ ရာခိုင်နှုန်းအားဖြင့် ၈၇ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

ယမန်နှစ်မှစ၍ ဟူနန်ပြည်နယ်တွင် ကုန်စည်အပြည့်တင်ဆောင်လာသည့် လေယာဉ်များကို ဖွင့်ပေးခဲ့ပါသည်။ သွင်းကုန်အားဖြင့် ကုန်တင်လေယာဉ်အများစုတို့မှာ ရေချိုနှင့် ရေငန်အစားအစာများကို သယ်ဆောင်လာကြပါသည်။ ပို့ကုန်အားဖြင့် ကုန်တင်လေယာဉ်အများစုတို့သည် ဟူနန်နှင့် အခြားတရုတ်ဒေသများမှ ထွက်ရှိသည့် ကုန်စည်အမျိုးမျိုးတို့ကို သယ်ဆောင်ကြပါသည်။ ထိုကဲ့သို့ လေယာဉ်ဖြင့် ကုန်သွယ်သည့်လမ်းကြောင်း ဖွင့်လှစ်ပေးခဲ့သည့်အတွက် ဟူနန်ပြည်နယ်မှ တင်သွင်းသည့် ရေချိုနှင့် ရေငန်ကုန်စည်များ၏ ပမာဏနှင့် တန်ဖိုးမှာ လျင်မြန်စွာတိုးတက်လာခြင်း ဖြစ်ပါသည်။

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး၊ နန်နင်းမြို့။**

## WTO mini ministerial meet ကို အိမ်ရှင်အဖြစ် ယခုနှစ်တွင်လည်းထပ်မံလက်ခံကျင်းပရန် အိန္ဒိယအစိုးရ စိတ်အားထက်သန်နေ

ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ကုန်သွယ်ရေး အားပြိုင်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ဆင်းရဲသည့်နိုင်ငံများအတွက် ရည်ရွယ်ခွင့်ပြုထားသည့် ကင်းလွတ်ခွင့်/သက်သာခွင့်များမှ အကျိုးကျေးဇူးများကို ထွန်းသစ်စနိုင်ငံများက ခံစားနေကြသည်ဟု အမေရိကန်က စွပ်စွဲပြောဆိုနေချိန်တွင် အိန္ဒိယအစိုးရသည် ကမ္ဘာ့ကုန်သွယ်ရေးစည်းမျဉ်း မူဝါဒများ၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အတွက် WTO အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲတစ်ခုအား လာမည့်မေလတွင် အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပရန် အဆိုပြုတင်ပြထားပြီးဖြစ်သည်ဟု ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Shri Suresh Prabhu က ပြောကြားထားကြောင်း သိရှိရပါသည်။

အမေရိကန်၏ စွပ်စွဲပြောဆိုမှုကို ချေပရန်အတွက် ပြီးခဲ့သည့်နှစ်ကလည်း အိန္ဒိယသည် အလားတူအစည်းအဝေးတစ်ခုကို တရုတ်၊ တောင်အာဖရိက၊ ဗင်နီဇွဲလားတို့နှင့်ပေါင်း၍ ကျင်းပခဲ့ပြီး WTO ၌ အမေရိကန်အား အကျိုးဖြစ်ထွန်းနေစေသည့် သိသာထင်ရှားသည့် မညီမျှမှုများကို မီးမောင်းထိုးပြခဲ့ကြောင်း၊ ယခုနှစ်အစည်းအဝေးကမူ WTO ၌ဖွံ့ဖြိုးဆဲနိုင်ငံများက ၎င်းတို့၏ ရပိုင်ခွင့်များအား ကာကွယ်ရန်အတွက် Special and Differential Treatment (S&DT) ရရှိရေး အပြင်းအထန်ကြိုးစားနေသည့်အတွက် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရှိရပါ သည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးက ပြောကြားရာ၌ အာဖရိကနှင့် အိန္ဒိယတို့သည် ၎င်းတို့၏ ဈေးကွက်များအား ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအတွက် လမ်းဖွင့်ပေးထားပြီး ယင်းအတွက်ကြောင့် အချို့သောနိုင်ငံများမှာ အကျိုးကျေးဇူးများစွာ ရရှိခံစားနေရကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းလူဦးရေအား အခြားနိုင်ငံများအတွက် ဈေးကွက်အဖြစ် ဖွင့်ပေးထားခဲ့ပြီးဖြစ်ကာ ယခုအခါတွင်မူ မိမိတို့ အနေဖြင့် ၎င်းတို့ထံမှယင်းသို့သော အကျိုးကျေးဇူးကို ပြန်လည်ရရှိခံစားသင့်သည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယသည် WTO's mini ministerial meet ကျင်းပရန် စီစဉ်နေသည့်အပြင် Multilateral trade watchdog ပြန်လည်ဖွဲ့စည်းရေး အဆိုပြုလွှာတစ်စောင်ကိုလည်း အပြီးသတ်တင်ပြရန် ဆောင်ရွက်နေကြောင်း သိရှိ ရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**



## တရုတ်သို့ သကြားတင်ပို့ခွင့်ခွဲတမ်းကို ပါကစ္စတန်က အိန္ဒိယထက်စော၍ရရှိ

အိန္ဒိယကုန်သည်များ၏ အဆိုအရ ယခုအခါ ပါကစ္စတန်နိုင်ငံသည် တရုတ်သို့ သကြားတန်ချိန် သုံးသိန်း တင်ပို့ခွင့်ခွဲတမ်းကို အိန္ဒိယထက်စော၍ ရရှိခဲ့ပြီဖြစ်ကြောင်း၊ အိန္ဒိယအနေဖြင့်မူ တရုတ်မှ ခွဲတမ်းရရှိရေး ကာလရှည်ကြာစွာ စောင့်ဆိုင်းနေရဆဲဖြစ်သည်ဟု National Federation of Cooperative Sugar Factories ၏ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ Prakash Naik-navare က ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် တရုတ်သို့ သကြားအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့နိုင်ရေး အင်တိုက်အားတိုက်ကြိုးပမ်းနေရာ ၂၀၁၈ ခုနှစ် ဇွန်လကလည်း ဘေဂျင်းရှိ အိန္ဒိယသံရုံးက တရုတ်သို့ အိန္ဒိယသကြားများ တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တရုတ်နိုင်ငံ၏ သကြားလုပ်ငန်းကဏ္ဍတွင် အဓိကကျသည့် ကုမ္ပဏီ ၂၅ ခု တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီ၊ သကြားလုပ်ငန်း အဖွဲ့အစည်းနှင့် COFCO Sugar တို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ် ဧပြီလက ဝန်ကြီးချုပ်မိုဒီ၏ တရုတ်ခရီးစဉ်တွင်လည်း တရုတ်သို့ အိန္ဒိယသကြားများ တင်ပို့နိုင်ရေး သမ္မတရှီကျင့်ဖျင်နှင့် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

မတ် ၇ ရက်ထိ စာရင်းများအရ အိန္ဒိယကုန်သည်များသည် ယခုနှစ်ရာသီအတွင်း ပြည်ပသို့သကြားတင်ပို့ရန် တန်ချိန် ၂ ဒသမ ၂ သန်းခန့်အထိ စာချုပ် ချုပ်ဆိုထားပြီးဖြစ်ကြောင်း၊ အကယ်၍ လက်ရှိရာသီအတွင်း တရုတ်ဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိပါက အိန္ဒိယ၏ သကြားပို့ကုန်ပမာဏစုစုပေါင်းမှာ တန်ချိန်သုံးသန်းထိသာ ရှိနိုင်သည်ဟု တာဝန်ရှိသူများက ပြောကြားထားကြောင်း၊ ပြည်နယ်အလိုက် သကြားတင်ပို့မှုအနေဖြင့် Maharashtra ပြည်နယ်မှ တန်ချိန်ရှစ်သိန်း၊ Uttar Pradesh ပြည်နယ်မှ တန်ချိန်သုံးသိန်းနှင့် Karnataka ပြည်နယ်မှ တန်ချိန်သုံးသိန်းတို့ အသီးသီးဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

Beat Plastic Pollution
**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**